ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်၊ တနင်္လာနေ့ (30-6-2014) (၇၈၈၇)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မိုးရွာသွန်းမှု

၂၉-၆-၂၀၁၄

မောင်တော	၇	ဒသမ	၄၀	လက်မ
ကျိုက္ကမီ	၃	ဒသမ	၆၂	လက်မ
ကျောက်တော်	၂	ဒသမ	၁၃	လက်မ
မြောက်ဦး	၂	ဒသမ	၀၉	လက်မ
ချောင်းဆုံ	၂	ဒသမ	၀၅	လက်မ
ပလက်ဝ	၁	ဒသမ	၇၇	လက်မ
နေပြည်တော် (ပျဉ်းမနား)	၁	ဒသမ	၇၃	လက်မ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် နှစ်(၆၀)ပြည့် အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြပွဲ တက်ရောက်

ပေကျင်း ဇွန် ၂၉

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တရုတ်နိုင်ငံ ဒုတိယသမ္မတ မစ္စတာလီယွမ်ချောင်(Mr.Li Yuan Chao)၊ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ မိုဟာမက်ဟာမစ်အန်ဆာရီတို့နှင့်အတူ ယနေ့ နံနက် ၁၁ နာရီတွင် ပေကျင်းမြို့ရှိ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ ဖန်ဖေယွမ်း ဧည့်ခန်းမ၌ ကျင်းပသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် နှစ်(၆၀)ပြည့် အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တရုတ်-မြန်မာ-အိန္ဒိယ သုံးနိုင်ငံခေါင်းဆောင်များသည် ပြပွဲခန်းမအတွင်း ခင်းကျင်းပြသထားသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ဖြစ်ပေါ်လာပုံ သမိုင်းမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု လေ့လာကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။**(အောက်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မှတ်သုံလေ အားကောင်းနေမည်။

ခိုလမ်မြို့နယ်ခွဲ၌ မြန်မာ့စီးပွားရေးဘဏ်ခွဲဖွင့်လှစ်၍ ဒေသခံများဝမ်းသာပျော်ရွှင်

ခိုလမ် ဇွန် ၂၉

လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ခိုလမ်မြို့နယ်ခွဲ၌ မြန်မာ့စီးပွားရေးဘဏ်ခွဲဖွင့်ပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက အဆိုပါရုံးအဆောက်အအုံသစ်၌ ကျင်းပသည်။

ခိုလမ်မြို့နယ်ခွဲတွင် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များဖြင့် စည်ကားလျက်ရှိပြီး တောင်ကြီး-လွိုင်လင်-နမ့်စန်-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး အဝေးပြေးယာဉ် ရပ်နားရာနေရာဖြစ်သဖြင့် မြို့ကြီးနှင့်မခြား စည်ကားလျက်ရှိသည်။ ခိုလမ်မြို့နယ်ခွဲရှိ တပ်မတော်သား စစ်မှုထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၏ လစာစရိတ်ချီးမြှင့်ငွေများကို ခိုလမ်မြို့နယ်ခွဲနှင့် အနောက်ဘက် ၃၂ မိုင်ခန့်ကွာဝေးသည့် နမ့်စန်မြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင်လည်းကောင်း၊ ခိုလမ်မြို့နယ်ခွဲ၏ အရှေ့ဘက် ၃၄ မိုင်ခန့်ကွာဝေးသည့် ကွန်ဟိန်းမြို့နယ်ဘဏ်ခွဲတွင်လည်းကောင်း သွားရောက်ထုတ်ယူကြရသည်။ ခိုလမ်မြို့နယ်ခွဲတွင် တာဝန်ထမ်းဆောင်ကြသည့် စစ်မှုထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံပြည်သူတို့နှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တောင်းဆိုချက်များအရ ခိုလမ်မြို့နယ်ခွဲတွင် မြန်မာ့စီးပွားရေးဘဏ်ခွဲကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

ခိုလမ်ဘဏ်ခွဲကို ဇူလိုင် ၁ ရက်မှစတင်၍ ဘဏ်လုပ်ထုံးလုပ်နည်းများ၊ ဘဏ်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးတော့မည်ဖြစ်၍ ဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များက ငွေကြေးလည်ပတ်မှုလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်တော့မည်ဖြစ်၍ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

ကြေးမုံ စာတည်းရှုထောင့် ၁၀-၆-၂၀၁၄၊ တနင်္လာနေ့

လူသားအားလုံး၏ဆန္ဒ

ကျွန်ုပ်တို့ ပြည်ထောင်စုကြီးအတွင်းမှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားပြည်သူအပေါင်းတို့၏ တူညီသောဆန္ဒမှာ အချုပ်အခြာအာဏာ ပိုင်စိုးသော နိုင်ငံအတွင်း တန်းတူညီမျှအတူတကွ အေးချမ်းသာယာစွာဖြင့် စုပေါင်းနေထိုင်ကြပြီး လူမှုစီးပွား ဘဝဖွံ့ဖြိုး တိုးတက်စေလိုသော ဆန္ဒများ ရှိကြပါသည်။

ကမ္ဘာ့ပြည်သူအားလုံး၏ဆန္ဒမှာ လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက် စစ်အေးတိုက်ပွဲစတင်သည့် ကာလကတည်းက မြန်မာပြည်သူပြည်သားများ ဖော်ပြပါဆန္ဒများအတိုင်း ရှိခဲ့ကြပါသည်။ ထိုစဉ်ကာလက အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများသည် လွတ်မြောက်ရေးလှုပ်ရှားမှုများနှင့် လွတ်လပ်ရေးရရှိရန်အတွက် ရုန်းကန်လှုပ်ရှားနေဆဲ ဖြစ်ပါသည်။

ထိုစဉ်အချိန်ကာလကတည်းက လွတ်လပ်ရေးရခါစနိုင်ငံများ၏ အတူညီဆုံးနှင့် ပြင်းပြလှသည့်ဆန္ဒများမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိပြီး အမျိုးသားအချုပ်အခြာအာဏာကို သာတူညီမျှနှင့် အပြန်အလှန်လေးစားမှုရှိသည့် နိုင်ငံတကာဆက်ဆံရေးပုံစံသစ် တည်ဆောက်လိုကြခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ နိုင်ငံအပါအဝင် လွတ်လပ်ရေးရပြီးစနိုင်ငံများ၏ ဖော်ပြပါ ပြင်းပြတူညီသည့် မျှော်မှန်းချက်များကိုတုံ့ပြန်သောအားဖြင့် ကျွန်ုပ်တို့နိုင်ငံ၏ ခေါင်းဆောင်များအပါအဝင် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံမှ ခေါင်းဆောင်များက ပြည်သူများ၏ဆန္ဒနှင့်အညီ ထူးကဲသည့်မဟာဗျူဟာမြောက် အမြင်များကို ချမှတ်ပေးနိုင်ခဲ့သည်။

ယခု နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အခြေခံစံနှုန်းနှင့် လမ်းညွှန်ချက် စည်းမျဉ်းစည်းကမ်းအဖြစ် လက်ခံထားသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်သည် ကမ္ဘာ့ပြည်သူအားလုံးမျှော်လင့်ထားသည့် ဆန္ဒများ ဖြစ်ပါသည်။ ပြည်သူများ၏ဆန္ဒကို ဖြည့်ဆည်းသောအားဖြင့် စတင်အဆိုပြုသည့် သမိုင်းဝင်သောဆုံးဖြတ်ချက်ကို မြန်မာ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ခေါင်းဆောင်များက ရဲဝံ့စွာဆုံးဖြတ်ချမှတ်ခဲ့ပါသည်။

ထိုသို့ဆုံးဖြတ်ချက်ချမှတ်ပြီး နှစ်ပေါင်းများစွာတိုင်အောင် ကျွန်ုပ်တို့ ဒေသတွင်းနိုင်ငံများနှင့်ပြည်သူများ၏ အတူတကွ အေးချမ်းစွာရပ်တည်နေထိုင်နိုင်ခြင်းမှာ နိုင်ငံ့ခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားစွာဖြင့် ရဲဝံ့စွာ အစဉ်အဆက် လုပ်ဆောင်နိုင်မှုများကြောင့်ဖြစ်ပါသည်။

ယင်းနှင့်ပတ်သက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက “မိမိတို့၏ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို တစိုက်မတ်မတ်ကျင့်သုံးခြင်းကြောင့် ရရှိခဲ့သည့်အောင်မြင်မှုများကို ပြန်လည်သုံးသပ်ကြည့်ခြင်းဖြင့် မူကြီး(၅)ရပ်အပေါ် မိမိတို့၏ယုံကြည်မှုများကို ပိုမိုဖြစ်စေပါကြောင်း” ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ထူးခြားချက်မှာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ချမှတ်ခဲ့သည့် ယခု နှစ်(၆၀)ပြည့်အခါသမယတွင် ထိုမူကိုချမှတ်ရာတွင်ပါဝင်ခဲ့သော မြန်မာနိုင်ငံကလည်း အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေသည့် ကာလဖြစ်ရာ ထိုမူကြီးများအတိုင်း ဆက်လက်ထမ်းဆောင်နေခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံခေါင်းဆောင်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နှင့် အိန္ဒိယအပါအဝင် ဆွေးနွေးဖက်နိုင်ငံများအကြား လုံခြုံမှု၊ စုစည်းခိုင်မာမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယခုကျင်းပခဲ့သော အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြသည့် နိုင်ငံ့ခေါင်းဆောင်များက ခိုင်ခိုင်မာမာ ယုံကြည်လက်ခံထားကြသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံအားလုံးနှင့် ကောင်းမွန်ပြီး ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းသွားမည်ဖြစ်သကဲ့သို့ ကောင်းမွန်သော အိမ်နီးချင်းကောင်းဆက်ဆံရေးကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။ နှစ်နိုင်ငံဒေသတွင်းအဆင့် ပိုမိုနီးကပ်သောဆက်ဆံရေးဖြင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အကျိုးအမြတ်ဖြစ်ထွန်းရေးတို့ကို တက်ကြွစွာဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ကို မြင်တွေ့နေရပါသည်။

အိမ်နီးချင်းမိတ်ဆွေနိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသောကဏ္ဍတွင် ရှိနေသကဲ့သို့ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ်လည်း ဆက်လက်ရပ်တည်နေမည်ဟု ယုံကြည်ထားကြသည်။

ထို့ကြောင့် ပြည်သူများ၏ဆန္ဒဖြစ်သည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကမ္ဘာတစ်ဝန်းငြိမ်းချမ်းရေးတို့အတွက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို ကမ္ဘာလုံးဆိုင်ရာစံတစ်ခုအဖြစ် ဆက်လက်ထိန်းသိမ်းမြှင့်တင်ကျင့်သုံးကြလိမ့်မည်ဟု ယုံကြည်ထားပါသည်။ ။

အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ)၏ အမှတ်စဉ်(၅)သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၂၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇွန် ၂၇ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ်(၃)စက်မှုသင်တန်းကျောင်း (သာဂရ)၏ အမှတ်စဉ်(၅) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ပြီးအမှာစကားပြောကြားရာတွင် စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုကဏ္ဍဆိုင်ရာ မူဝါဒ(၄)ရပ် ရေးဆွဲထားရှိပြီး ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ “ကျွမ်းကျင်လုပ်သားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံတကာအဆင့်မီ အရည်အချင်းရှိသူများဖြစ်သည်အထိ လေ့ကျင့်ပျိုးထောင်ပေးခြင်း”ဆိုသည့် လုပ်ငန်းစဉ်တစ်ရပ်ပါဝင်သကဲ့သို့ “နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွန်းလုပ်ကိုင်ခွင့်ရရှိစေရန်အတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ရမည်”ဆိုသည့် ရည်မှန်းချက်တာဝန်တစ်ရပ်ကိုလည်း ထည့်သွင်းရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမှတ်(၃) စက်မှုသင်တန်းကျောင်း(သာဂရ) သည် နိုင်ငံတော်အတွက် စက်မှုအခြေခံကောင်းများ လေ့ကျင့်မွေးထုတ်ပေးရာ ဘူမိနက်သန်အောင်မြေတစ်ခုဖြစ်ပါကြောင်း၊ အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ)အနေဖြင့် စက်မှုသင်တန်းအမှတ်စဉ်(၁)မှ (၄)အထိ သင်တန်းသား ၂၉၈ ဦးနှင့် သင်တန်း သူ ၁၆၁ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၄၅၉ ဦးကို အောင်မြင်စွာ မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ သင်တန်းအမှတ်စဉ်(၅)မှလည်း သင်တန်းသား ၈၈ ဦးနှင့် သင်တန်းသူ ၅၇ ဦး စုစုပေါင်း ၁၄၅ ဦးကို ထပ်မံမွေးထုတ်ပေးလိုက်နိုင်ပြီဖြစ်၍ သင်တန်းဆင်းလူငယ်များအနေဖြင့် သင်တန်းကျောင်းက သင်ကြားပေးလိုက်သော ကျွမ်းကျင်မှုများဖြင့် တင်းတိမ်မနေဘဲ ပညာရပ်များကို ဆက်လက်ဆည်းပူးကြရန်၊ Continuous Learning Society တွင် မိမိကိုယ်တိုင်က အစဉ်လေ့လာသင်ယူသူ၊ လေ့လာသင်ယူမှုကို မြတ်နိုးတန်ဖိုးထားသူ (Life Long Learner)များဖြစ်အောင် လေ့ကျင့်သွားကြရန် ပြောကြားသည်။

ထို့နောက် စံပြဆုရ သင်တန်းသားကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ဘာသာရပ်အလိုက်ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများကို ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့ကလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို ကျောင်းအုပ်ကြီးကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြပြီး၊ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ၏ လက်တွေ့တီထွင်ပြသမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၄)အကြီးစားစက်ရုံ၏ အစည်းအဝေးခန်းမ၌ အမှတ်(၁၄)အကြီးစားစက်ရုံ(သာဂရ)၊ အမှတ်(၁၅)အကြီးစားစက်ရုံ (သာဂရ)နှင့် အမှတ်(၂၆)အကြီးစားစက်ရုံ (သာဂရ)တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စက်ရုံများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

စက်မှုဝန်ကြီးဌာန အမှတ်(၁၄)အကြီးစားစက်ရုံ(သာဂရ)အနေဖြင့် မီးရထားခေါင်းတွဲကြီးများတွင် အသုံးပြုသည့် 16V170ZC အင်ဂျင်ကြီးများ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ မီးရထားခေါင်းတွဲ (ရှန်တိန်)များ၊ ရေယာဉ်ကြီးများတွင် အသုံးပြုသည့် 12V128ZC အင်ဂျင်များ၊ အကြီးစားကုန်တင်ယာဉ်များ၊ ဘတ်စ်ကားများ၊ ရေယာဉ်ငယ်များ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်ယန္တရားများ၊ ကျောက်ခွဲစက်များနှင့် တွင်းတူးစက်များတွင် အသုံးပြုသည့် 6V128ZC နှင့် 8V128ZC အင်ဂျင်များကို ထုတ်လုပ်လျက်ရှိပြီး အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ)အနေဖြင့် မြေထိုးစက် (Bulldozer)၊ မြေတူးစက် (Excavator)၊ အသေးစားမြေတူးစက် (Mini Excavator)၊ တုန်ခါလမ်းကြိတ်စက်(Vibratory Soil Compactor)နှင့် သယ်ပို့ဝန်ချီစက်(Forklift)များကို ထုတ်လုပ်ပေးလျက်ရှိသည်။ အမှတ်(၂၆) အကြီးစားစက်ရုံ(သာဂရ)မှ Turbine၊ Generator နှင့် Mini Hydro Turbine များ၊ စပါးခွံလောင်စာသုံး ဇီဝဓာတ်ငွေ့ထုတ် Gasifier များကို ဈေးကွက်လိုအပ်ချက်များနှင့်အညီ ထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း ၁၀-၆-၂၀၁၄

၅း၀၀	ပဌာန်းပါဠိတော်+ရတနသုတ်၊
၅း၂၀	MRTV-4 သတင်း
၅း၄၀	“ပဋ္ဌိစ္စသမုပ္ပါဒ်အခြေခံသင်တန်း” (အပိုင်း-၅) တရားတော် [ဆရာတော် အရှင်ဝေပုလ္လ]
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိန်းမသားလေးကျွန်မ” (အပိုင်း-၃၄)
၇း၅၀	ဓမ္မပါလ-ဓမ္မမိသားစုများ ဆုံဆည်းပွဲနှင့် မွေးနေ့အလှူပွဲ
၁၂း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာနန်းတော်” (အပိုင်း-၁၄)
၁၂း၄၀	အံ့ဖွယ်ထူးခြား မြေလတ်ဒေသဆီမှ ဘုရားများ
၁း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သားတို့အိမ်ကလေး”(အပိုင်း- ၉၄)
၁း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာနန်းတော်” (အပိုင်း- ၁၅)
၃း၀၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၄၅	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (စံပယ်ဖြူအလှဆင်ပန်း)

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ အဆင့်မြှင့်တင်နိုင်ရန် နိုင်ငံ့ဘဏ္ဍာများ တိုးမြှင့်သုံးစွဲခဲ့

နေပြည်တော် ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သစွေးအခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင်ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အထက်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက အခြေခံပညာအထက်တန်းကျောင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် သစွေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် အခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် ဆင်းရဲမှုတိုက်ဖျက်ရေးကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေရှည်စီမံချက်အနေဖြင့် ပြည်သူတို့၏ ပညာရေးနှင့် ကျန်းမာရေးကို အဆင့်မြှင့်တင်ပေးမည်ဆိုလျှင် ဆင်းရဲခြင်းသည် အလိုအလျောက်လျော့နည်းပပျောက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန် ပညာရေးနှင့်ကျန်းမာရေးသည် အဓိကလိုအပ်ပါကြောင်း၊ ပညာရေးဟုဆိုရာတွင် ဘဝများကို ထိန်းကျောင်းပေးသည့် စာသင်ကျောင်းများသည် အရေးကြီးပါကြောင်း။

ပညာဆိုသည်မှာ အမှားအမှန်ကို ပိုင်းခြားဝေဖန်တတ်ခြင်းဖြစ်ပါကြောင်း၊ ပညာတတ်မှသာလျှင် ကြီးပွားချမ်းသာခြင်းဟူသည့် ဘဝတက်လမ်းများနှင့်အတူ ဗလငါးတန်နှင့်ပြည့်စုံပြီး မိမိကိုယ်မိမိ ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း။

ကျန်းမာရေးဟုဆိုရာတွင် ကျောင်းကျန်းမာရေးသည်လည်း အဓိကအရေးပါသည့်အတွက် သန့်ရှင်းသည့်သောက်သုံးရေရရှိရေး၊ ယင်လုံအိမ်သာ အသုံးပြုရေးတို့အပြင် ကျန်းမာရေးအသိပညာများရှိရန် လိုအပ်ပြီး ကျန်းမာအောင် နေထိုင်တတ်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ကျောင်းများရှိ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးကောင်းမွန်စေရန် ဆရာဆရာမများသည် မိဘများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်းစီမံဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲလျက်ရှိပါကြောင်း။

ဒီမိုကရေစီစနစ်ထူထောင်ရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရန်၊ အသိပညာ၊ အတတ်ပညာကြွယ်ဝသည့်နိုင်ငံသားများဖြစ်ရန် လိုအပ်ပြီး ဆင်းရဲမှုပပျောက်၍ သင့်တင့်သည့် ဝင်ငွေ၊ သင့်တင့်သည့် လူမှုအဆင့်အတန်းရှိရန် လိုအပ်ပါကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ အဆင့်မြှင့်တင်နိုင်ရန် နိုင်ငံ့ဘဏ္ဍာများကို တိုးမြှင့်သုံးစွဲခဲ့ပါကြောင်း၊ "ပညာသမာ အာဘာနတ္ထိ" ပညာနှင့်တူသောအရာသည် မရှိဟူသည့်အတိုင်း ပညာတတ်ပညာရှိများပိုမိုပေါ်ပေါက်ထွန်းတောက်ပါစေဟု ပြောကြားသည်။

အဆိုပါ သစွေးအထက်တန်းကျောင်းသည် ၁၉၅၂ ခုနှစ်ကတည်းက အခြေခံပညာမူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် တွဲဖက်အခြေခံပညာအထက်တန်းကျောင်းခွဲဖွင့်လှစ်ခဲ့သည်မှစတင်၍ နှစ်စဉ် တက္ကသိုလ်ဝင်တန်းအောင်ချက်များတွင် မြို့နယ်အဆင့် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိကာ ကျောင်းသား ကျောင်းသူ ၉၆၄ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရွှေဒါး အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ရာ အခြေခံပညာအထက်တန်းကျောင်းဆိုင်းဘုတ်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်နှင့် ကျောင်းအကျိုးတော်ဆောင်တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျောင်းအဆင့်တိုးမြှင့်ခြင်းအခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မိမိသည်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည်နှင့်အညီ အခြားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်း၍ ပညာရေးမြှင့်တင်မှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မိဘများ၏ အားပေးမှု၊ စိတ်အားထက်သန်မှုများကို မြင်တွေ့ရ၍များစွာ အားရကျေနပ်မိပါကြောင်း။

ထို့ပြင် ကျန်းမာရေးအသိပညာဗဟုသုတများရှိရန် လိုအပ်ပြီးကာကွယ်ဆေးထိုးခြင်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း ကျောင်းကျန်းမာရေးဌာနအနေဖြင့် ဆရာဆရာမများ၊ ကျောင်းသားမိဘများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုအဆင့်တိုးမြှင့်ခဲ့သည့် ရွှေဒါး အခြေခံပညာအထက်တန်းကျောင်းသည် လွတ်လပ်ရေးမရမီ ၁၉၄၃ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် တွဲဖက်အခြေခံပညာအထက်တန်းကျောင်းအဆင့်မှ ယခု ၂၀၁၄ ခုနှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ကျောင်းသား ကျောင်းသူ ၁၀၈၇ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ယင်းနောက်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်ရှိ မှန်နန်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ရောက်ရှိပြီး ပဓာနနာယက ဆရာတော်ဦးကိတ္တိသာရထံသို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ နှင့် အမျိုးသားလွှတ်တော်မှလှူဒါန်းသည့် စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန် ဆွေးနွေး

နေပြည်တော် ဇွန် ၂၉

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၏ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ ကဏ္ဍတိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့အစည်းအဝေးကို ဇွန် ၂၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန(တောင်ပိုင်း)ရုံးခွဲတွင် ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးတို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ ဦးထင်အောင်၊ ဒေါက်တာပွင့်ဆန်းနှင့် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် Testint Centre များ ဖွင့်လှစ်သွားနိုင်ရေး၊ Regional အလိုက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးနှင့် ဆွေးနွေးပွဲရလဒ်များကို အကောင်အထည်ဖော်ရာတွင် Result Base ဖြစ်ရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက Vocational Education System အောက်မှ သက်ဆိုင်ရာ အထက်တန်းအောင်မြင်သူများ တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်နိုင်ရေးနှင့် သင်တန်းများဖွင့်လှစ်ရေးဆိုင်ရာကိစ္စရပ်များ ဥပဒေရေးဆွဲရာတွင် ပါဝင်ရန်လိုအပ်ပါကြောင်း၊ လက်တွေ့ကျသောလုပ်ငန်းများနှင့် အနီးစပ်ဆုံးဖြစ်အောင် လုပ်ဆောင်ထားရန် လိုအပ်ပါကြောင်းနှင့် Vocational Training Centre များနှင့် Technical Teacher Training များ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသော ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက TVET Mobile Team နှင့် Testing Centre များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများအား ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်ပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

သဲကုန်း ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် ဇွန် ၂၈ ရက် နံနက် ၇ နာရီက "မြန်မာအမျိုးသမီးများနေ့" ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဝေနှင့်အဖွဲ့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ နံနက် ၈ နာရီတွင် သဲကုန်းမြို့ ရပ်ကွက်(၄) ရွှေကြို့ပင်ရွာအနီး၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စုစုပေါင်းအင်အား ၁၅၀ ခန့်က ကျွန်းပင် ၆၅၀၊ ယူကလစ်ပင် ၆၀၀ မဟော်ဂနီပင် ၁၀၀၊ ရေတမာပင် ၅၀ စုစုပေါင်း ၁၄၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်ခတ်

ဆိုးလ် ဇွန် ၂၉

မြောက်ကိုရီးယားနိုင်ငံက ၎င်းနိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းဒေသမှ ပင်လယ်ပြင်အတွင်းသို့ ဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း သတင်းများရရှိသည်ဟု တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနမှ ဇွန် ၂၉ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ယင်းသတင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များပြောကြားရန် ငြင်းဆိုသော်လည်း တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာန၏ ထုတ်ပြန်ချက်၌ မြောက်ကိုရီးယားနိုင်ငံက စမ်းသပ်ပစ်ခတ်သောဒုံးကျည်မှာ စကတ်အမျိုးအစားဖြစ်ပြီး ကီလိုမီတာ ၅၀၀ (မိုင် ၃၁၀) အကွာအဝေးထိ ပစ်ခတ်နိုင်သောဒုံးကျည်ဖြစ်ကြောင်း ဖော်ပြသည်။

ယခုရက်ပိုင်းအတွင်း မြင်သာထင်သာရှိသော ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုအပြီး ၎င်းတို့အနေဖြင့် ပစ်မှတ်တိကျသော ပဲ့ထိန်းစနစ်ပါ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှု အောင်မြင်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ စစ်ဘက်ဆိုင်ရာစွမ်းရည် မြှင့်တင်မှုပြုလုပ်ရန် ရည်ရွယ်၍ မကြာခဏဆိုသလိုပင် ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုများ ပြုလုပ်လေ့ရှိသည်။

မြောက်ကိုရီးယားနိုင်ငံ၏ အဏုမြူလက်နက် အစီအစဉ်နှင့် ပတ်သက်၍ တရုတ် သမ္မတ ရှီကျင့်ဖျင်နှင့် တောင်ကိုရီးယား တာဝန်ရှိသူတို့အကြား ဆွေးနွေးမှုများမပြုမီ ရက်များအတွင်း မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်ခတ်မှုသတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ တာဝေးပစ်ဒုံးလက်နက်များ စမ်းသပ်ပစ်ခတ်မှုနှင့် အဏုမြူလက်နက်အစီအစဉ်များ လုပ်ဆောင်နေမှုကြောင့် ကုလသမဂ္ဂအဖွဲ့မှ ဦးဆောင်ချမှတ်သည့် ကန့်သတ်ဒဏ်ခတ်မှုများကိုလည်း ခံနေရလျက်ရှိသည်။

ဘီဘီစီ။

အိန္ဒိယနိုင်ငံတောင်ပိုင်း ချန်နိုင်းမြို့တွင် ၁၁ ထပ်အဆောက်အအုံပြိုကျ၊ ကိုးဦးသေဆုံး

နယူးဒေလီ ဇွန် ၂၉

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ် ချန်နိုင်းမြို့တွင် ဆောက်လုပ်ဆဲ ၁၁ ထပ်အဆောက်အအုံတစ်လုံးသည် ဇွန် ၂၈ ရက် ညနေ ၆ နာရီကပြိုကျခဲ့ရာ အပျက်အစီးများအောက်တွင် လူ ၄၀ ခန့်ပိတ်မိနေပြီး ကိုးဦးသေဆုံးကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ဇွန် ၂၉ ရက်တွင် ပြောကြားသည်။

ယင်းမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ဆောက်လုပ်ဆဲအဆောက်အအုံ ပြိုကျသွားခြင်းဖြစ်ကြောင်း ကယ်ဆယ်ရေးအသင်း ၁၀ သင်းရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ မီးသတ်ကား ၁၂ စီးနှင့် လူနာတင်ယာဉ်များဖြင့် ကယ်ဆယ်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း ပြောကြားသည်။

တိုက်အပြိုအပျက်များအောက်မှ လူ ၂၀ ကျော်ကို အသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့ပြီး ကိုးဦးသေဆုံးကြောင်း၊ ဒဏ်ရာရရှိသွားသူများကို နီးစပ်ရာဆေးရုံသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း၊ ယင်းအဆောက်အအုံတွင် ဝင်ရောက်လုပ်ကိုင်နေသူ အလုပ်သမားများမှာ အင်ဒယာပရာဒေ့ရှ်နှင့် တမီလ်နာဒူးပြည်နယ်တောင်ပိုင်းမှဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆင်ဟွာ။

အိန္ဒိယနိုင်ငံတောင်ပိုင်း ချန်နိုင်းမြို့မှ တည်ဆောက်ဆဲ ၁၁ ထပ် အဆောက်အအုံ ပြိုကျပျက်စီးမှုအား ရှင်းလင်းနေစဉ်။

တီကရစ်မြို့ ပြန်လည်သိမ်းပိုက်ရေးထိုးစစ်တွင် အီရတ်အစိုးရတပ်ဖွဲ့မှ သံချပ်ကာယာဉ်များကို တွေ့ရစဉ်။

တီကရစ်ကို ထိုးစစ်ဆင်နေသော အစိုးရတပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာဟုဆို

ဘဂ္ဂဒက် ဇွန် ၂၉

ဆွန်နီစစ်သွေးကြွ သူပုန်တပ်ဖွဲ့များ လက်အောက်ကျရောက်နေသည့် အီရတ်နိုင်ငံမြောက်ပိုင်းမှ တီကရစ်မြို့အား ပြန်လည်သိမ်းယူနိုင်ရေးအတွက် ထိုးစစ်ဆင်တိုက်ခိုက်နေသည့် အီရတ်အစိုးရတပ်ဖွဲ့များသည် ယင်းမြို့အနီးတွင် ပြင်းထန်သောတိုက်ပွဲများ ဖြစ်ပွားပြီးနောက် ပြန်လည်ဆုတ်ခွာခဲ့ကြောင်း ဒေသခံသတင်းမီဒီယာများက ဖော်ပြသည်။

တီကရစ်မြို့အား ပြန်လည်သိမ်းယူရေးအတွက် အီရတ်အစိုးရတပ်ဖွဲ့များက ဇွန် ၂၈ ရက်တွင် တိုက်ခိုက်မှုများစတင်ခဲ့ပြီး အီရတ်တပ်ဖွဲ့များတွင် တင့်ကားများနှင့် သံချပ်ကာယာဉ်များ ပါဝင်ခဲ့ပြီး လေကြောင်းမှလည်း ပစ်ခတ်မှုများပြုလုပ်ခဲ့သည်။

ယင်းတိုက်ပွဲများတွင် ဆွန်နီသူပုန်များနှင့် အီရတ်အစိုးရတပ်ဖွဲ့ဝင်များ နှစ်ဖက်စလုံး ထိခိုက်ဆုံးရှုံးမှုများရှိခဲ့ပြီး အီရတ်အစိုးရတပ်ဖွဲ့များက တီကရစ်မြို့တောင်ဘက် ၂၅ မိုင်ခန့်အကွာ ဒီဂျလာဟိုသို့ပြန်လည်ဆုတ်ခွာခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဆွန်နီစစ်သွေးကြွလက်နက်ကိုင်များက အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကြီးမားကျယ်ပြန့်သောဒေသကို သိမ်းယူထားပြီး တီကရစ်မြို့မှာ ဇွန် ၁၁ ရက်ကပင် ၎င်းတို့သိမ်းယူမှုအောက် ကျရောက်ခဲ့ရသည်။

ဇွန် ၂၈ ရက်တွင် အဆိုပါမြို့အား ထိန်းချုပ်နိုင်ရေးအတွက် အီရတ်အစိုးရတပ်ဖွဲ့ဝင်များနှင့် ဆွန်နီလက်နက်ကိုင်အဖွဲ့အကြား ပြင်းထန်သောတိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

ယင်းတိုက်ပွဲများ ဖြစ်ပွားစဉ်အတွင်း အီရတ်နိုင်ငံတွင် အစ္စလာမ့်သမ္မတနိုင်ငံ ထူထောင်နိုင်ရေးအတွက် ဦးဆောင်တိုက်ပွဲဝင်နေသည့် အိုင်အက်စ်အိုင်အက်စ်တပ်ဖွဲ့ဝင်များက အီရတ် စစ်ဘက်ရဟတ်ယာဉ်တစ်စင်းအား ပစ်ချခဲ့ပြီး လေသူရဲများကို ထိန်းသိမ်းထားကြောင်း သတင်းများ ထွက်ပေါ်နေသည်။

ဘီဘီစီ။

ရုရှားကျွမ်းကျင်သူများ အီရတ်နိုင်ငံသို့ ရောက်ရှိ

ဘဂ္ဂဒက် ဇွန် ၂၉

ရုရှားကျွမ်းကျင်သူများသည် အီရတ်နိုင်ငံသို့ ရောက်ရှိလာပြီဖြစ်ကြောင်း အီရတ်အစိုးရ တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အစွန်းရောက် ဆွန်နီ စစ်သွေးကြွများကို တိုက်ခိုက်ရန် ဘဂ္ဂဒက်က မော်စကိုမှ ရရှိထားသော စစ်လေယာဉ်၁၂စင်းနှင့် ပတ်သက်၍ ၎င်းတို့က အကူအညီပေးကြမည်ဖြစ်သည်။

အီရတ်က ဤသို့ ရုရှားအစိုးရနှင့် ဆက်သွယ်လိုက်ခြင်းသည် အမေရိကန်ပြည်ထောင်စုကို သွယ်ဝိုက်သောနည်းဖြင့် အပြစ်တင်လိုက်ခြင်း ဖြစ်သည်ဟုဆိုသည်။

အချိန်ဆွဲထား

အီရတ်ဝန်ကြီးချုပ် နူရီကာမောလ်အဲလ်-မာလီကီအစိုးရ၏ နိုင်ငံရေး ရှေ့အလားအလာအပေါ် စိုးရိမ်မကင်းဖြစ်သည့်အတွက် ခေတ်မီဂျက်တိုက်လေယာဉ်များနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များ ဘဂ္ဂဒက်သို့ရောင်းချရေးကို ကွန်ဂရက်က အချိန်ဆွဲထားခဲ့သည်။ လာမည့်သုံးရက်၊ လေးရက်အတွင်း၌ အိုင်အက်စ်အိုင်အက်စ် စစ်သွေးကြွများအား တိုက်ခိုက်နေသော အစိုးရတပ်ဖွဲ့များကို အကူအညီပေးရန်အတွက် ရုရှားစစ်လေယာဉ်များကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း အီရတ်လေတပ်၏ တပ်မှူး ဗိုလ်ချုပ်ကြီး အန်ဝါဟာမာအေမင်က ပြောသည်။

မျှော်လင့်ရ

စနေနေ့ညတွင် အီရတ်နိုင်ငံသို့ ရုရှား၏ အက်စ်ယူ ၂၅ လေယာဉ်ငါးစင်းရောက်ရှိလာခဲ့ခြင်းကို ၎င်းကရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။ တနင်္ဂနွေနေ့နှောင်းပိုင်းတွင် နောက်ထပ် နှစ်စင်းရောက်မည်ဟု မျှော်လင့်ရသည်။

ရုရှားစစ်ဘက်မှ ကျွမ်းကျင်သူများသည် လေယာဉ်များတပ်ဆင်ရာတွင် အကူအညီပေးရန်ရောက်ရှိ လာကြခြင်းဖြစ်ပြီး ၎င်းတို့သည် အချိန်ကြာမြင့်စွာနေကြမည်မဟုတ်ဟုဆိုသည်။

ဤသည်မှာ အီရတ်နိုင်ငံကို ရုရှားက ပထမဆုံးအကြိမ်စစ်ရေး အကူအညီပေးခြင်းဖြစ်သည်။

နယူးယောက်တိုင်း(မ်)။

ဆီရီယာလွန်တွင် "အီဗိုလာ" လူနာကို ပုန်းခိုခွင့်ပြုလျှင် ရာဇဝတ်မှုကျူးလွန်ခြင်းဟုဆို

ဖရီးတောင်း ဇွန် ၂၉

မိမိတို့၏ နေအိမ်များ၊ အဆောက်အအုံများ၌ "အီဗိုလာ" ဗိုင်းရပ်(စ်)စွဲကပ်နေသည့် လူနာများကို ပုန်းအောင်းရန် ခွင့်ပြုထားခြင်းသည် ကြီးမားသောရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်ကြောင်း ဆီရီယာလွန်အစိုးရသည် မကြာသေးမီက သတိပေးလိုက်သည်။

နိုင်ငံအတွင်းရောဂါဖြစ်ပွားရာ အဓိကဒေသ ကီနီမာခရိုင်၏ ဆေးရုံတစ်ရုံမှ လူနာအချို့သည် သက်ဆိုင်ရာဆရာဝန်ထံမှ ခွင့်ပြုချက်ရရှိခြင်းမရှိဘဲ ၎င်းတို့၏သဘောအလျောက်ဆင်းသွားခဲ့ကြကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။ လူနာ ၄၀၀ နီးပါးသေဆုံးခဲ့ပြီဖြစ်သည့် အနောက်အာဖရိကာ၌ "အီဗိုလာ"ရောဂါဖြစ်ပွားခြင်းကို ထိရောက်စွာအရေးယူဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က တောင်းဆိုခဲ့သည်။

ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှင့်ပျံ့နှံ့မှုတို့တွင် အကြီးဆုံးဖြစ်သည်။

လွန်ခဲ့သည့်လေးလက ရောဂါစတင်ဖြစ်ပွားရာ ဂူနီယာနိုင်ငံ အိမ်နီးချင်း ဆီရီယာလွန်နှင့် လိုင်ဘေးရီးယားတို့တွင် ရောဂါဖြစ်ပွားသူ ၆၀၀ ကျော်ရှိသည်။ ဗိုင်းရပ်(စ်)ကူးစက်နေသည့် အဆိုပါလူနာများအနက် ၆၀ ရာခိုင်နှုန်းခန့်သည် သေဆုံးခဲ့ပြီဖြစ်သည်။

ဆီရီယာလွန်တစ်နိုင်ငံတည်းမှာပင် "အီဗိုလာ" ဗိုင်းရပ်(စ်)စွဲကပ်နေသူ စုစုပေါင်း ၁၇၆ ဦးရှိခဲ့ပြီး ၎င်းတို့မှ အနည်းဆုံး ၄၆ ဦးသေဆုံးခဲ့ကြောင်း ဒဗလျူအိတ်ချ်အိုက ပြောသည်။

ဗိုင်းရပ်(စ်)ပျံ့နှံ့ခြင်းကို ကာကွယ်ရန် အဆိုပါဒေသသို့ ကျွမ်းကျင်ပညာရှင် ၁၅၀ ကို ဒဗလျူအိတ်ချ်အိုက စေလွှတ်ပေးခဲ့သည်။ နိုင်ငံတကာအဆင့်အထိ ကူးစက်ပျံ့နှံ့ရန် အလားအလာရှိကြောင်းကိုလည်း သတိပေး လျက်ရှိသည်။

ကီနီမာအစိုးရဆေးရုံ၌ အီဗိုလာလူနာများနှင့် အလုပ်လုပ်လျက်ရှိသော ဒေါက်တာရှားမိုအာခန်က လူများအား ရောဂါအကြောင်းကို ပညာပေးရန်ကြိုးစားရာတွင် အတိုက်အခံများနှင့် ကြုံတွေ့ခဲ့ရကြောင်း ပြောကြားသည်။ အီဗိုလာဗိုင်းရပ်(စ်)သယ်ဆောင်လာသည့် ခရီးသွား ဧည့်သည်များ ဆိုက်ရောက်လာကြဖွယ်ရှိသဖြင့် ကြိုတင်ပြင်ဆင်ထားကြရန် အနောက်အာဖရိကနိုင်ငံများ ဖြစ်ကြသော အိုင်ဗရီကို့(စ်)၊ မာလီ၊ ဆီနီဂေါနှင့် ဂူနီယာဘစ်ဆောနိုင်ငံများကို ဒဗလျူအိတ်ချ်အိုက သောကြာနေ့တွင် သတိပေးခဲ့သည်။

သွေးထွက်မတိပ်သော အဖျားဖြစ်စေသည့် အီဗိုလာကို ယနေ့အချိန်အထိ ကုသနိုင်ခြင်းမရှိသေးပေ။ သွေး၊ ချွေးနှင့် ဆီးကဲ့သို့သော ရောဂါဖြစ်ပွားနေသော လူသို့မဟုတ် တိရစ္ဆာန်တို့၏ အရည်များမှတစ်ဆင့် ကူးစက်ပျံ့နှံ့သည်။

ဘီဘီစီ။

ဒီမိုကရေစီနိုင်ငံသို့ ခိုင်မာစွာတက်လှမ်းနိုင်ရန် ပညာရည်မြင့်မားရေး၊ လူတိုင်းဝင်ငွေတိုးမြင့်ရရှိရေး ဆောင်ရွက်ရမည်

နေပြည်တော် ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း(ကျီတိုင်ကုန်း) အဆင့်တိုးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း (ကျီတိုင်ကုန်း)ဆိုင်းဘုတ်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး**(ဓာတ်ပုံ)** ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက်အခမ်းအနားကို အဆိုပါကျောင်းယာယီမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင် ပညာရေး၊ ကျန်းမာရေးခွင့်ပြုငွေများကို နှစ်စဉ်တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီ နိုင်ငံသို့ ခိုင်မာစွာတက်လှမ်းနိုင်ရန်အတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပညာရည်မြင့်မားရေး၊ လူတိုင်းဝင်ငွေတိုးမြှင့်ရရှိရေးတို့ကို အဓိကထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိဘများသည် သားသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေလည်းသင်၊ ဘဝကိုလည်း ထိန်းကျောင်းပေးသည့် စာသင်ကျောင်းများသို့ အပ်နှံကြပါကြောင်း၊ ကျောင်းမှသင်ကြားပေးလိုက်သည့် အသိပညာနှင့်ဗဟုသုတများအရ အမှားအမှန်ဝေဖန်ပိုင်းခြားသိမြင်နိုင်ပြီး မိမိတို့ဘဝတက်လမ်းများကို ရှာဖွေနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း (ကျီတိုင်ကုန်း)သည် ၁၉၈၃ ခုနှစ်က တွဲဖက်မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် တွဲဖက်အခြေခံပညာအထက်တန်းကျောင်းအဆင့်မှ ယခု အထက်တန်းကျောင်းအဆင့်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ကျောင်းသား ကျောင်းသူ ၅၆၅ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ် ဓမ္မပါလအခြေခံပညာမူလတန်းကျောင်း အဆင့်တိုးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အခြေခံပညာအထက်တန်းကျောင်းအတွက် လိုအပ်သည်များကို ပညာရေးဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြသွားရန်နှင့် တဖြည်းဖြည်းပြည့်စုံသွားနိုင်ရန် ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အနာဂတ်တွင် ပြည့်စုံကောင်းမွန်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

တံတားဦး အခြေခံပညာအထက်တန်းကျောင်း ထူးချွန်ကျောင်းသား ကျောင်းသူများ ဆုချီးမြှင့်ပွဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်အားပေး

နေပြည်တော် ဇွန် ၂၉

စကားအင်း အခြေခံပညာ အလယ်တန်းကျောင်း (ပညာ့အလင်းရောင်) ကျောင်းဆောင်သစ် ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီးတံတားဦးမြို့နယ်စကားအင်းကျေးရွာ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တံတားဦးအခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်ခြင်းနှင့် ပညာရေးဖောင်ဒေးရှင်းသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း၊ ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း၊ စာသင်ခုံလှူဒါန်းခြင်း အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် သဘာဝသယံဇာတအရင်းအမြစ်တစ်ခုတည်းကိုသာ အားကိုး၍ မရဘဲ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်လည်း ကြိုးစားဆောင်ရွက်ရမည်ကို ယနေ့ကမ္ဘာတွင် သဘောပေါက်နားလည် လက်ခံလာကြကြောင်း၊ မျက်မှောက်ခေတ်ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများကို ကြည့်လျှင် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ကြရာတွင် နည်းပညာကျွမ်းကျင်သည့် လူ့စွမ်းအား အရင်းအမြစ်များဖြင့် တည်ထောင်ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယခင်ပညာရေးစနစ်မှာ မိဘ၊ ဆရာ၊ ကျောင်းသားဟူသည့် သုံးနားညီတြိဂံစနစ်ဖြစ်ခဲ့သော်လည်း ယခုပညာရေးစနစ်မှာ မိဘ၊ ဆရာ၊ ကျောင်းသားအပြင် စေတနာရှင် အလှူရှင်များ၊ အုပ်ချုပ်ရေးအဆင့်ဆင့်မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ပြီး အောင်မြင်အောင် ဆောင်ရွက်ရမည့် ငါးနားညီ ပဉ္စဂံစနစ်အဖြစ် ပြောင်းလဲလာကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က အမှာစကားပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးတွင် ကျေးရွာ ၄၇၈၀ ရှိပြီးကျောင်းပေါင်း ၄၀၂၂ ကျောင်းရှိကြောင်းသိရသည်။ ယခုနှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ပေးရာ၌ တံတားဦးမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ လေးကျောင်း၊ မူလတန်းလွန်ကျောင်း သုံးကျောင်း ပါဝင်သည်။ ကျောင်းဥပမိရပ်ကောင်းမွန်ရေးအတွက် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ကျောင်းခြောက်ကျောင်းကို ခွင့်ပြုပေးထားကြောင်း သိရသည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက တံတားဦးမြို့နယ်အတွင်းမှ ၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၂ ဦးတို့အား ဆုများချီးမြှင့်ခဲ့ကြသည်။**(ဓာတ်ပုံ)**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တက္ကသိုလ်ဝင်စာမေးပွဲတွင် တံတားဦးမြို့နယ်အတွင်း အောင်ချက်အကောင်းဆုံးဆုရ မြေငူအခြေခံပညာအထက်တန်းကျောင်းနှင့် ဂုဏ်ထူးရကျောင်းသားအရေအတွက် အများဆုံးရရှိခဲ့သော တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးနှင့် သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တံတားဦးမြို့နယ် ပညာရေးဖောင်ဒေးရှင်းသို့ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း၊ ပညာရေးဖောင်ဒေးရှင်းမှ ဒုတိယအရစ် ပညာသင်ထောက်ပံ့ငွေများပေးအပ်ခြင်း၊ လက်ပန်ဇင် အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ စာသင်ခုံများ ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)

တောင်ကိုရီးယားနိုင်ငံမှ ဒေသန္တရရွေးကောက်ပွဲများအကြောင်း တစေ့တစောင်း

တက္ကသိုလ်ဆရာတစ်ဦး

စာရေးသူသည် ၄-၆-၂၀၁၄ ရက်နေ့က ကျင်းပခဲ့သော ကိုရီးယားသမ္မတနိုင်ငံ၏ (၆)ကြိမ်မြောက် ဒေသန္တရရွေးကောက်ပွဲများကို Association of World Election Bodies (A-WEB) ၏ ဖိတ်ကြားချက်အရ နိုင်ငံတကာလေ့လာသူ - International Observer အဖြစ် သွားရောက်လေ့လာခွင့်ရရှိခဲ့ပါသည်။ The Asia Foundation မှ လေ့လာဉ်အသွားအပြန်စရိတ်ကို ကျခံပြီး A-WEB မှ နေထိုင်စားသောက်စရိတ်များကို ကျခံပေးခြင်း ဖြစ်ပါသည်။ ရွေးကောက်ပွဲများမှ လေ့လာတွေ့ရှိမှုများအား မဖော်ပြမီ တောင်ကိုရီးယားနိုင်ငံအကြောင်းကို အကျဉ်းချုံး၍ မိတ်ဆက်ပေးလိုပါသည်။

ကိုရီးယားသမ္မတနိုင်ငံ

တောင်ကိုရီးယားနိုင်ငံသည် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၄၈ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ (Republic of Korea)အဖြစ် ခေါ်တွင်ခဲ့သည်။ နိုင်ငံ၏ အကျယ်အဝန်းမှာ ၁၀၀,၂၁၀ စတုရန်းကီလိုမီတာ (မြန်မာနိုင်ငံ၏ ခြောက်ပုံတစ်ပုံနန်း)ရှိပြီး လူဦးရေသည် ၂၀၁၃ ခုနှစ်က ခန့်မှန်းချက်အရ ၅၀,၂၁၉,၆၆၉ ရှိသဖြင့် လူဦးရေသိပ်သည်းခြင်း (Population Density)သည် တစ်စတုရန်း ကီလိုမီတာလျှင် ၅၀၁ ဦးခန့်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် ၁၉၅၂ ခုနှစ်က ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများတွင် ပါဝင်ခဲ့ပြီး Hopeless Country - မျှော်လင့်ချက်ကင်းမဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သော်လည်း ယခုအခါ နိုင်ငံတော်၏ စုစုပေါင်း GDP (PPP)သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅၅ ထရီလီယံရှိပြီး နိုင်ငံသား တစ်ဦးချင်း၏ GDP (PPP)သည် အမေရိကန်ဒေါ်လာ ၃၄,၇၇၇ (၂၀၁၄ ခုနှစ်ခန့်မှန်း) ရှိသည်။ စုစုပေါင်း GDP အရ ကမ္ဘာတွင် အဆင့် ၁၂ ရှိကာ တစ်ဦးချင်း GDP အရ အဆင့် ၂၆ ရှိသည်။ ရုံးချိန်မှာ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိဖြစ်ပြီး ရုံးပိတ်ရက်သည် စနေနှင့် တနင်္ဂနွေနှစ်ရက်ဖြစ်သည်။ ၂၀၀၄ ခုနှစ် စက်တင်ဘာလ မတိုင်မီက ရုံးပိတ်ရက်သည် တနင်္ဂနွေတစ်ရက်တည်းသာဖြစ်ကြောင်း သိရှိရပါသည်။

ဆိုးလ်မြို့တော်

ဆိုးလ်မြို့သည် တောင်ကိုရီးယားနိုင်ငံ၏ မြို့တော်ဖြစ်ပြီး ယင်းနိုင်ငံရှိ မြို့ကြီးများအနက် အကြီးဆုံးဖြစ်သည်။ ကမ္ဘာပေါ်ရှိ မက်ထရိုပိုလီတန် မြို့ကြီးများအနက် ဧရိယာအားဖြင့် ဒုတိယအကျယ်ဆုံး မြို့ကြီးဖြစ်ပြီး လူဦးရေပေါင်း ၂၅ ဒသမ ၆ သန်း နေထိုင်သဖြင့် ကိုရီးယားနိုင်ငံလူဦးရေ၏ထက်ဝက်ကျော် နေထိုင်ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်က ထုတ်ပြန်ခဲ့သော စာရင်းအင်းများအရ ယင်းမြို့တော်သည် တိုကျို၊ နယူးယောက်နှင့် လော့စ်အိန်ဂျလိစ်မြို့ကြီးများပြီးလျှင် စတုတ္ထစီးပွားရေး အကောင်းဆုံးမြို့ (GDP အမေရိကန်ဒေါ်လာ ၇၇၄ ဘီလီယံ) ဖြစ်သည်သာမက ၂၀၁၃ ခုနှစ်က ကမ္ဘာ့လှည့်ခရီးသည်ပေါင်း ၁၂ သန်းကျော် လာရောက်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် ခရီးသွားလုပ်ငန်းမှ သတ္တမမြောက် ဝင်ငွေအများဆုံးရရှိသည့် မြို့တော်လည်းဖြစ်သည်။ ကမ္ဘာကျော် Samsung၊ LG နှင့် Hyundai-Kia ကုမ္ပဏီကြီးများ တည်ရှိကာ Global Power City Index အရ ကမ္ဘာပေါ်တွင် ဆဋ္ဌမအဆင့်ရှိပြီး Global Finicial Centres Index အရ သတ္တမအဆင့်ရှိသဖြင့် မြို့တော်သားတစ်ဦးချင်း၏ GDP (PPP) သည် အမေရိကန်ဒေါ်လာ ၃၆,၃၂၁ ရှိသည်။

ရွေးကောက်ပွဲများ

တောင်ကိုရီးယားနိုင်ငံတွင် သမ္မတရွေးကောက်ပွဲ (Presidential Election)၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ (National Assembly Election)နှင့် ဒေသန္တရရွေးကောက်ပွဲများ (Local Elections) ရှိသည်။ သမ္မတရွေးကောက်ပွဲကို ၁၉၄၈ ခုနှစ်မှ စတင်ပြီး အကြိမ်ပေါင်း လေးနှစ်တစ်ကြိမ်/ ငါးနှစ်တစ်ကြိမ် ကျင်းပခဲ့ရာ ၂၀၁၂ ခုနှစ်အထိ ကျင်းပခဲ့သည့် အကြိမ်ပေါင်း ၁၉ ကြိမ် ရှိခဲ့သည်။ (ကျင်းပခဲ့သည့် ခုနှစ်များမှာ - ၁၉၄၈၊ ၁၉၅၂၊ ၁၉၅၆၊ ၁၉၆၀၊ ၁၉၆၃၊ ၁၉၆၇၊ ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၈၊ ၁၉၇၉၊ ၁၉၈၀၊ ၁၉၈၇၊ ၁၉၉၂၊ ၁၉၉၇၊ ၂၀၀၂၊ ၂၀၀၇ နှင့် ၂၀၁၂ ခုနှစ်များ ဖြစ်ကြသည်။) ၂၀၁၂ ခုနှစ်က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် Saenuri ပါတီမှ ပတ်ခ်ဂျီဟီး၊ Democratic United ပါတီမှ မွန်ဂျဲအင်းနှင့် တစ်သီးပုဂ္ဂလလေးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပတ်ခ်ဂျီဟီးက ဆန္ဒမဲပေးသူပေါင်း၏ ၅၁ ဒသမ ၅၅ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည်။ မွန်ဂျဲအင်းက ၄၈ ဒသမ ၀၂ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်ခဲ့သည်။ မဲဆန္ဒရှင်ပေါင်း ၄၀,၅၀၇,၈၄၂ ဦးရှိသည့်အနက် ဆန္ဒမဲပေးသူပေါင်း ၃၀,၇၂၁,၄၅၉ ဦး ရှိသဖြင့် ဆန္ဒမဲပေးမှု ရာခိုင်နှုန်းမှာ ၇၅ ဒသမ ၈၄ ဖြစ်သည်။

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကို ၁၉၄၈ ခုနှစ်၊ ၁၉၅၄ ခုနှစ်၊ ၁၉၆၀ ပြည့်နှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၈ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်များတွင် ကျင်းပခဲ့သည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၀၀ ရှိသည့်အနက် ၂၄၆ ဦးကို မဲဆန္ဒနယ် ၂၄၆ နယ်အတွက် **နိုင်သူအကုန်ယူစနစ်** - First Past The Post System (FPTP) ဖြင့် ရွေးချယ်ပြီး ကျန် ၅၄ ဦးကိုမူ **အချိုးကျရွေးကောက်သည့်စနစ်** - Proportional Representation System (PR)ဖြင့် ရွေးချယ်သည်။ ခရိုင်တစ်ခုကို မဲဆန္ဒနယ်တစ်နယ် သတ်မှတ်ခြင်းဖြစ်ရာ တစ်နိုင်ငံလုံးတွင် ခရိုင်ပေါင်း ၂၄၆ ခရိုင် ရှိသောကြောင့် မဲဆန္ဒနယ် ၂၄၆ နယ် ရှိခြင်းဖြစ်သည်။ ပါတီတစ်ခုသည် PR စနစ်ဖြင့် ဆန္ဒမဲပေးသူပေါင်း၏ သုံးရာခိုင်နှုန်းကိုဖြစ်စေ၊ FPTP စနစ်ဖြင့် လွှတ်တော်ကိုယ်စားလှယ် ငါးဦးကိုဖြစ်စေ အနည်းဆုံး ရရှိမှသာ အမျိုးသားလွှတ်တော်တွင် ယင်း၏ပေါ်လစီများကို တင်ပြခွင့်ရှိကြောင်း သိရှိရပါသည်။

ဒေသန္တရရွေးကောက်ပွဲများကို လေးနှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်သည်။ (၇)ကြိမ်မြောက် ဒေသန္တရရွေးကောက်ပွဲများကို ၂၀၁၈ ပြည့်နှစ် ဇွန်လ ၂ ရက်နေ့က ကျင်းပခဲ့သည်။

ဒေသန္တရအုပ်ချုပ်ရေး

တောင်ကိုရီးယားနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်မှစ၍ ဆိုးလ်မြို့တော်နှင့် မြို့ကြီး ငါးမြို့ကို ပြည်နယ်အဆင့်ရှိသော မြို့ကြီးများ (provincial - level cities)အဖြစ် သတ်မှတ်ခဲ့ပြီး ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်သည်။ အဆိုပါမြို့ကြီး (Si / Metropolitan City) ငါးမြို့မှာ ပူဆန် (Pusan)၊ တေဂူ (Taegu)၊ အင်ချွန် (Inchoen)၊ တေဂျွန် (Taejon)နှင့် ကွမ်ဂျူ (Kwangju)တို့ ဖြစ်ကြသည်။ မြို့ကြီးများကို ရပ်ကွက်များ (Gu / Wards)နှင့် စီရင်စုများ (Tong / Precintes) အဖြစ် ခွဲခြားထားသည်။ ပြည်နယ် (Do / Province / State)တစ်ခုတွင် ခရိုင်များ (Gun / Counties / District)နှင့် မြို့ကြီးများပါဝင်ပြီး လူဦးရေ ၅၀,၀၀၀ ၏အထက်ရှိသည်။ ခရိုင်တစ်ခုတွင် မြို့များ (Up / Towns)၊ မြို့နယ်များ (Myeon / Twonships) နှင့် ကျေးရွာများ (Ri / Villages) ပါဝင်ပြီး လူဦးရေ ၂၀,၀၀၀ နှင့်အထက် ရှိသည်။

ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဥပဒေကို ၁၉၄၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော်လည်း ၁၉၆၀ ပြည့်နှစ်မတိုင်မီအထိ သက်ရောက်မှုမရှိခဲ့ကြောင်း သိရှိရပါသည်။ ယခုလက်ရှိဖွဲ့စည်းပုံအရ တောင်ကိုရီးယားတွင် မက်ထရိုပိုလီတန်မြို့ကြီး ရှစ်မြို့နှင့် ပြည်နယ် ကိုးခု ရှိသည်။ (အထက်ဖော်ပြပါ မြို့ကြီး ခြောက်မြို့အပြင် အာလ်စန် - Ulson နှင့် ဆေဂုံ - Segong မြို့ကြီးနှစ်မြို့ ထပ်တိုးသည်။) မြို့ကြီးများတွင် မြို့တော်ဝန် (Mayor)များနှင့် ပြည်နယ်များတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး (Governor)များကို ထားရှိသည်။

အမျိုးသားရွေးကောက်ပွဲကော်မရှင်

တောင်ကိုရီးယားနိုင်ငံ၏ "အမျိုးသားရွေးကောက်ပွဲကော်မရှင်" - "National Election Commission" (NEC)တွင် ဥက္ကဋ္ဌတစ်ဦးနှင့် အဖွဲ့ဝင်ရှစ်ဦး ပေါင်း ကိုးဦးပါဝင်သည်။ သုံးဦးကို သမ္မတကလည်းကောင်း၊ နောက်သုံးဦးကို အမျိုးသားလွှတ်တော်ကလည်းကောင်း၊ ကျန်သုံးဦးကို တရားသူကြီးချုပ် (Chief Justice of the Supreme Court)ကလည်းကောင်း ခန့်အပ်ခြင်းဖြစ်သည်။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးက အချိန်ပြည့်တာဝန်ထမ်းဆောင်သည်။ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ သက်တမ်းသည် (၆)နှစ် ဖြစ်သည်။

NEC ရုံးချုပ်ကို ဝန်ကြီးအဆင့်ရှိသည့် အထွေထွေအတွင်းရေးမှူးက ဦးဆောင်ပြီး ၎င်း၏လက်အောက်တွင် Korea Civic Education Institute for Democracy အပါအဝင် ရုံးနှစ်ရုံး၊ ဗျူရိုတစ်ခုနှင့် ဌာနခြောက်ခုရှိသည်။ အဆိုပါ ရုံးချုပ်တွင် ဝန်ထမ်းပေါင်း ၃၀၀ ကျော်ရှိကြောင်း သိရှိခဲ့ရပါသည်။ NEC ၏လက်အောက်ရှိ မြို့ကြီးများနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် နိုင်ငံရပ်ခြား ဆန္ဒမဲပေးရေးကော်မတီများ (Oversea Voting Committees) တွင် ဝန်ထမ်းပေါင်း ၂၀၀၀ ကျော်ရှိကြောင်း သိရှိခဲ့ရပါသည်။

NEC ၏အဓိကတာဝန်မှာ သမ္မတရွေးကောက်ပွဲ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ပွဲနှင့် ဒေသန္တရရွေးကောက်ပွဲများကို သန့်ရှင်း၍တရားမျှတစွာ ကျင်းပပေးရန်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနှင့် ရန်ပုံငွေသုံးစွဲခြင်း၊ ပြည်သူများအား ဒီမိုကရေစီရေးရာများနှင့်ပတ်သက်၍ ပညာပေးခြင်း၊ ရွေးကောက်ပွဲဥပဒေများ ရေးဆွဲခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း စသည်များကိုလည်း ဆောင်ရွက်ရန် တာဝန်ရှိပါသည်။

ဆန္ဒမဲလက်မှတ်ပေါ်တွင် ဆန္ဒပြုသည့်တံဆိပ်အား တွေ့မြင်ရပုံ။

နိုင်ငံတကာလေ့လာသူများ

A-WEB မှ စီစဉ်သည့် Election Visitor Program, 2014 Local Election in Korea (30 May - 5 June 2014)သို့ နိုင်ငံပေါင်း ၄၁ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၅၁ ဖွဲ့မှ တာဝန်ရှိသူ ၁၂၂ ဦး လာရောက်လေ့လာခဲ့ကြသည်။ A-WEB တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံပေါင်း ၉၇ နိုင်ငံမှ ရွေးကောက်ပွဲကော်မရှင်များ ပါဝင်ကြသည်။ ဖော်ပြပါအစီအစဉ်သို့ တက်ရောက်မည့်သူများအား ကမ္ဘာ့ကုလသမဂ္ဂက ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့က ထုတ်ပြန်ထားသော Declaration of Principles for International Election Observation and Code of Conduct for International Election Observers စာတမ်းကို ကြိုတင်ပေးဝေထားပြီး A-WEB က ချမှတ်ထားသော ကျင့်ဝတ်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်ရေးထိုး၍ ယင်းအဖွဲ့အစည်းသို့ ပြန်လည်ပေးပို့ထားရပါသည်။

ဒေသန္တရ ရွေးကောက်ပွဲများ

(၆)ကြိမ်မြောက် ဒေသန္တရရွေးကောက်ပွဲများကို ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်နေ့က ကိုရီးယားတစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကျင်းပခဲ့သည်။

မက်ထရိုပိုလီတန်မြို့ကြီး ရှစ်မြို့အတွက် မြို့တော်ဝန် **ရှစ်ဦး**၊ ပညာရေးမှူး (Superitendent of Education) **ရှစ်ဦး**နှင့် ပြည်နယ်ကိုးခုအတွက် ပြည်နယ်အုပ်ချုပ်ရေးမှူး **ကိုးဦး**၊ ပညာရေးမှူး **ကိုးဦး**ကို ရွေးချယ်ခဲ့သည်။ ထို့ပြင် ဂျေဂျူး(Jeju) ကျွန်းအတွက် ပညာရေးကော်မတီဝင် (Member of Education) **ငါးဦး**ကိုပါ ရွေးချယ်ခဲ့သည်သာမက မြို့ကြီးများ၊ မြို့များနှင့် အစိုးရခေါင်းဆောင် - Head of Gu / Si / Gun Government **၂၂၆ ဦး**ကိုလည်းရွေးချယ်ခဲ့သည်။ ထို့ပြင် မြို့ကြီးများနှင့် ပြည်နယ်ကောင်စီဝင်(Si / Do / Council Members) - **၇၈၉ ဦး**ကို ရွေးချယ်ရာတွင်မူ **၇၀၅ ဦး**ကို FPTP စနစ်ဖြင့်လည်းကောင်း ၈၄ ဦးကို PR စနစ်ဖြင့်လည်းကောင်း ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ (PR စနစ်တွင် Closed List ကို အသုံးပြုသည်။)

ရပ်ကွက်များ၊ မြို့များနှင့် ခရိုင်ကောင်စီဝင် (Gu / Si / Gun Council Members) **၂,၈၉၈ ဦး**ကို ရွေးချယ်ခဲ့ရာတွင် ၂,၅၁၉ ဦးကို FPTP စနစ်ဖြင့် ရွေးချယ်ခဲ့ပြီး ၃၇၉ ဦးကို PR စနစ်ဖြင့် ရွေးချယ်ခဲ့သည်။ FPTP စနစ်နှင့် PR စနစ်နှစ်မျိုးကို ရောနှောအသုံးပြုရာ၌ မဲဆန္ဒနယ်တစ်ခုချင်းအတွက် အုပ်ချုပ်ရေးမှူးများရရှိရန် FPTP စနစ်ကိုအသုံးပြုပြီး ကျန်ကိုယ်စားလှယ်များကိုမူ PR စနစ်ဖြင့် ရွေးချယ်ခြင်းဖြစ်သည်။ ထို့ကြောင့် ယခုဒေသန္တရ ရွေးကောက်ပွဲက ကိုယ်စားလှယ်ပေါင်း **၃,၉၅၂ ဦး**ကို ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။

ဆန္ဒမဲလက်မှတ်များအနေဖြင့် မြို့တော်ဝန်/ပြည်နယ်အုပ်ချုပ်ရေးမှူးများအတွက် တစ်မျိုး၊ ပညာရေးမှူးများအတွက် တစ်မျိုး၊ မြို့ကြီးများ၊ ပြည်နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများအတွက် တစ်မျိုး၊ မြို့ကြီးများနှင့် ပြည်နယ်ကောင်စီဝင်များအတွက် FPTP နှင့် PR နှစ်မျိုး၊ ရပ်ကွက်များ၊ မြို့များနှင့် ခရိုင်ကောင်စီဝင်များအတွက် FPTP နှင့် PR နှစ်မျိုး ပေါင်း ခုနစ်မျိုး ရှိပါသည်။ (ဂျေဂျူးမှ ပညာရေးကော်မတီဝင်များအတွက် ဆန္ဒမဲလက်မှတ်ကို ခြွင်းချက်အဖြစ် ချန်ထားပါသည်။) မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒပြုရာတွင် ကွဲကွဲပြားပြား သိရှိစေနိုင်ရန်အတွက် ဖော်ပြပါမဲလက်မှတ် ခုနစ်မျိုးကို အရောင်တစ်မျိုးစီ ခွဲခြားထားပါသည်။

တစ်နိုင်ငံလုံးတွင် မဲဆန္ဒရှင်ပေါင်း ၄၁ ဒသမ ၂၉ သန်းရှိပြီး မဲဆန္ဒရှင်တစ်ဦးလျှင် ဆန္ဒမဲလက်မှတ် ခုနစ်စောင်နှုန်းဖြင့်တွက်ပါက ဆန္ဒမဲလက်မှတ်ပေါင်း ၂၈၉ ဒသမ ၀၃ သန်းရှိသဖြင့် ယင်းလက်မှတ်များကို တစ်ပုံတည်း ထပ်လိုက်ပါက ၈၀ရက်တောင်၏ သုံးဆခန့်မြင့်မည်ဖြစ်ကြောင်း NEC မှ ပုဂ္ဂိုလ်များက တင်စားပြောဆိုကြပါသည်။

ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း

ဒေသန္တရရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမည့် ကိုယ်စားလှယ်လောင်းများသည် NEC ထံ အမည်စာရင်းတင်သွင်းကြရပါသည်။ ဤသို့တင်သွင်းရာတွင် စပေါ်ငွေ (Deposit) အဖြစ် မြို့တော်ဝန်/ ပြည်နယ်မှူးတစ်ဦးလျှင် ကိုရီးယားဝမ်သန်း ၅၀၊ မြို့ကြီးများနှင့် ပြည်နယ်ကောင်စီတစ်ဦးလျှင် ကိုရီးယား ဝမ် သုံးသန်း၊ ရပ်ကွက်များ၊ မြို့များနှင့် ခရိုင်ကောင်စီတစ်ဦးလျှင် ကိုရီးယားဝမ် နှစ်သန်းနှင့် မြို့ကြီးများ၊ ပြည်နယ်များနှင့် ခရိုင်ခေါင်းဆောင်တစ်ဦးလျှင် ကိုရီးယားဝမ် ၁၀ သန်း အသီးသီး ပေးသွင်းကြရသည်။ (အမေရိကန် ၁ ဒေါ်လာသည် ကိုရီးယားဝမ် ၁၀၀၀ ခန့်ရှိသဖြင့် ကိုရီးယား ၁ ဝမ်သည် မြန်မာငွေ ၁ ကျပ်နှင့် မတိမ်းမယိမ်းဖြစ်ပါသည်။)

ရွေးကောက်ပွဲတွင် အနိုင်ရရှိသူနှင့် ဆန္ဒမဲပေးသူပေါင်း၏ ၁၅ ရာခိုင်နှုန်းနှင့်အထက် ရရှိသူများအား စပေါ်ငွေအားလုံးပြန်ပေးပြီး ၁၀ ရာခိုင်နှုန်း၏အထက် (၁၅ ရာခိုင်နှုန်း၏အောက်)ရရှိပါက စပေါ်ငွေ၏ တစ်ဝက်ကို ပြန်ပေးသည်။

ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် အမည်စာရင်းတင်သွင်းရာတွင် အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြရသည်။

(၁) မိမိနှင့် မိမိ၏မိသားစုဝင်များပိုင်ဆိုင်သည့် ပစ္စည်းစာရင်းများနှင့်ပတ်သက်သည့်ကြေညာချက်

(၂) လွန်ခဲ့သည့် ငါးနှစ်မှစ၍ ဝင်ငွေခွန်နှင့် အမြတ်ခွန်များ အကျေအလည်ပေးဆောင်ပြီးကြောင်း အထောက်အထား

(၃) ပညာရေးနှင့်သက်ဆိုင်သည့် အထောက်အထားများ

(၄) ကိုရီးယားဝမ် တစ်သန်းထက်ပိုသည့် ရာဇဝတ်ပြစ်ဒဏ်ကျခံမှုများရှိခဲ့ဖူးလျှင် ယင်းအတွက် အထောက်အထား

(၅) မိမိနှင့် အသက်(၁၈)နှစ်ပြည့်ပြီးသည့် မိသားစုဝင်များ၏ စစ်မှုထမ်းပြီးကြောင်း အထောက်အထား

(၆) ယခင်က ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးပါက ယင်းတို့နှင့်ပတ်သက်သည့် အကြောင်းအရာများ

(၇) နိုင်ငံရေးပါတီတစ်ခုမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက ယင်းပါတီ၏ ထောက်ခံချက်

(၈) တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းဖြစ်ပါက မဲဆန္ဒရှင်များ၏ထောက်ခံချက် (မြို့တော်ဝန်/ ပြည်နယ်မှူး/ပညာရေးမှူးများအတွက် မဲဆန္ဒရှင် ၁၀၀၀ မှ ၂၀၀၀၊ ရပ်ကွက်များ/မြို့ကြီးများ/ပြည်နယ်အစိုးရခေါင်းဆောင်များအတွက် မဲဆန္ဒရှင် ၃၀၀ မှ ၅၀၀၊ မြို့ကြီးများနှင့် ပြည်နယ်ကောင်စီဝင်များအတွက် မဲဆန္ဒရှင် ၁၀၀ မှ ၂၀၀၊ ရပ်ကွက်များ၊ မြို့များနှင့် ခရိုင်ကောင်စီဝင်များအတွက် မဲဆန္ဒရှင် ၅၀ မှ ၁၀၀ ဟု သတ်မှတ်ထားသည်။)

ဖော်ပြပါ အထောက်အထားများအပြင် သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို NEC က ကိုယ်စားလှယ်လောင်းစာရင်းတွင် ထည့်သွင်းကြေညာပေးသည်။

ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအချက်အလက်များ (CV)ကို မဲဆန္ဒရှင်များ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ကော်မရှင်က ယင်း၏ Website တွင် တင်ထားပေးရသည်။ သို့ရာတွင် ကိုယ်စားလှယ်လောင်း၏ ကိုယ်ရေးကိုယ်တာကိစ္စများကို မထိခိုက်စေရေးအတွက် ရွေးကောက်ပွဲကျင်းပပြီးစီးသည့်အချိန်တွင် Website ၌ ဆက်လက်၍ တင်မထားတော့ကြောင်း သိရှိရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းရေးရာ

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ အဆင့်မြင့်ပညာကဏ္ဍ ကျင်းပ

ရန်ကုန် ဇွန် ၂၉

ပညာရေးဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့် ပညာကဏ္ဍ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ကျင်းပရာ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာကိုကိုဦး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၄၇ ခုမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြ/သရုပ်ပြနှင့် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ အထူးလုပ်ငန်းအဖွဲ့ဝင်များ၊ အကြံပေးအဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့၏ ကိုယ်စားလှယ်များ စုစုပေါင်း ၅၀၁ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို စီမံခန့်ခွဲရာတွင် ရေရှည်အသုံးပြုနိုင်ရေးကို အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ Innovation Driving Committee များ ဖွဲ့စည်း၍ အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များ မွေးထုတ်နိုင်အောင် ကြိုးစားကြရန်ဖြစ်ကြောင်း၊ မကြာမီ လွှတ်တော်က ဆွေးနွေးအတည်ပြုမည့် အမျိုးသားပညာရေးဥပဒေသည် အမျိုးသားပညာရေးအလှည့်အပြောင်း၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍဆန်းစစ်ခြင်း (Comprehensive Education Sector Review-CESR) ၏ အကဲဖြတ်ချက်နှင့်အညီ အမျိုးသားပညာရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (National Education Development Plan) ကို အမျိုးသားပညာရေးဥပဒေနှင့်အညီ ဤနှီးနှောဖလှယ်ပွဲကြီးက ရေးဆွဲနိုင်မှသာလျှင် အမျိုးသားပညာရေး အခြေခံအုတ်မြစ်ကောင်းချမှတ်နိုင်မည်ဖြစ်ကြောင်း။

မြန်မာ့ပညာရေးတွင် အခြေခံပညာရေးကို မူလတန်းကြို ပညာရေး Non Formal Educationတို့ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဗဟိုမှ ချုပ်ကိုင်မှုဖြေလျှော့ရေး (Decentralization Process) ကို စတင်ဆောင်ရွက်လျက်ရှိပြီး အဆင့်မြင့်ပညာကဏ္ဍတွင်လည်း လွတ်လပ်စွာ ကိုယ်ပိုင်စီမံခန့်ခွဲနိုင်သော တက္ကသိုလ် (Autonomous University) များအဖြစ် မကြာမီ ထူထောင်နိုင်တော့မည်ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်တိုင်းတွင် ဆရာများ၊ ကျောင်းသားများ အသုံးပြုနိုင်သော အင်တာနက်ဆက်သွယ်မှုရရှိအောင် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ၊ Industry များနှင့် ချိတ်ဆက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် အမျိုးသားပညာရေး အလှည့်အပြောင်းတွင် ရလဒ်ကောင်းရရှိအောင် အဆင့်မြင့်ပညာကဏ္ဍ အခြေခံအုတ်မြစ်ကို ဤနှီးနှောဖလှယ်ပွဲကြီးမှ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ပညာရေးပြုပြင်ပြောင်းလဲရာတွင် တတိယအဆင့် အရှိန်မြှင့်တင်မှုနှင့်အတူ လိုက်ပါပြောင်းလဲရမည်ဖြစ်ကြောင်း၊ ယင်းသို့ ပြောင်းလဲရာတွင် တာဝန်ယူမှုရှိရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာတက္ကသိုလ်များ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူလတန်းကြိုမှသည် အဆင့်မြင့်ပညာကဏ္ဍတိုင်အောင် အရည်အသွေးရှိသော ပညာရေးဖြစ်ထွန်းရေးအတွက် ပေါ်ပေါက်လာမည့် ဥပဒေနှင့်အညီ မူဝါဒ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးကိစ္စရပ်များကို ရေးဆွဲဆောင်ရွက်သွားရန်ဖြစ်ကြောင်းနှင့် လက်တွေ့ကျသော အမျိုးသားပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် ရှေ့လုပ်ငန်းစဉ်များကို ဤနှီးနှောဖလှယ်ပွဲကြီးမှ ညှိနှိုင်းသတ်မှတ်ပေးကြရန် မှာကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့အသီးသီးက စာတမ်းများဖတ်ကြားရာတွင် အဆင့်မြင့်ပညာရေးဥပဒေ(မူကြမ်း)နှင့် ကိုယ်ပိုင်တက္ကသိုလ်ဥပဒေ(မူကြမ်း)စာတမ်း၊ တက္ကသိုလ်ပဋိညာဉ်(မူကြမ်း)များအပေါ် လေ့လာသုံးသပ်ချက်တင်ပြချက်စာတမ်း၊ အရည်အသွေးအာမခံချက်ရှိသော ပညာရေးစနစ်အကောင်အထည်ဖော်ရေးစာတမ်း၊ ပညာရေးအသုံးစရိတ်၊ ဘဏ္ဍာငွေလိုအပ်ချက်နှင့် အဆင့်မြင့်ပညာကဏ္ဍ ပညာရေးစီမံကိန်းစာတမ်းနှင့် စီမံခန့်ခွဲသူများ၊ ဆရာ ဆရာမ၊ ဝန်ထမ်းများ၏စွမ်းရည်မြှင့်တင်ရေးနှင့် အကဲဖြတ်ရေးစာတမ်းတို့ကို ဖတ်ကြားဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ပီပြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် (၁) တက္ကသိုလ်၊ ကောလိပ်များပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ (၂) တာဝန်သိမှု၊ တာဝန်ယူမှု အားကောင်းလာစေရေးဆိုင်ရာ စည်းရုံးလှုပ်ရှားမှုဆွေးနွေးပွဲများ၊ သင်တန်းများပြုလုပ်ရေး၊ (၃)တက္ကသိုလ်အသီးသီး၏ မူဝါဒ၊ စီမံကိန်းနှင့် ဘတ်ဂျက်လိုအပ်ချက်ရေးဆွဲရေး၊ (၄)တက္ကသိုလ်များ၏ စီမံခန့်ခွဲသူ၊ ဆရာဆရာမ၊ ဝန်ထမ်းများ၏စွမ်းရည်မြှင့်တင်ရေးနှင့် စွမ်းဆောင်ရည် အကဲဖြတ်ရေး၊ (၅)တက္ကသိုလ်တိုင်းတွင် အရည်အသွေးရှိသော အဆင့်မြင့်ပညာရေးစနစ် ပေါ်ထွန်းလာရေး၊ (၆) အဆင့်မြင့်ပညာရေးဥပဒေ၊ ကိုယ်ပိုင်တက္ကသိုလ်ဥပဒေနှင့် တက္ကသိုလ်ပဋိညာဉ်များ ပီပြင်စွာ ပေါ်ထွန်းလာရေး ခေါင်းစဉ်ခြောက်ခုကို အဖွဲ့ခြောက်ဖွဲ့ခွဲ၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

နှီးနှောဖလှယ်ပွဲကို ဇွန် ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



စေတနာ့ဝန်ထမ်းလူငယ်များအား မိုဘိုင်းဖုန်းဆင်းကတ်ထောက်ပံ့

နေပြည်တော် ဇွန် ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ ဗဟိုကယ်ဆယ်ရေးဂိုဒေါင် ရေဝင်ရောက်မှုကြောင့် ပြန်လည်ပြင်ဆင်ထားမှုအခြေအနေများအား ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် Summit Park View Hotel ၌ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်း ကိုးဖွဲ့မှ အတူလက်တွဲဆောင်ရွက်နေသည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသရှိ ဒေသတွင်း ရွှေ့ပြောင်းနေရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ပူးပေါင်းလုပ်ငန်းစဉ် ရှင်းလင်းပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသော ဖျာပုံခရိုင် ဖျာပုံမြို့နယ် ၂၀၁၃-၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ကျောင်းများနှင့် ဂုဏ်ထူးသင်ဆရာ၊ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားကာ ဆုများချီးမြှင့်ပြီး မွန်းလွဲပိုင်းတွင် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ အုန်းပင်တောင် ဘုန်းတော်ကြီးကျောင်း တန်ဆောင်း၌ ကျေးရွာအခြေပြု လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် ဆင့်ပွားသင်တန်းများ ပို့ချနေမှုအား ကြည့်ရှု၍ ခေါင်းဆောင် လူငယ်များအတွက် ဝန်ကြီးဌာနမှ မိုဘိုင်းဖုန်းဆင်းကတ် ၁၁ ခု ထောက်ပံ့ပေးခဲ့သည်။

ဆက်လက်၍ ဒေးဒရဲမြို့၌ မြန်မာနိုင်ငံ လူငယ်များအစည်းအရုံးမှ ဖွင့်လှစ်ထားသော ဆင်းရဲနွမ်းပါးသည့် ကျောင်းသား လူငယ်များအတွက် အခမဲ့ စာသင်စာကျက်ဝိုင်းအား ကြည့်ရှုပြီး လိုအပ်သည်များ ထောက်ပံ့ပေးသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဒေးဒရဲမြို့နယ် ၂၀၁၃-၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်အောင်မြင်သော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့်ဂုဏ်ထူးသင်ဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများချီးမြှင့်ပေးသည်။

ဆက်လက်၍ ဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ဒေးဒရဲမြို့နယ် ကျောင်းသားဟောင်းများ ပညာရေးအထောက်အကူပြုအဖွဲ့သို့ ငွေကျပ်တစ်သိန်းနှင့် မြန်မာနိုင်ငံ လူငယ်များအစည်းအရုံးမှ ဖွင့်လှစ်ထားသော ဆင်းရဲနွမ်းပါးသည့် ကျောင်းသား လူငယ်များအတွက် တက္ကသိုလ်ဝင်တန်းအထောက်အကူပြု အခမဲ့ စာသင် စာကျက်ဝိုင်းသို့ ငွေကျပ်တစ်သိန်းအား သက်ဆိုင်သူများထံ ထောက်ပံ့ပေးခဲ့ပါသည်။

ဦးအောင်ဇော်မြင့် - ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်(ပြည်ထောင်စုဝန်ကြီး)မိသားစုက ဖျာပုံမြို့နယ်တွင် ဂုဏ်ထူးသင် ဆရာဆရာမများအတွက် ဂုဏ်ပြုငွေနှင့် သုံးဘာသာဂုဏ်ထူးနှင့်အထက် ဂုဏ်ထူးရှင်များအတွက် အထူးဆုများကို လည်းကောင်း၊ ဒေးဒရဲမြို့နယ်တွင် ဂုဏ်ထူးသင် ဆရာ ဆရာမများအတွက် ဂုဏ်ပြုငွေနှင့် သုံးဘာသာဂုဏ်ထူးရှင်များအတွက် အထူးဆုများကို လည်းကောင်း၊ အုန်းပင်ကျေးရွာ အုန်းပင်တောင် ဘုန်းတော်ကြီးကျောင်းတွင် ဗုဒ္ဓဥယျာဉ် ယဉ်ကျေးလိမ္မာသင်တန်းအတွက် သင်ရိုးညွှန်းတမ်းများ ဝယ်ယူရန် အလှူငွေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အလုပ်သဘော နေ့လယ်စာစားပွဲ တက်ရောက်

ပေကျင်း ဇွန် ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိက တည်ခင်းဧည့်ခံသည့် အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အလုပ်သဘောနေ့လယ်စာစားပွဲ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်များ ထုတ်ယူနိုင်

ရန်ကုန် ဇွန် ၂၉

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်များကို ဇွန် ၃၀ ရက်မှစ၍ ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဖွဲ့ကပင်ဆောင်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန နေပြည်တော် ရုံးအမှတ်(၅၂)တို့၌ ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

အောင်လက်မှတ်ထုတ်ယူရာတွင် ရန်ကုန်တိုင်းဒေသကြီးမှဖြစ်ပါက ကျောင်းသား ကျောင်းသူကိုယ်တိုင် ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံ ယူဆောင်ကာ သတ်မှတ်ပုံစံ ဖြည့်စွက်လျှောက်ထားရမည်ဖြစ်သည်။

နယ်မှ ကျောင်းသား ကျောင်းသူဖြစ်ပါက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားထုတ်ယူပါက ကိုယ်စားထုတ်ယူသူ၏ မှတ်ပုံတင်မိတ္တူ သို့မဟုတ် ဝန်ထမ်းကတ်မိတ္တူ သို့မဟုတ် အောင်မြင်သူ ကျောင်းသား ကျောင်းသူ၏ မှတ်ပုံတင်ရှိက မှတ်ပုံတင်မိတ္တူ သို့မဟုတ် ထောက်ခံချက် သို့မဟုတ် သန်းခေါင်စာရင်းမိတ္တူတို့ကို တင်ပြလျှောက်ထားရမည်ဖြစ်သည်။

ကျောင်းသားများအတွက် ကော်လံကတုံးအင်္ကျီ၊ ကော်လံအင်္ကျီတို့ဖြင့် ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်ဖြစ်ပြီး ကျောင်းသူများအတွက် တီရှပ်၊ စပို့ရှပ်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော ဓာတ်ပုံမဖြစ်ရဟု သိရသည်။

ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဖွဲ့ကပင်ဆောင်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန နေပြည်တော် ရုံးအမှတ်(၅၂) တို့၌ ၂၀၁၂၊ ၂၀၁၃နှင့် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအတွက် အောင်လက်မှတ်များကို ထုတ်ပေးမည်ဖြစ်ပြီး ယင်းနှစ်များမတိုင်မီ အောင်မြင်ခဲ့ကြသူများအတွက်ကိုမူ ရန်ကုန်မြို့ လသာမြို့နယ် လသာလမ်းရှိ စာစစ်ဌာန၌ ထုတ်ပေးမည်ဖြစ်ကြောင်းနှင့် အချက်အလက်များ ပြည့်စုံပါက အောင်လက်မှတ်များကို နေ့ချင်းပြီး ထုတ်ပေးနိုင်အောင် စီစဉ်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ "ကျောင်းသား ကျောင်းသူတွေ လွယ်လွယ်ကူကူနဲ့ မြန်မြန်ဆန်ဆန်ရဖို့ပဲ ဦးစားပေးပြီး ဆောင်ရွက်ပေးနေပါတယ်" ဟု မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်က ပြောကြားသည်။

"ဇွန် ၇ ရက် အောင်စာရင်းထွက်မယ်ဆိုတာရော အမှတ်စာရင်းထုတ်ပေးမယ်ဆိုတာရော၊ Top Ten စာရင်းကိုလည်း အခုလို ဓာတ်ပုံနဲ့ သိသာမြင်သာအောင် ဖော်ပြပေးလာတာ အရမ်းကောင်းပါတယ်။ ကလေးတွေကလည်း ပိုပြီး ကြိုးစားချင်စိတ်ပေါ်လာကြတယ်။ သတင်းစာ၊ TV ကြည့်လိုက်တာနဲ့တင် အောင်စာရင်းထွက်မယ့်ရက်ကို အတိအကျ သိရတယ်" ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ကျရှုံးသူများအတွက် အမှတ်စာရင်းများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **(ခင်ချိုဝင်း)**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ မြန်မာ-တရုတ် စွမ်းအင်ကဏ္ဍဆိုင်ရာများ ဆွေးနွေး

ပေကျင်း ဇွန် ၂၉

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်အဖွဲ့သည် ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ပေကျင်းမြို့ရှိ တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း (China National Petroleum Corporation-CNPC) သို့ သွားရောက်လေ့လာကြသည်။**(ဝဲပုံ)**

ထိုသို့ သွားရောက်လေ့လာရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြပြီး ကုမ္ပဏီ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းထိန်းချုပ်စနစ်ကို လှည့်လည်လေ့လာခဲ့ကြသည်။

ထိုသို့ သွားရောက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဒေါက်တာမြင့်အောင်တို့ လိုက်ပါခဲ့ကြသည်။ **(သတင်းစဉ်)**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (၁၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (၁၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ခန်းမဆောင်ကြီး၌ ကျင်းပရာ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်ကျော်ဝင်းနှင့် ဦးဝင်းမြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များ၊ ထူးချွန်ဆုရဝန်ထမ်းများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးခင်ရီက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း နိုင်ငံတော်အတွက် များစွာအကျိုးရှိသည့် လုပ်ငန်းတစ်ရပ်အဖြစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် ဌာနဆိုင်ရာ အဖွဲ့အစည်းပေါင်းစုံနှင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်မှုကြောင့် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်တွင် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာအချို့သာ အကြောင်းအမျိုးမျိုးကြောင့် ချန်ခဲ့ပါကြောင်း၊ ကျန်ဒေသအားလုံးအတွက် ကွက်ပြည့်နှင်းနိုင်ပြီး နိုင်ငံ့သမိုင်းတစ်လျှောက် အကြောင်းအမျိုးမျိုးကြောင့် စာရင်းမကောက်နိုင်ခဲ့သည့် 'ဝ' ဒေသ မိုင်းလားနှင့် ကိုးကန့်ဒေသ အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ဒေသများရှိ တိုင်းရင်းသားညီအစ်ကိုများ၏ ပူးပေါင်းပါဝင်မှုကြောင့် တစ်နိုင်ငံလုံး လွှမ်းခြုံကောက်ယူနိုင်ခဲ့ပါကြောင်း၊

ယခုအခါ နိုင်ငံတော်အစိုးရ၏ တတိယအဆင့် ပြုပြင်ပြောင်းလဲရေး (Third Wave Reform) ကာလတွင် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ဖော်ဆောင်ရာ၌ မိမိတို့ဝန်ကြီးဌာနသည်လည်း ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် ဘက်ပေါင်းစုံမှ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့များတွင်လည်း နှစ်တစ်နှစ်၏ အကောင်းဆုံး စံပြဝန်ထမ်းများအား Man of the Year ဆုများအဖြစ် ဥပဒေနှင့် အင်္ဂလိပ်စာကျွမ်းကျင်သူများအား အဆင့်ဆင့်ရွေးချယ်ကာ တစ်ဆင့်မြင့်ရာထူး တိုးမြှင့်ချီးမြှင့်ခဲ့ပါကြောင်း။ မိမိတို့ဝန်ကြီးဌာနသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံဆောင်ရွက်သည့်ဌာန ဖြစ်သည်နှင့်အညီ ပြည်သူကိုဗဟိုပြု၍ ပြည်သူတို့၏ လိုအပ်ချက်ကို အစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးအတွက် ဝန်ထမ်းတိုင်းက လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု၊ ကွန်ပျူတာနည်းပညာနှင့် ဘာသာစကားကျွမ်းကျင်မှုသည် အရေးကြီးပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဌာနအလိုက် ပညာသင်ထောက်ပံ့ငွေများ၊ ဝန်ထမ်းမိသားစုဝင် သားသမီးများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ဌာနတွင်း လုပ်ငန်းဆိုင်ရာ ထူးချွန်သူများ၊ သင်တန်းအသီးသီးတွင် ဆုရရှိကြသူများအား ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်ခင်မေစိုးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ကျော်ဝင်းနှင့် ဦးဝင်းမြင့်တို့က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အောင်မြင်မှု အထိမ်းအမှတ်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဝန်ကြီးဌာန၏ တစ်နှစ်တာကာလအတွင်း စံပြဝန်ထမ်း (Man of the year) ဥပဒေဆု၊ (Man of the year) အင်္ဂလိပ်စာဆု ရရှိကြသည့် ပြည်ထောင်စုဝန်ကြီးရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ ထူးချွန်ဝန်ထမ်းများအား တစ်ဆင့်မြင့်ရာထူး တံဆိပ် တပ်ဆင်ပေး၍ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ပြီး ညနေပိုင်းတွင် နိုင်ငံတစ်ဝန်း ဆက်လက်ဆောင်ရွက်မည့် မိုးပွင့်အဆင့် (၆) စီမံချက် အိမ်တိုင်ရာရောက်ဝန်ဆောင်မှု (door to door) စနစ်အား တိုင်းဒေသကြီးပြည်နယ်ဦးစီးဌာနမှူးများနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ် ဇူလိုင်လ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနိုင်သည်။

မိုးအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရှစ်ရက်မှ ကိုးရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ငါးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ခြောက်ရက်မှ ခုနစ်ရက်ခန့် ရွာသွန်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် လေးပေမှ ခြောက်ပေခန့်နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သိရသည်။ **(ကြေးမုံ)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေကျင်းပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာ

ပေကျင်း ဇွန် ၂၉

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ပေကျင်းမြို့ရှိ မြို့တော်ပြတိုက်သို့ သွားရောက်၍ တရုတ်နိုင်ငံ၏ ရှေးဟောင်းကြွေထည်လုပ်ငန်းသမိုင်းနှင့် ရှေးခေတ်ကြွေထည်အသုံးအဆောင်ပစ္စည်းများ၊ ရှေးခေတ်လူမှုဘဝပတ်ဝန်းကျင် သရုပ်ဖော်ပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။ **(ဝဲပုံ)**

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ပေကျင်းမြို့ရှိ မြန်မာသံရုံး၌ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် မြန်မာပညာသင်များကို တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပညာတော်သင် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေကျင်းမြို့ရှိ မြန်မာသံရုံး၌ သံရုံးမိသားစုဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဒေါက်တာကံဇော် ဟွာဝေးကုမ္ပဏီသို့ သွားရောက်လေ့လာ

ပေကျင်း ဇွန် ၂၉

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဒေါက်တာကံဇော်တို့သည် ဇွန် ၂၈ ရက် နံနက် ၁၁ နာရီတွင် ပေကျင်းမြို့ရှိ ဟွာဝေးကုမ္ပဏီသို့သွားရောက်၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများကို ကြည့်ရှုလေ့လာခဲ့ကြသည်။**(အောက်ပုံ)**

ပြည်ထောင်စုဝန်ကြီးများကို ဟွာဝေးကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ Mr. Zhang Chun Xiang နှင့်အဖွဲ့က ဟွာဝေးကုမ္ပဏီ၏ ဆက်သွယ်ရေးဆိုင်ရာ မျိုးဆက်သစ် စမတ်ဖုန်းများထုတ်လုပ်နေမှု၊ မြန်မာနိုင်ငံ၏ e- Government လုပ်ငန်းစဉ်များတွင် အဆင့်မြင့်သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများဖြင့် ကူညီပေးသွားမည့် အစီအစဉ်များနှင့် ဟွာဝေးနှင့် မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်များ၌ စမတ်ဖုန်းနည်းပညာများဖြင့် ဖြန့်ဖြူးပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြသခဲ့ကြသည်။ **(သတင်းစဉ်)**

❒ **နိုင်ငံတော်သမ္မတမှ**

ချစ်ကြည်ရေးခရီးစဉ်အဖြစ် လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် အကြိမ် (၂၀)မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး တက်ရောက်ရန် လည်းကောင်း သွားရောက်ခဲ့သည်။

အလားတူ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းသည် ၂၀၁၂ ခုနှစ် မေလတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် လည်းကောင်း၊ ၂၀၁၄ ခုနှစ် မတ်လတွင် နေပြည်တော်၌ ကျင်းပသည့် တတိယအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်လည်းကောင်း လာရောက်ခဲ့သည်။

အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဟာမစ်အန်ဆာရီသည် ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ဖူးသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အပြန်အလှန်ကုန်သွယ်မှု အနေဖြင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၇ ဘီလီယံရှိခဲ့ပြီး ယင်းမှာ ၂၀၁၂-၂၀၁၃ ခုဘဏ္ဍာရေးနှစ်ကထက် ၂၄ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာခြင်းဖြစ်သည်။ အနာဂတ်တွင် ယခုထက်ပိုမိုမြင့်တင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❍ **ကျောဖုံးမှ**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျောက်ကြီး-စင်းခန်းလမ်းပိုင်း လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း စင်းခန်း-မန်စီလမ်းပိုင်းရှိ ဘူတာများ၊ အဆောက်အအုံများ ပျက်စီးမှုရှိ/မရှိကို အခါအားလျော်စွာ စစ်ဆေးလျက်ရှိသည်။ မြလယ်-ဟန်ထက်-မန်စီရှိ ဘူတာများနှင့် ဝန်ထမ်းနေအိမ်များကို လမ်းပိုင်းဖွင့်လှစ်မည့်အချိန်တွင် ပြုပြင်မွမ်းမံသွားမည်ဖြစ်ပြီး ရုံပိုင်နှင့် ဝန်ထမ်းများက စောင့်ရှောက်သွားမည်ဖြစ်သည်ကို ဘူတာနှင့် အဆောက်အအုံများ ပျက်စီးမှုနှင့်ပတ်သက်၍ ရှင်းလင်းထားသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက မြစ်ကြီးနားသို့စာပို့ပါက တစ်ပတ်၊ ၁၀ ရက်ကြာသည့်ကိစ္စနှင့်ပတ်သက်၍ လက်ရှိချောလမ်းကြောင်းကို စစ်ဆေးပြီး မြန်ဆန်မည့်နည်းလမ်းများကို ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖုန်းကတ်များအား လိုသလောက်ရောင်းချပေးရေးနှင့်ပတ်သက်၍ တယ်လီဖုန်းသိပ်သည်းဆအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၇၅-၈၀ ရာခိုင်နှုန်းရောက်ရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နိုင်ငံခြားကုမ္ပဏီတစ်ခုနှင့် လက်တွဲဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ မိုးမောက်တွင် GSM စခန်း အမြန်ပြီးစီးရေးနှင့်ပတ်သက်၍ လက်ရှိတာဝါ ဖောင်ဒေးရှင်း ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်နေပြီး သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေး တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ CDMA လိုင်းများကို လိုအပ်သောစစ်ဆေးမှုများပြုလုပ်ပြီး ကောင်းမွန်စွာဆက်သွယ်နိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

ငါးသိုင်းချောင်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ငါးသိုင်းချောင်း ဇွန် ၂၉

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်ခွဲ မြို့မရပ်ကွက် ဗိုလ်ချုပ်လမ်းနေ ဦးထွန်းထွန်းဦး၏ နေအိမ်အပေါ်ထပ် (၁၀ ပေ) ပတ်လည် အိပ်ခန်းတွင် တပ်ဆင်ထားသော ဝပ် ၅၀၀၀ လက်လှည့် မီးအားမြှင့်စက်အသုံးပြု၍ ထမင်းပေါင်းအိုးတည်ရာမှာ အပူရှိန်လွန်ကဲ၍ အနီးရှိ မွေ့ရာအား ကူးစက်လောင်ကျွမ်းမှု ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီက ဖြစ်ပွားရာ မြို့နယ်ခွဲရှိ မီးသတ်တပ်ဖွဲ့နှင့် ရပ်ရွာပြည်သူများက အချိန်မီ ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့သဖြင့် မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ ရေကြည်မြို့နယ်မှ မီးသတ်ယာဉ် တစ်စီး၊ ငါးသိုင်းချောင်းမြို့နယ်ခွဲမှ မီးသတ်ယာဉ် နှစ်စီး၊ အဝီစိငုံစုပ်တွင်း သုံးတွင်းမှ ရေအားနှင့် ပြည်သူအင်အား ၁၀၀ ခန့်မှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ခြင်းဖြစ်ပြီး ယင်းမီးပေါ့ဆမှုအတွက် မြို့နယ်ခွဲရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မြို့နယ်ခွဲ(ပြန်/ဆက်)**

ဘဏ္ဍာရေးဝန်ကြီးဌာန နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၉

ဘဏ္ဍာရေးဝန်ကြီးဌာန နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့် အရှိန်မြှင့်တင်ခြင်း လုပ်ငန်းစဉ် ဆွေးနွေးပွဲကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)၌ ဇွန် ၂၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက တတိယအဆင့် အရှိန်မြှင့်တင်ပြောင်းလဲမှုမှာ နိုင်ငံတော်မှ ပထမအဆင့်နှင့် ဒုတိယအဆင့် ပြုပြင်ပြောင်းလဲမှုများကို ထပ်မံအရှိန်အဟုန်မြှင့်တင်ပြောင်းလဲနိုင်မည့် အဆင့်ဖြစ်ကြောင်းနှင့် လက်ရှိဆောင်ရွက်ရမည့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့်တွင် ပါဝင်သည့် အဓိကဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက တာဝန်သိမှု၊ တာဝန်ရှိမှုနှင့်ပတ်သက်၍ တာဝန်သိမှုအပိုင်းတွင် မိမိလုပ်ရမည့်လုပ်ငန်းကိုသိရှိခြင်း၊ မည်သူမျှမစေခိုင်းဘဲ လုပ်စရာရှိသည်များကို မိမိအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ခြင်းနှင့် တာဝန်ယူမှုမှာ မိမိဆုံးဖြတ်ဆောင်ရွက်သည့် ကိစ္စအဝဝအားလုံးအပေါ် တာဝန်ရှိမှုဖြစ်ကြောင်းနှင့် ဥပဒေနှင့်ညီညွတ်အောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း အချက်အလက်ပြည့်စုံစွာဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆက်လက်၍ အကြီးအကဲများက မိမိဌာနအလိုက် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ပြုပြင်ပြောင်းလဲမှုများအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

HERO ရုပ်ရှင်ဇာတ်ကား အခမဲ့ကြည့်ရှုနိုင်

ရန်ကုန် ဇွန် ၂၉

ရုပ်ရှင်ချစ်ပြည်သူများ ယခုတစ်ပတ်(တနင်္ဂနွေ)အားလပ်ရက် အပန်းဖြေကြည့်ရှုနိုင်စေရေးအတွက် (၂၉)ကြိမ်မြောက်အဖြစ် အခမဲ့ ရုပ်ရှင်ဇာတ်ကား ပြသမည်ဖြစ်သည်။

အဆိုပါ တနင်္ဂနွေအားလပ်ရက် ရုပ်ရှင်ပွဲကို Laurel Art Academy ရုပ်ရှင်အနုပညာသင်တန်းကျောင်းမှ သင်တန်းသားများနှင့် ရုပ်ရှင်ချစ်ပရိသတ်များ တနင်္ဂနွေအားလပ်ရက်တွင် အပန်းဖြေကြည့်ရှုနိုင်ရန်အတွက် "HERO"အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၆ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်(ပုလဲကွန်ဒိုဝင်း) ခြံအမှတ်(၁/၅)(စီ)ရှိ Laurel Art Academy Studio ၌ အခမဲ့ပြသပေးမည်ဖြစ်ပြီး ရုပ်ရှင်ဒါရိုက်တာ ဦးမောင်မောင်မြင့်က ရုပ်ရှင်အနုပညာဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြသပေးမည်ဖြစ်ကြောင်း သိရသည်။ **(ကိုကြီးကျော်)**

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (၁၉)ကြိမ်မြောက် နှစ်ပတ်လည် စုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၉

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည် စုံညီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ Dolphin ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံဘဏ်များအသင်းမှ အသင်းဝင်များ၊ အစုရှယ်ယာရှင်များ တက်ရောက်ကြသည်။**(ယာပုံ)**

စုံညီအစည်းအဝေးတွင် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်နာယက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အမှာစကား ပြောကြားရာတွင် ဘဏ်များ၏ အဓိကဝင်ငွေသည် ချေးငွေများ ထုတ်ချေးပေးခြင်းအပေါ် မှရရှိသော ဝင်ငွေဖြစ်ကြောင်း၊ အဆိုပါချေးငွေများထုတ်ချေးရာတွင်လည်း ခိုင်မာပြီး စိတ်ချရသော ချေးငွေများကိုသာ ထုတ်ချေးနိုင်ရန်အတွက် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့ အစည်းများဥပဒေ၊ နည်းဥပဒေများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာသွားရန် အထူးလိုအပ်မှာဖြစ်ကြောင်း၊ ဤဘဏ်အနေဖြင့် ခွင့်ပြုပြီးသား ခိုင်မာသော ချေးငွေများ အမြန်ဆုံးထုတ်ပေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။

ဒါရိုက်တာအဖွဲ့၏ စုပေါင်းဦးဆောင်မှု၊ ဝန်ထမ်းများ၏ ကြိုးစားဆောင်ရွက်မှုနှင့် လုပ်ငန်းရှင်များ၏ ဘဏ်အပေါ်တွင်ထားရှိသော ယုံကြည်မှုများ ပိုမိုခိုင်မာလာသောကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ချေးငွေများကို ငွေကျပ် ၈၅ ဒသမ ၅ ဘီလီယံကျော်အထိ ထုတ်ချေးနိုင်ခဲ့ပါကြောင်း၊ ချေးငွေများအနက်မှ စက်မှုလုပ်ငန်းများအတွက် ချေးငွေသည် ငွေကျပ် ၃၄ ဒသမ ၃၃ ဘီလီယံကျော်ဖြစ်သည့်အတွက် စက်မှုကဏ္ဍအတွက် ချေးငွေသည် စုစုပေါင်း ချေးငွေ၏ ၄၀ ရာခိုင်နှုန်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ အဓိကရည်ရွယ်ချက်သည် နိုင်ငံတော်၏ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်လာစေရေးဖြစ်ရာ စက်မှုလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် ငွေကြေးအခန်းကဏ္ဍကို ဖြည့်ဆည်းပေးနိုင်မည့် ဦးဆောင်ဘဏ်တစ်ခုအဖြစ် ရပ်တည်သွားရန်နှင့် SMEs များ ဖွံ့ဖြိုးစေရန် နည်းလမ်းကောင်းများရှာပြီး ကြိုးစားပံ့ပိုးကူညီသွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားခြင်း၊ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ အမြတ်ဝေစုနှင့် စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် အစုရှယ်ယာရှင်များက သိလိုသည်များကို မေးမြန်းကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆက်အောင်နှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် အသေးစားနှင့် အလတ်စားစက်မှုဖွံ့ဖြိုးရေးဘဏ်လီမိတက်က လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများကို ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တို့က တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါအသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်ကို ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ယနေ့ထိ ဘဏ်ခွဲပေါင်း ၁၃ ခု ဖွင့်လှစ်ပြီးဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွင်း ဘဏ်ခွဲ ငါးခုကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မြင်းခြံ၊ ကျောက်ပန်းတောင်းနှင့် မကွေးမြို့များတွင် ထပ်မံတိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်ထားသည်။

ယင်းဘဏ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းရှင် ၆၂ ဦးအား အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ငွေကျပ် ၁၀ ဘီလီယံ ထုတ်ချေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၀ ဘီလီယံ ထပ်မံထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

SMEs ချေးငွေလျှောက်ထားမည်ဆိုပါက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ အမှန်တကယ် လုပ်ငန်းဆောင်ရွက်ကြောင်း ထောက်ခံချက်ပါရှိရမည်ဖြစ်ပြီး အဆိုပါထောက်ခံချက်ဖြင့် စက်မှုဝန်ကြီးဌာနအောက်ရှိ SMEs စင်တာမှတစ်ဆင့် ထောက်ခံချက်ဖြင့် မိမိတို့ဘဏ်သို့ တင်ပြရမည်ဖြစ်ကြောင်း၊ ဘဏ်မှ လက်ရှိချေးငွေလုပ်ထုံးလုပ်နည်းများဖြင့်ဆောင်ရွက်ကာ စက်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် ချေးငွေများကို ဦးစားပေးထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောက်စိမ်းအတွဲအမှတ် (၂၄၀၁) မှ (၃၆၀၀) အထိ စုစုပေါင်းအတွဲ ၁၂၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေး

နေပြည်တော် ဇွန် ၂၉

(၅၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပပြီး ကျောက်စိမ်းအတွဲအမှတ် (၂၄၀၁) မှ (၃၆၀၀) အထိ စုစုပေါင်း အတွဲ ၁၂၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသည်။

ယခုအကြိမ်ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၇၁၆၀ တွဲကို ဇူလိုင် ၃ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၂၉၄ တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နံနက် ၈ နာရီမှစ၍ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအား စိတ်ဝင်တစား ကြည့်ရှုရွေးချယ်မှတ်သား၍ ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြီးကြပ်၍ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။

ညနေပိုင်းတွင် တင်ဒါပုံးများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကြပြီး တင်ဒါအောင်မြင်သူများကို ပွင့်လင်းမြင်သာစွာဖြင့် ကျောက်စိမ်းအတွဲများအား ရောင်းချပေးခဲ့ကြသည်။

ယနေ့ပြပွဲကို တရုတ်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ရှိ ကုမ္ပဏီပေါင်း ၁၀၄၉ ခုမှ ပြည်ပရတနာကုန်သည်ပေါင်း ၄၁၅၂ ဦး၊ ပြည်တွင်းကုမ္ပဏီ ၉၄၃ ခုတို့မှ ပြည်တွင်း ရတနာကုန်သည်ပေါင်း ၂၂၀၃ ဦးတို့ လာရောက်ကြည့်ရှုအားပေးဝယ်ယူကြသည်။

နေပြည်တော်၌ ကျောက်မျက်ရတနာပြပွဲများကို ၂၀၁၀ ခုနှစ်မှစတင်၍ ကျင်းပခဲ့ရာ ကျောက်မျက်ရတနာပြပွဲ စုစုပေါင်း (၇) ကြိမ်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ယခုကျင်းပသည့် (၅၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် (၈) ကြိမ်မြောက် ပြပွဲဖြစ်ကြောင်း သိရသည်။

ယခုအကြိမ်ပြပွဲတွင် ရတနာကုန်သည်များ စိတ်တိုင်းကျဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည့်အပြင် ရတနာကုန်သည်များ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ သွားလာရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးစသည့် ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက်လည်း လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ကော်မတီအလိုက် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ရတနာကုန်သည်များ ငွေကြေးအလွယ်တကူ လဲလှယ်နိုင်ရန်အတွက် ပြပွဲခန်းမအတွင်း၌ CB ဘဏ်၊ ကမ္ဘောဇဘဏ် (KBZ) နှင့် (AGD) ဘဏ်တို့မှ ငွေလဲကောင်တာများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဆက်သွယ်ရေးကဏ္ဍအတွက်လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆက်သွယ်ရေးဝန်ဆောင်မှုများကို လာရောက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ပြပွဲသို့ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် ဗဟိုကော်မတီအဖွဲ့ဝင်များသည် ခန်းမအတွင်း၌ ရတနာဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု အခြေအနေများနှင့် ရတနာကုန်သည်များ၏ ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

ကုက္ကိုင်းရေကူးအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၉

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ အဆိုပါရေကူးကန်တွင် ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ အလှည့်ကျသဘာပတိ ဦးငြိမ်းကျော်က အဖွင့်အမှာစကားပြောကြားပြီး ကုက္ကိုင်းရေကူးအသင်း အတွင်းရေးမှူး ဦးချိုမောင်က ၂၀၁၃-၂၀၁၄ ခုနှစ် အမှုဆောင်ကော်မတီ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားသည်။ ဆက်လက်၍ ရွေးချယ်တင်မြှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဒေါက်တာထွန်းလွင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး အလှည့်ကျသဘာပတိ ဦးငြိမ်းကျော်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(ဖိုးသော်ဇင်)**

တစ်ပတ်အတွင်း ယာဉ်မတော်တဆမှု (၃၈) ကြိမ်ဖြစ် ခုနစ်ဦးသေ၊ ၄၀ ကျော် ဒဏ်ရာရ

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ဇွန် ၂၀ ရက်မှ ဇွန် ၂၆ ရက်အထိ ယာဉ်မတော်တဆမှု (၃၈) ကြိမ်ဖြစ်ပွားကာ ခုနစ်ဦး သေဆုံး၍ ၄၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

အဆိုပါယာဉ်မတော်တဆမှုဖြစ်စဉ်များသည် အမှတ် (၆) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ၏ ဧရိယာအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူခုနစ်ဦးမှာ အမျိုးသားများဖြစ်ကြကာ ဒဏ်ရာရသူ ၄၆ဦးတွင် အမျိုးသား ၃၁ ဦးနှင့် အမျိုးသမီး ၁၅ ဦး ပါဝင်ကြောင်း သိရသည်။

ယာဉ်မတော်တဆမှုပေါင်း ၃၈မှုတွင်လည်း မဆင်မခြင် မောင်းနှင်ဖြစ်ပွားမှု ငါးမှု၊ သာမန်ဒဏ်ရာ ရရှိစေသောဖြစ်ပွားမှု လေးမှု၊ အပြင်းအထန် ဒဏ်ရာရရှိစေသောဖြစ်ပွားမှု ၂၃ မှု နှင့် လူသေဆုံးသောဖြစ်ပွားမှု ခြောက်မှုပါဝင်ကြောင်း သိရသည်။ **(၆၈၀)**

ဟန်လင်း၊ ပိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းများသို့ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် သွားရောက်ကြည့်ရှု

နေပြည်တော် ဇွန် ၂၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်ရှိ ဟန်လင်းပျူယဉ်ကျေးမှုအမွေအနှစ်နယ်မြေသို့ရောက်ရှိပြီး လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ မှ ၅၀၀၀ ကြားကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ကျောက်ဖြစ်ရုပ်ကြွင်းများ တူးဖော်တွေ့ရှိရာ သင်္ချိုင်းနေရာနှင့် နန်းတော်ကုန်းတည်ရှိရာ နေရာများသို့ သွားရောက်ကြည့်ရှုသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံ-ညောင်ဦးရှိ သရပါဟိုတယ်၌ ပုဂံဇုန်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံပြီး ပုဂံခရီးစဉ်ဒေသစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး မကွေးမြို့ နန်းထိုက်သူဟိုတယ်၌ ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအတွင်း ခရီးစဉ်ဒေသအသစ်များ တိုးချဲ့ဖော်ထုတ်ရေးနှင့် ဝန်ဆောင်မှုအရည်အသွေးမြင့်မားတိုးတက်ရေးတို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ်ရှိ ပိဿနိုးပျူယဉ်ကျေးမှု အမွေအနှစ်နယ်မြေသို့ ရောက်ရှိပြီး ပိဿနိုးမြို့ဟောင်း ကုန်းအမှတ်(၃)နှင့် ကုန်းအမှတ်(၂)တို့အား သွားရောက်ကြည့်ရှုပြီး တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို သားစဉ်မြေးဆက် ရေရှည်တည်တံ့ခိုင်မြဲအောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ခရီးစဉ်ဒေသအဖြစ် မြှင့်တင်ကြော်ငြာနိုင်ရန်အတွက် လုပ်ငန်းရှင်များနှင့် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ သရေခေတ္တရာပျူယဉ်ကျေးမှုအမွေအနှစ်နယ်မြေရှိ သီရိခေတ္တရာပြတိုက်သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားအရင်းအမြစ်များကို တရုတ်နိုင်ငံတွင် မြှင့်တင်ကြော်ငြာရန် သတင်းရိုက်ကူးသော အာဆီယံ-တရုတ်စင်တာမှ ဦးဆောင်သော CCTV သတင်းအဖွဲ့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရသော သရေခေတ္တရာမြို့ဟောင်းအားပြသပြီး ၎င်းတို့သိရှိလိုသော မေးခွန်းများကို ပြန်လည်ဖြေကြားသည်။ **(ဝဲပုံ)**

အာဆီယံ-တရုတ်စင်တာ၏ ရည်မှန်းချက်ဖြစ်သော အနာဂတ်တွင် အာဆီယံနှင့် တရုတ်နိုင်ငံအတွင်း ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် ယဉ်ကျေးမှုပူးပေါင်းမြှင့်တင်ရန်အတွက် အာဆီယံ(၁၀)နိုင်ငံနှင့် တရုတ်နိုင်ငံတို့အား ကိုယ်စားပြုသည့် အမျိုးသားပန်း(၁၁)ပွင့်ကို စုပေါင်းပုံဖော်ရေးဆွဲထားသော ပန်းချီကားချပ်အား အာဆီယံ-တရုတ်စင်တာမှ တာဝန်ခံအရာရှိ Mr. Lai Xing က ပြည်ထောင်စုဝန်ကြီးအားပေးအပ်သည်။

ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်မြို့ပေါ်ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ပြည်ဒေသသို့ ပြည်တွင်းပြည်ပမှ ခရီးသည်ရောက်ရှိမှုသည် တစ်နှစ်ထက်တစ်နှစ်ပိုမိုဖွံ့ဖြိုးတိုးတက်လာရန်ရှိကြောင်း၊ သရေခေတ္တရာမြို့ဟောင်းအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်လိုက်သည့်အတွက် နောင်တွင်ပြည်တွင်းပြည်ပမှ ခရီးသည်များ ပိုမိုလာရောက်တော့မှာဖြစ်ကြောင်း၊ ယခုအခါ ပြည်မြို့တွင် ဟိုတယ် ၁၂ လုံးနှင့်အခန်း ၃၀၀ ခန့်သာရှိသည့်အတွက် ဟိုတယ်များပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် ဝန်ဆောင်မှု အရည်အသွေးမြှင့်တင်ရန်လိုအပ်ကြောင်း၊ ယခုကဲ့သို့ သရေခေတ္တရာ၊ ဟန်လင်းနှင့်ပိဿနိုးမြို့များအား (UNESCO) ယူနက်စကိုအဖွဲ့ကြီးမှ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ်သတ်မှတ်ပေးသည့်အတွက် ယင်းအမွေအနှစ်များ အစဉ်အမြဲတည်တံ့ခိုင်မြဲအောင် အားလုံးကပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရဲတပ်ဖွဲ့ဝင်များအား ပြန်လည်ခုခံသောရဲဘက်ပြေး ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ အုပ်ချုပ်မှုတပ်ခွဲမှူးခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ဆိပ်ကမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၂၄ ရက်ည ၁၁ နာရီခွဲတွင် ဗဟန်းမြို့မရဲစခန်း (ပ) ၁၆၇/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀/၇၅ ဖြင့် ပြစ်ဒဏ် ငါးနှစ်ကျခံနေရာမှ ထွက်ပြေးလာသော ရဲဘက်ပြေး ပေါင်မုန့် (ခ) ဇင်မင်းထွန်း (၂၅)နှစ် ဒလမြို့နယ်နေသူမှာ ဆိပ်ကမ်းမြို့နယ် ပန်းဆိုးတန်းဆိပ်ကမ်း၌ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးစဉ် ပေါင်မုန့် (ခ) ဇင်မင်းထွန်းက ပြန်လည်ခုခံကာ ချွန်ထက်သော အရာဖြင့် ထိုးခဲ့ရာ ရဲတပ်ကြပ်ချမ်းမြေ့ဦးတွင် ဝမ်းဗိုက်ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိခဲ့ပြီး ပေါင်မုန့် (ခ) ဇင်မင်းထွန်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် ဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ဖွဲ့ခွဲ (၂)မှ တပ်ဖွဲ့ဝင်များသည် တရားခံ ပေါင်မုန့်(ခ) ဇင်မင်းထွန်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇွန် ၂၅ ရက်မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ဖမ်းဆီးရာတွင်လည်း ၎င်းမှ အရှိုးအသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်ဖြင့် ပြန်လည်ခုခံခဲ့ပြီး အဆိုပါ ဓားဦးချွန်မှာ ဆိပ်ကမ်းမြို့မရဲစခန်းနယ်မြေ၌ အမှုကျူးလွန်စဉ် ကိုင်ဆောင်အသုံးပြုခဲ့သော ဓားဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဆိပ်ကမ်းမြို့မရဲစခန်းက ထပ်မံအမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စနိုးဝိုက်ဇာတ်လမ်းတွဲသစ်တွင် ဆက်လက်ပါဝင်သွားမည့် ခရစ္စတင်းစတီးဝပ်

Twilight ဇာတ်လမ်းတွဲများ၏ ပင်တိုင်မင်းသမီးချော ခရစ္စတင်းစတီးဝပ်က ၂၀၁၂ ခုနှစ်က ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည့် Snow White And The Huntsman ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားသစ်တွင် ဆက်လက်ပါဝင်သွားဖွယ်ရှိကြောင်း သိရသည်။

ဂျာမန်ဒဏ္ဍာရီပုံပြင်ဇာတ်လမ်းကို အခြေခံထားသည့် စနိုးဝိုက်ဇာတ်ကားတွင် အဓိကဇာတ်ဆောင် စနိုးဝိုက်မင်းသမီးအဖြစ် ပါဝင်ခဲ့သူ ခရစ္စတင်းအနေဖြင့် ယခုဇာတ်ကားသစ်တွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ရန်မှာ မသေချာကြောင်း၊ အခြားအဓိက ဇာတ်ဆောင်များဖြစ်သည့် Chris Hemsworth ကမူ ၎င်း၏ မူလဇာတ်ရုပ်ဖြင့်ပင် ဆက်လက်ပါဝင်သွားမည်ဖြစ်ကာ Charlize Theron အနေဖြင့် ဗီလိန်ဇာတ်ရုပ်အနည်းငယ် ဖြည့်စွက် သရုပ်ဆောင်မည် ဖြစ်ပြီး ယင်းဇာတ်ကားကို ၂၀၁၅ ခုနှစ်တွင် ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ခရစ္စတင်းစတီးဝပ်သည် ၂၀၀၇ ခုနှစ်က ရောင်းအားအကောင်းဆုံးဝတ္ထုတစ်ပုဒ်ဖြစ်ခဲ့သည့် အမည်တူဝတ္ထုကို အခြေခံထားသည့် Still Alice ဒရာမာဇာတ်ကားသစ်တွင်လည်း ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားကို ၂၀၁၅ ခုနှစ်တွင် ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇွန် ၂၆ ရက်က ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၁၂၂/၇) အနီး ကားလမ်းအနောက်ဘက်၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင် ရတနာတန်းဝင်ကျွန်းပင်စိုက်ပျိုးပေးစဉ်။

(ကြံခင်းသစ်တော)

မက္ကဆီကိုမင်းသမီးနှင့် ဂျာမန်မင်းသားတို့ ဟောလိဝုဒ်ရုပ်ရှင်အကယ်ဒမီအဖွဲ့ အဖွဲ့ဝင်သစ်များအဖြစ် ဖိတ်ခေါ်ခံရ

ဂျာမန်ရုပ်ရှင်မင်းသားနှင့် ထုတ်လုပ်သူတစ်ဦးဖြစ်သူ Michael Fassbender နှင့် ကင်ညာ-မက္ကဆီကိုမင်းသမီး Lupita Nyong'o တို့သည် ဟောလိဝုဒ်ရုပ်ရှင် အကယ်ဒမီအဖွဲ့ဝင်များအဖြစ် ဖိတ်ခေါ်ခြင်းခံထားရကြောင်း သိရသည်။

Lupita Nyong'o သည် ယမန်နှစ်အော်စကာအကယ်ဒမီဆုပေးပွဲတွင် သမိုင်းမှတ်တမ်းဇာတ်ကား 12 Years A Slave ဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့အကယ်ဒမီဆုရရှိထားသူတစ်ဦးဖြစ်ပြီး ၎င်းတို့နှစ်ဦးသည် မြောက်မြားစွာသော ဟောလိဝုဒ်အနုပညာရှင်များအနက်မှ ထူးခြားစွာရွေးချယ်ဖိတ်ကြားခြင်းခံရသူများဖြစ်သည်။

ရုပ်ရှင်အကယ်ဒမီအဖွဲ့အနေဖြင့် နှစ်စဉ် အဖွဲ့ဝင်သစ်များ တိုးချဲ့ဖိတ်ကြားပေးသွားမည်ဖြစ်ပြီး ယင်းအဖွဲ့အောက်ရှိ အဖွဲ့အစည်းအသီးသီးမှ လက်ရှိအဖွဲ့ဝင်များအနေဖြင့်လည်း အဖွဲ့ဝင်သစ်များကို အကြံပြုနိုင်ကြောင်း၊ ဖိတ်ကြားခံရသည့် အဖွဲ့ဝင်သစ်များအနေဖြင့် အမြဲတမ်းအဖွဲ့ဝင်များဖြစ်လာမည်ဖြစ်ကာ အကယ်ဒမီဆုအသီးသီးအတွက် လျှို့ဝှက်မဲပေးမှုများလည်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင် ရေးသားသည်

မင်းရဲကျော်စွာ ရောင်းဝယ်ရေးစခန်းမှ ဝါမဝင်ခင် ပြောင်းရွှေ့ရန်ညွှန်ကြားလာ

ရန်ကုန် ဇွန် ၂၉

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးစခန်းမှ ယာဉ်ရောင်းဝယ်မှုများကို ဝါမဝင်ခင် နေရာရွှေ့ပြောင်းသွားရန် ညွှန်ကြားထားကြောင်း ယာဉ်ဝယ်ရောင်းလုပ်ကိုင်သူများထံမှ သိရသည်။

အဆိုပါနေရာမှ မော်တော်ယာဉ်ရောင်းဝယ်နေမှုကို လှိုင်မြို့နယ်အတွင်း ပန်းခြံလမ်းရှိ ယခင်က မီးလောင်ခဲ့သော ကွင်းပြင်နေရာသို့ ပြောင်းရွှေ့ရန် စီစဉ်ထားသလို လတ်တလော ယင်းနေရာတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေလျက်ရှိကြောင်း သိရသည်။

"ယာဉ်ငယ်တွေကို ပြီးသလောက်နေရာမှာ လုပ်ကိုင်ဖို့အရင်ဆုံးပြောင်းရွှေ့စေချင်တယ်၊ ဘာတာမှာက နေရာအကုန်လုံးမပြီးသေးဘူး"ဟု ဝယ်ရောင်းတစ်ဦးက ပြောသည်။ ထိုသို့ပြောင်းရွှေ့မှုကို ယာဉ်ငယ်များ တစ်သုတ်၊ ယာဉ်ကြီးများတစ်သုတ်ချင်းစီ စီစဉ်နေခြင်းအစား နေရာခင်းကျင်းလုပ်ဆောင်မှုပြီးစီးမှသာ တစုတစည်းတည်း ပြောင်းရွှေ့ခွင့်ရရန် လိုလားနေကြကြောင်း သိရသည်။

"ယာဉ်ငယ်တွေပြောင်းပြီး ယာဉ်ကြီး သမားတွေ ကျန်ခဲ့မှာကိုလည်း ယာဉ်ကြီးသမားတွေက မဖြစ်စေချင်ဘူး၊ တစုတစည်းတည်း ပြောင်းရွှေ့စေချင်တယ်၊ နေရာအကုန်လုံးမပြီးသေးတာတောင်မှ ပြီးတဲ့အချိန်ကျမှ စုစုစည်းစည်းနဲ့ ပြောင်းလိုကြပါတယ်"ဟု ဝယ်ရောင်းတစ်ဦးက ပြောသည်။

ထိုပြောင်းရွှေ့မည့် ကိစ္စများနှင့်ပတ်သက်၍ မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးစခန်း (ယာယီ)အတွင်းတွင် လုပ်ကိုင်ကြသော လုပ်ငန်းရှင်များ အချင်းချင်း ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီးဖြစ်သလို အကုန်ပြောင်းရွှေ့သည့်နေ့တွင် စည်ပင်သာယာမှ ပုဂ္ဂိုလ်များအပါအဝင် မော်တော်ယာဉ်ရောင်းဝယ်ရေး အသင်းမှ ပုဂ္ဂိုလ်များ၊ ဝယ်ရောင်းများ၊ ပွဲစားများ စုပေါင်းကာ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်သွားရန် စီစဉ်နေကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ဒေါပုံ၌ မိုးရာသီလျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လတ်၏ ကြီးကြပ်မှုဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အထွေထွေမန်နေဂျာ (စီမံရေးဌာန) နေပြည်တော်မှ ဦးခိုင်ဇော်နှင့်အဖွဲ့၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး၊ ဒေါပုံ၊ သာကေတမြို့နယ်အုပ်ချုပ်ရေးမှူးတို့သည် ဇွန် ၂၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မင်းနန္ဒာလမ်းမကြီးတစ်လျှောက် ၃၃ ကေဗွီဓာတ်အားလိုင်းကြိုးနှင့် မလွတ်ကင်းသော သစ်ကိုင်း၊ သစ်ခက်များကို လျှပ်စစ်ဝန်ထမ်းများနှင့် စည်ပင်ဝန်ထမ်းများ စုပေါင်းအင်အား ၁၁၅ ဦးဖြင့် ခုတ်ထွင်းရှင်းလင်းပြီး ပြည်သူများအလွယ်တကူ သွားလာနိုင်ရန် ဆောင်ရွက်ကြကြောင်းသိရသည်။

အေးသန်း(ဒေါပုံ)



အိမ်ရှင်ဘရာဇီးအသင်း ချီလီအသင်းကို ပယ်နယ်တီအဆုံးဖြတ်ဖြင့် အနိုင်ယူပြီး ကွာတားဖိုင်နယ်တက်

ဘရာဇီး အသင်းဟာ ဒီနေ့ပွဲစဉ်မှာ အဓိကကစားသမားအစုံအလင်နဲ့ပွဲထွက်လာခဲ့ပြီးသီယာဂိုဆေးလ်ဗား၊ ဒေးဗစ်လူးဝစ်၊ မာဆယ်လို၊ နေမာ၊ ဂူစတာဗို၊ ဟော့ခ်၊ စတဲ့ အမာခံကစားသမားတွေကို ပွဲထုတ်လာခဲ့ပါတယ်။ စကိုလာရီဟာ ဘရာဇီးရဲ့ကွင်းလယ်ပိုင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဂူစတာဗိုကိုဖာနန်ဒင်ဟိုနဲ့တွဲဖက်ပေးခဲ့သလို အော်စကာကို ဘယ်တောင်ပံထုတ်ပြီး ကစားစေခဲ့ပါတယ်။ ပွဲစကတည်းက ဘရာဇီးအသင်း တိုက်စစ်ဆင်ကစားပေမယ့် ချီလီရဲ့အတို့အစိတ်တွေနဲ့ အသင်းလိုက်မြန်နှုန်းမြင့်ကစားဟန်ကို မကျော်ဖြတ်နိုင်ခဲ့ပါဘူး။ နှစ်သင်းစလုံး တစ်သင်းအကြောင်း တစ်သင်းကောင်းကောင်းသိနေတာကြောင့်ပွဲကအကြိတ်အနယ်ရှိခဲ့ပြီး ကြမ်းတမ်းခဲ့ပါတယ်။ ဒီနေ့မှာ ချီလီရဲ့ ကစားပုံကိုချီးကျူးရမှာဖြစ်ပြီး အလက်ဆစ်ဆန်းချက်ဇ်၊ အာရန်ဂွက်ဇ်ဗားဂတ်စ်၊ ဗီဒယ်တို့ရဲ့တွဲလုံးတွေဟာ ဘရာဇီးနောက်တန်းကိုအထိတ်တလန့်ဖြစ်စေခဲ့ပါတယ်။ ဒါ့အပြင် နှစ်သင်းစလုံးအပြန်အလှန် တိုက်စစ်ဖွင့်ကစားခဲ့တာကြောင့် ပွဲကကြည့်ကောင်းခဲ့ပြီးပွဲကစားချိန် ၁၈ မိနစ်မှာ ဘရာဇီးအသင်းဦးဆောင်ဂိုးရရှိခဲ့ပါတယ်။ နေမာကန်တင်ပေးလိုက်တဲ့ထောင့်ကန်ဘောကို သီယာဂိုဆေးလ်ဗားခေါင်းတိုက်ချပေးရာမှတစ်ဆင့် ဒေးဗစ်လူးဝစ် အလျင်အမြန်ပိတ်သွင်းပြီး အသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူခဲ့ပါတယ်။ ဒါကြောင့် ချီလီအသင်းတစ်သင်းလုံးတိုက်စစ်ကို လိုက်ပါကစားခဲ့ပြီး နေမာ၊ ဟော့ခ်တို့ရဲ့တန်ပြန်တိုက်စစ်တွေကလည်း ချီလီနောက်တန်းအတွက် အခက်တွေ့ခဲ့ပါတယ်။ ပွဲကစားချိန် ၃၂ မိနစ်မှာ ဘရာဇီး နောက်တန်းရဲ့ အမှားကနေ ဆန်းချက်ဇ် ဘောလုံးရရှိသွားခဲ့ပြီး ဧရိယာထဲမှာ အပိုင်ကန်သွင်းယူကာ အသင်းအတွက်အဖိုးတန်ချေပဂိုးကိုပြန်လည်သွင်းယူခဲ့ပါတယ်။ အဲဒီနောက်မှာ ဖိအားဝင်သွားတဲ့ဘရာဇီး တရစပ်တိုက်စစ်ဆင်လာခဲ့ပြီး ချီလီနောက်တန်းကလည်းပြုံဆင်းသွားခဲ့ရပါတယ်။ ဒါပေမယ့် ဂိုးသမားဘရာဗိုရဲ့လက်စွမ်းပြမှုကာကွယ်မှုတွေကြောင့် ဘရာဇီးဂိုးမရရှိခဲ့သလို ကိုယ်တိုင်လည်း အဆုံးသတ်အားနည်းခဲ့ပါတယ်။ ဒါ့အပြင် ဘရာဇီးအသင်းရဲ့ တိုက်စစ်မှူး ဖရတ်ဒ်ဟာ လူပိုတစ်ဦးလိုဖြစ်နေပြီး ဘရာဇီးလိုထိပ်တန်းအဆင့်အသင်းမျိုးမှာ နေမာ၊ ဟော့ခ်တို့ကလွဲပြီး လောက်လောက်လားလား ပြရလောက်တဲ့ တိုက်စစ်မှူးမရှိတာဟာ အံ့အားသင့်စရာပါပဲ။ ဒါ့အပြင် သူ့နေရာကိုအစားဝင်လာခဲ့တဲ့ ဂျိုးဟာလည်း စိတ်ပျက်စရာကောင်းခဲ့ပြီး အပိုင်အခွင့်အရေးအနည်းငယ်ရရှိပေမယ့်လည်း အမှားမှားအယွင်းယွင်း နဲ့သာကစားနိုင်ခဲ့ပါတယ်။ ဒုတိယပိုင်းအစမှာတော့ပထမပိုင်းကလောက်အကြိတ်အနယ်မရှိတော့ဘဲ နှစ်သင်းစလုံးကစားအားအနည်းငယ် ကျသွားခဲ့ပေမယ့် ပွဲကဆက်ပြီး ကြည့်ကောင်းနေဆဲပါ။နောက်ဆုံးမိနစ်ထိ နှစ်သင်းစလုံးတိုက်ပွဲဝင်စိတ်ဓာတ်အပြည့်နဲ့ ကစားသွားခဲ့တာကြောင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကောင်းခဲ့ပါတယ်။ ဒါပေမယ့်ပွဲအပြီးမှာ တစ်ဂိုးစီသရေကျနေခဲ့တာကြောင့် အချိန်ပိုဆက်လက်ကစားခဲ့ရပေမယ့် နှစ်ဘက်စလုံး ဂိုးမသွင်းနိုင်ခဲ့တာကြောင့် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရပြီး ချီလီနောက်ခံလူ ဂျာရာပင်နယ်တီ လွဲချော်ခဲ့တာကြောင့် ပွဲအပြီးမှာအိမ်ရှင်တို့ နောက်တစ်ဆင့်ကိုတက်ရောက်ခဲ့ပါတယ်။ ကွာတားဖိုင်နယ်မှာတော့ဘရာဇီးတို့ဟာ ဒေသတွင်းပြိုင်ဘက် ကိုလံဘီယာအသင်းနဲ့ ဆီမီးအိပ်မက်အတွက် အပြိုင်နွှဲရတော့မှာပဲဖြစ်ပါတယ်။ **[ကိုရဲ]**

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကျရှုံးခဲ့ရခြင်းအား မိမိအပေါ်တွင်သာ အပြစ်တင်ရန် ဟောင်မြန်ဘို ပြောကြား

တောင်ကိုရီးယားအသင်း၏နည်းပြဖြစ်သူဟောင်မြန်ဘိုသည်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၎င်းတို့၏ အသင်းမှာ နိုင်ပွဲတစ်ပွဲမျှမရရှိခဲ့ဘဲအုပ်စုအဆင့်မှသာထွက်ခွာခဲ့ရခြင်းအား မိမိအပေါ်တွင်သာ အပြစ်တင်ရန်ပြောကြားလိုက်သည်။ တောင်ကိုရီးယားအသင်းသည် ကမ္ဘာ့ဖလားတွင်အုပ်စုတွင်းပြိုင်ဘက်များဖြစ်သည့် ဘယ်လ်ဂျီယံ၊ ရုရှား၊ အယ်လ်ဂျီးရီးယားစသည့်အသင်းများနှင့်ရင်ဆိုင်ကစားရာတွင်ရုရှားအသင်းကို သရေရရှိအောင်သာကစားနိုင်ခဲ့ပြီး ကျန်နှစ်ပွဲတွင် ရှုံးနိမ့်ခဲ့သည်။

ထို့ကြောင့် တောင်ကိုရီးယားမီဒီယာများက ကစားသမားများအပေါ် ဖိအားပေးပြစ်တင်ရေးသားခဲ့ကြသော်လည်း နည်းပြဖြစ်သူ ဟောင်မြန်ဘိုက မိမိတွင်သာတာဝန်ရှိကြောင်းလည်းပြောကြားခဲ့သည်။ ၎င်းက “ကျွန်တော်တို့ဟာ ပြိုင်ပွဲမှာ အကောင်းဆုံးကြိုးစားခဲ့ကြပါတယ်၊ တိုက်စစ်အသားပေးကစားပုံနဲ့ ကစားခဲ့ပေမယ့်လည်း ပြိုင်ဘက်ရဲ့တန်ပြန်တိုက်စစ် တွေကို မထိန်းနိုင်ခဲ့လို့ ရှုံးနိမ့်ခဲ့ရတာပါ။ ဒါ့အပြင် ကျွန်တော်တို့ဟာ ငယ်ရွယ်တဲ့ လူငယ်ကစားသမားအများစုနဲ့ တည်ဆောက်ထားတာပါ၊ ဒီလူငယ်တွေဟာ နောက်လေးနှစ်ကြာမြင့်တဲ့အချိန်ကာလတစ်ခုမှာ တောင်ကိုရီးယားရဲ့ အကောင်းဆုံးမျိုးဆက် ဖြစ်လာပါလိမ့်မယ် ပြိုင်ပွဲမှာကျရှုံးခဲ့ရတာသူတို့ကို အပြစ်တင်ဖို့ မလိုအပ်ပါဘူး၊ ကျွန်တော့်မှာသာအပြည့်အဝ တာဝန်ရှိပါတယ်”ဟုပြောကြားသွားခဲ့သည်။ လက်ရှိအချိန်တွင် အသက် ၄၅ နှစ်အရွယ်ရှိ ဟောင်မြန်ဘိုသည် တောင်ကိုရီးယားအသင်း၏ ဂန္တဝင်ကစားတစ်ဦးဖြစ်သလို အိမ်ရှင်အဖြစ်လက်ခံ

ကျင်းပခဲ့သည့် ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းခေါင်းဆောင်အဖြစ်တောင်ကိုရီးယားအသင်းတွင် ပါဝင်ကစားခဲ့ပြီး ၎င်းတို့မှာလည်း စတုတ္ထနေရာရရှိခဲ့သည်။

[စွမ်းထက်အောင်]

၂၀၁၄ ကမ္ဘာ့ဖလား
ရှုံးထွက်အဆင့်ပွဲစဉ်များရလဒ်

[၂၈ - ၆- ၂၀၁၄]

ဘရာဇီး ၁ - ၁ ချီလီ

ဒေးဗစ်လူဝစ် (၁၈ မိနစ်) ဆန်းချက် (၃၂ မိနစ်)

(ပင်နယ်တီအဆုံးအဖြတ်တွင် ဘရာဇီးက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။)

[၂၉ - ၆- ၂၀၁၄]

ကိုလံဘီယာ ၂ - ၀ ဥရုဂွေး

ဂျိမ်းရိုဒရီဂွက်ဇ်

(၂၈၊ ၅၀ မိနစ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဂိုးအများဆုံး သွင်းထားသူများ

၁။	ရိုဒရီဂွက်ဇ်	ကိုလံဘီယာ	(၅) ဂိုး
၂။	မူလာ	ဂျာမနီ	(၄) ဂိုး
၃။	မက်ဆီ	အာဂျင်တီးနား	(၄) ဂိုး
၄။	နေမာ	ဘရာဇီး	(၄) ဂိုး
၅။	ဘန်ဇီမာ	ပြင်သစ်	(၃) ဂိုး
၆။	ဗန်ပါစီ	ဟော်လန်	(၃) ဂိုး
၇။	ရော်ဘင်	ဟော်လန်	(၃) ဂိုး
၈။	ရှာကွီရီ	ဆွတ်ဇာလန်	(၃) ဂိုး
၉။	ဗလင်စီယာ	အီကွေဒေါ	(၃) ဂိုး





မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

THE WORLD'S NUMBER ONE LUXURY CAR BRAND HAS ARRIVED.

Contact 09 8633 209 or email info@pac-bmw.com

PRESTIGE AUTOMOBILES.
MYANMAR'S EXCLUSIVE AUTHORISED BMW DEALER.

BMW EfficientDynamics
Less emissions. More driving pleasure.

လယ်ဓမ္မကျေးရွာရှိကျောင်းသားများအား ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်

ပုလဲ၊ ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ လယ်ဓမ္မကျေးရွာတွင် ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) အဆင့်တိုးမြှင့် ရရှိခြင်း အထိမ်းအမှတ်အနေဖြင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သာသနဇောတိက ပရိယတ္တိစာသင်တိုက်၊ အမှတ်(၅) ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း၊ ကျောင်းအုပ် ဆရာတော် အရှင်မာနိတာစာရက ကျောင်းသား၊ ကျောင်းသူများအတွက် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ကျောင်းဝတ်စုံများ၊ ကျောပိုးအိတ်များနှင့် တစ်နှစ်စာ အသုံးပြုရန် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သာသနဇောတိက ပရိယတ္တိစာသင်တိုက်၊ အမှတ်(၅) ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် အရှင်မာနိတာစာရက "ဘုန်းဘုန်းက လယ်ဓမ္မကျေးရွာ ဇာတိပါ။ ငယ်စဉ်က အတန်းပညာ သင်ကြားတုန်းက စတုတ္ထတန်းမှာ ရွာနဲ့ငါးမိုင်ကျော်လောက်ဝေးတဲ့ လဲကန်တို့ ပိတောက်ကုန်းရွာတို့ကို လှည်းနဲ့ စားအိုးစားခွက်တွေတင်ပြီး စာမေးပွဲသွားဖြေရခဲ့တဲ့ အခက်အခဲ၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေနဲ့ ပညာကို သင်ယူခဲ့ရပါတယ်။ ဒါကြောင့် ဘုန်းဘုန်းရွာက ကလေးတွေ ပညာရေးလမ်းခရီး ဆုံးခန်းတိုင်အောင်နဲ့ ပညာသင်ယူရာမှာ အခက်အခဲတွေ မဖြစ်စေရေးအတွက် နှစ်စဉ် ဘုန်းဘုန်းတတ်နိုင်သလောက် ထောက်ပံ့လှူဒါန်းပေးခဲ့ပါတယ်။ ဒီနှစ်ဆိုရင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ဘုန်းဘုန်းဇာတိဖြစ်တဲ့ လယ်ဓမ္မကျေးရွာမှာရှိတဲ့ မူလွန်ကျောင်းဟာ နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရနဲ့ ဌာနတာဝန်ရှိသူများရဲ့ ဆောင်ရွက်ပေးမှုနဲ့ အလယ်တန်းကျောင်း(ခွဲ)အဆင့်ကို တိုးမြှင့်ရရှိခဲ့တယ်လို့ ရွာကလှမ်းပြောလို့ ပီတိဖြစ်စွာနဲ့ ဒီကျောင်းမှာ ပညာသင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူ ၁၉၈ ဦးအတွက် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိတဲ့ ကျောင်းစိမ်းဝတ်စုံ၊ စောင်၊ ခြင်ထောင်၊ သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနဲ့ ကျောင်းရုံးခန်းသုံး ပစ္စည်းများကို လာရောက် လှူဒါန်းပေးခြင်းဖြစ်ပါတယ်"ဟု မိန့်ကြားခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဆရာတော် အရှင်မာနိတာစာရမှ ထောက်ပံ့လှူဒါန်းသည့် ပစ္စည်းများကို ပုလဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုး၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးမြင့်သိန်းစိုးနှင့် လ/ထမြို့နယ်ပညာရေးမှူး ဦးဌေးလွင်တို့က ပေးအပ်ခဲ့ရာ အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက အသီးသီး လက်ခံရယူခဲ့ကြကြောင်းသိရသည်။

မြင့်သိန်းစိုး(ပြန်/ဆက်)

(၃၈)ကြိမ်မြောက် ပညာရည်ချွန်ဂုဏ်ပြုပွဲကျင်းပ

ဝမ်းတွင်း၊ ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် ၂၀၁၃-၂၀၁၄ ခုနှစ် တစ်မြို့နယ်လုံး တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် သုံးဦးနှင့် စတုတ္ထတန်း ဖိတ်ခေါ်ပြိုင်ပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၈ နာရီက သဲတော(၃) သူဌေးကုန်းရပ်ကွက်နေ သုဓမ္မမဏိဇောတဓရ ဆရာကြီးဦးတင်မောင်-ဒေါ်စိန်ရွှေ (ရွှေဝါမိသားစု)နေအိမ်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ၊ ဆရာမများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ အလှူရှင်များတက်ရောက်ကြသည်။ အခမ်းအနားတွင် သုဓမ္မမဏိဇောတဓရ ဆရာကြီးဦးတင်မောင်က ပညာရည်ချွန်ဂုဏ်ပြုပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် သုံးဦးအား တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ ဖြင့်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ် စတုတ္ထတန်းဖိတ်ခေါ်ပြိုင်ပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူ ကျောင်းသား ၁၅ ဦးအား ပထမဆုအတွက် ငွေကျပ် ၁၂၀၀၀၊ ဒုတိယဆုအတွက် ငွေကျပ် ၁၁၅၀၀၊ တတိယဆုအတွက် ငွေကျပ် ၁၁၀၀၀၊ စတုတ္ထဆုအတွက် ငွေကျပ် ၁၀၅၀၀၊ ပဉ္စမဆုအတွက် ငွေကျပ် ၁၀၀၀၀ တို့အား ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အထူးဆုရရှိသူ ၁၀ ဦးအား ငွေကျပ် ၈၀၀၀ စီဖြင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ပြီး ဝမ်းတွင်းမြို့နယ် ပညာရေးထောက်ပံ့မှုအဖွဲ့မှ ဆေးတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူနှစ်ဦးအား တစ်ဦးလျှင် ငွေကျပ်သုံးသိန်းစီ ပေးအပ်ချီးမြှင့်သည်။

ယခုလို နှစ်စဉ်နှစ်တိုင်း ပညာရည်ချွန်ဂုဏ်ပြုပွဲ ပြုလုပ်လာခဲ့သည်မှာ (၃၈)ကြိမ်မြောက် ရှိပြီဖြစ်ကြောင်းနှင့် ထူးချွန်စွာအောင်မြင်ခဲ့သူများအား အသိအမှတ်ပြုဂုဏ်ပြုရခြင်းဖြစ်သကဲ့သို့ နောင်မျိုးဆက်သစ်ကျောင်းသူ၊ ကျောင်းသားများ အားကျအတုယူပြီး ပညာရေးကို ကြိုးစားသင်ယူစေရန် ရည်ရွယ်ကာ ဂုဏ်ပြုပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း သုဓမ္မမဏိဇောတဓရ ဆရာကြီး ဦးတင်မောင်က ပြောသည်။

ဌေးလှိုင်(ဝမ်းတွင်း)

မကွေးတိုင်းဒေသကြီးအတွင်း နှမ်းစပါးခင်းအချို့ ဆစ်ပိုးနှင့် ခြစ်စားပိုးကျရောက်၍ စပါးအထွက်နှုန်းလျော့

ရေစကြို၊ ဇွန် ၂၉

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မြေခဲတောင်ကျေးရွာ မြေခဲတောင်ဆည်ရေသောက် ဧရိယာတွင် စိုက်ပျိုးထားသော နွေစပါးများအနက် စပါးခင်းအချို့တွင် ဆစ်ပိုးနှင့် ခြစ်စားပိုးများ နေရာကွက်၍ ကျရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နွေစပါးခင်းအချို့တွင် နေရာကွက်၍ ပိုးမွှားရောဂါ ကျရောက်နေမှုနှင့် ပတ်သက်၍ ဇွန် ၂၁ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိန်မောင်နှင့် ဝန်ထမ်းများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

၎င်းတို့မှ တောင်သူများနှင့် တွေ့ဆုံ၍ ယခုကျရောက်နေသော ခြစ်စားပိုးများကို စိုက်ကွင်းအထက် လေတင်ဘက်မှ မီးခိုးမှိုင်းတိုက်ဆောင်ရွက်ရန် အကြံပြုပြောကြားခဲ့သည်။

လယ်ကန်သင်းပေါ်ရှိ နွားစားမြက်မှအပ လယ်ကွက်များ အနီးအနားတွင်ရှိသောချုံပင်၊ နွယ်ပင်၊ ချုံပုတ်များ၊ နှင့် အခြားပေါင်းပင်များကို ခုတ်ထွင်ရှင်းလင်းကြရန်နှင့် ဆစ်ပိုးကျရောက်မှုနှင့်ပတ်သက်၍ မိမိတို့၏ စပါးခင်းများကို မျက်ခြည်မပြတ်ကြည့်ရှုပြီး တစ်ပင်စနှစ်ပင်စ ဆစ်ပိုးကျရောက်ကတည်းက ပိုးသတ်ဆေးဖျန်းပေးခြင်းဖြင့် ကာကွယ်နိုင်ပုံတို့ကိုလည်း ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ခြစ်စားပိုးကျရောက်ခြင်းကြောင့် ထွက်ရှိလာမည့်စပါးများတွင် အဖျင်းများ ပါဝင်နေ၍ စပါးအထွက်နှုန်း အနည်းငယ် လျော့နိုင်ကြောင်းလည်း ခန့်မှန်းပြောကြားခဲ့သည်။

မြေခဲတောင်ဆည်ရေသောက် ဧရိယာတွင် ယမန်နှစ်က နွေစပါးဧက ၄၀ သာ စိုက်ပျိုးခဲ့ရာမှ ယခုနှစ်တွင် ဆည်အတွင်း ရေသိုလှောင်ထားမှု ပမာဏအရ ၆၅ ဧကစိုက်ပျိုးခဲ့ရာ လျာထားဧက ပြည့်ပြည့်ဝဝစိုက်ပျိုးနိုင်ခဲ့ကြောင်းဒေသခံတောင်သူများကပြောသည်။

ယခုအခါ စပါးခင်းအချို့ ရင့်မှည့်နေပြီး ဇွန်လကုန်တွင် ရိတ်သိမ်းကြမည်ဖြစ်ပြီး နွေစပါးများ ရိတ်သိမ်းပြီးချိန်တွင် မိုးစပါးကို ဆက်လက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဒေသခံများကပြောသည်။

ဖေထွဏ်းဇော်(ရေစကြို)

အမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

သထုံ၊ ဇွန် ၂၉

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက် နံနက် ၈ နာရီက သထုံမြို့နယ်၊ ထောင်မျှူးကျေးရွာအုပ်စု၊ တံတားဦးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်ကာ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သထုံခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွေမိုးအေးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ တို့က ပျိုးပင်များကို ဖြန့်ဝေပေးအပ်ကြပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၅၀ တို့က ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ စိန်ပန်း၊ အာသောက စသည့်ပျိုးပင်ပေါင်း ၄၅၀ ကို သတ်မှတ်နေရာအသီးသီးတွင် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းသိရသည်။

သက်ဦး(သထုံ)ခရိုင်ပြန်/ဆက်



အုံးဖုံးကျေးရွာအုပ်စု ရင်ခတ်ပင်ကျေးရွာတွင် တူးဖော်ဆောင်ရွက်လျက်ရှိသည့် လေးလက်မစက်ရေတွင်းတူးဖော်မှုအခြေအနေအား တာဝန်ရှိသူများမှ စစ်ဆေးနေစဉ်။

ရင်ခတ်ပင်ကျေးရွာ စက်ရေတွင်း တူးဖော်အောင်မြင်

သပိတ်ကျင်း၊ ဇွန် ၂၉

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရေသိုလှောင်ကန်များ တည်ဆောက်ခြင်း၊ စက်ရေတွင်းများ တူးဖော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာအုပ်စု ရင်ခတ်ပင်ကျေးရွာတွင် တူးဖော် ဆောင်ရွက်လျက်ရှိသည့် လေးလက် မ စက်ရေတွင်း တူးဖော်ပြီးစီးမှုအခြေ အနေကို ဇွန်၂၄ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှခရိုင်ဦးစီးမှူး ဦးသန်းနိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဆန်းမင်းနှင့် မြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းတို့သည် ရင်ခတ်ပင်ကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့်အတူ စက်ရေတွင်း စမ်းသပ်မောင်းနှင်နေမှုကိုကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းအား ကျေးလက်ဦးစီးဌာန၏ အထူးဖြည့်စွက် ခွင့်ပြုရန်ပုံငွေဖြင့် Silver Mark ကုမ္ပဏီမှ တာဝန်ယူ တူးဖော်ဆောင်ရွက်ခဲ့ပြီး စက်ရေတွင်းမှာ တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ထွက်ရှိသဖြင့် ရင်ခတ်ပင် ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဇရပ်ကွင်း၊ ဝက်သေ၊ လက်ပန်ကုန်း၊ ရင်ခတ်ပင်ကျေးရွာများတွင် လေးလက်မ စက်ရေတွင်းများ အောင်မြင်စွာတူးဖော်ပေးနိုင်ခဲ့ပြီး အုံးဖုံးကျေးရွာအုပ်စု ဖက်ရှည်ကျေးရွာတွင်လည်း အောင်မြင်စွာ တူးဖော်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

ညောင်လေးပင်တွင် ဖုံး သွန် လဲ စစ် လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ညောင်လေးပင်၊ ဇွန် ၂၉

မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ ပူးပေါင်း၍ ညောင်လေးပင်မြို့နယ် မြို့မ (၂)ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇာနည်လင်း၊ ရပ်ကွက်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးသန်းနိုင်နှင့်အဖွဲ့ဝင်များပါဝင်ကာ တစ်အိမ်တက်ဆင်း သွားရောက်၍ ဇွန် ၂၆ ရက် နံနက် ၈ နာရီ မှစတင်ကာ ရပ်ကွက်အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး မသန့်ရှင်းသောသောက်သုံးရေကန်၊ ရေစည်၊ စဉ့်အိုးများအတွင်းသို့ ကာကွယ်ဆေးများထည့်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ ပြောပြခြင်း၊ ချုံနွယ်အမှိုက်များ သန့်ရှင်းစေရန် ရှင်းပြခြင်း၊ မသန့်ရှင်းသောရေမြောင်းများ၊ ရေကန်များ၊ ရေတွင်းများ သန့်ရှင်းစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ခင်ဦးမြို့ ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးဆောင်ရွက်

ခင်ဦး၊ ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့ ပြည်သူ့ဆေးရုံဝင်း၌ ဇွန် ၂၈ ရက် နံနက် ၇ နာရီက မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး နိုင်ဝင်းထွန်းနှင့် သန္နေတပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးတို့က ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်များ၊ မြက်များကို ရှင်းလင်းပေးရာ မြို့နယ်ဆရာဝန်ကြီး ဦးကျော်နိုင်က ကောက်ညှင်းပေါင်း၊ အကြော်တို့ဖြင့် ဧည့်ခံသည်။

အဆိုပါ သန့်ရှင်းရေးပြုလုပ်ရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့တို့မှ ကြီးကြပ်၍ အားပေးခဲ့ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

ငါန်းဇွန်တွင်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ကျင်းပ

ငါန်းဇွန်၊ ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ဇွန် ၂၆ ရက် နံနက် ၉ နာရီခွဲက ၂၇ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်ကျင်းပ ခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနှင့် တပ်ဖွဲ့ဝင်မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုတို့ကို တာဝန်ရှိသူများက အသီးသီးဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဇင့်၅)

ကျောက်ကြီးမြို့နယ်မှ တရားမဝင်သယ်ဆောင်လာသောသစ်များ ပိန်းဇလုပ်မြို့တွင် ဖမ်းဆီးရမိ

ပဲခူး၊ ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်ပြီး တောအုပ်ကြီး ဦးမောင်သိန်း၊ တောအုပ်ဦးနိုင်ဦး၊ တောအုပ် ဇော်လင်းနိုင်၊ တောခေါင်း ကျော်သူအောင်၊ တောခေါင်း ဝင်းအောင်တို့ပါဝင်သော အဖွဲ့သည် ဇွန် ၂၅ ရက် နံနက် ၁၀ နာရီခွဲခန့်က ကျောက်ကြီးမြို့ဘက်မှ တရားမဝင်သစ်များ သယ်ဆောင်လာကြောင်းသတင်းအရ ညောင်လေးပင်မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် ပူးပေါင်း၍ပိန်းဇလုပ်မြို့မြောက်ပိုင်း အုပ်ချုပ်ရေးမှူး ဦးစန်းအောင်နှင့်အတူရှာဖွေရာမွန်းလွဲ ၁ နာရီခန့်တွင် ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ ငါန်းတိုက်ကျောင်းအနီး မြောက်ပိုင်းရပ်ကွက် ဈေးပိုင်းတွင် နီဆန်း ခြောက်ဘီးကား အပြာရောင်ပေါ်တွင် တင်ဆောင်လာသော ကညင်ခွဲသား ခြောက်တန်ကျော်ခန့်အား တရားမဝင် သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိသဖြင့် သစ်ပိုင်ရှင်ဒေါ်စန္ဒာအောင် တာမွေမြို့နယ်၊ ရန်ကုန်မြို့ ယာဉ်မောင်း (သစ်ပိုင်ရှင်) မြတ်သူဟန်၊ နဂါးလိမ်ဘုရားလမ်း ပဲခူးမြို့၊ ယာဉ်နောက်လိုက် (သစ်ပိုင်ရှင်) အောင်နိုင်ဝင်း၊ စက်တောင် (၁)ရပ်ကွက်၊ ကညွတ်ကွင်းမြို့နေသူတို့အား သစ်တောဥပဒေပုဒ်မ ၄၁(က)အရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မျိုးဦး(ကျောက်တံခါး)

LEUCODERMA

သပိတ်ကျင်းမြို့နယ်အတွင်းရှိ မန္တလေး–သပိတ်ကျင်း ကားလမ်း တောင်ပတ်လမ်းကွေ့များ မြေသားလမ်းတိုးချဲ့မှုအချောသတ်ဆောင်ရွက်

သပိတ်ကျင်း၊ ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်အတွင်းရှိ မန္တလေး-သပိတ်ကျင်းကားလမ်း မိုင်တိုင်အမှတ် ၁/၄ မှ ၃/၂ ကြားရှိ တောင်ပတ်လမ်းကွေ့များအား မြေသားလမ်း တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဆုထူးပန် ဆောက်လုပ်ရေးကုမ္ပဏီနှင့် ပြည်သူ့ဆောက်လုပ်ရေးတို့မှ ပူးပေါင်း၍ GRADER စက်ဖြင့် အချောသတ် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်သည့် လုပ်ငန်းခွင်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်၊ ဆုထူးပန် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံ ဦးနေဝန်းအောင်၊ မြို့နယ်လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ခင်ထိုက်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင် ဦးတိုးတိုးနှင့် အဖွဲ့တို့သည် လုပ်ငန်းအချောသတ်ဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

သပိတ်ကျင်းမြို့အဝင် တောင်ပတ်လမ်းကွေ့သည် ကျဉ်းမြောင်းပြီး မြေသားများက ကတ္တရာလမ်းပေါ်သို့ ရောက်ရှိနေသဖြင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်မဖြစ်စေရေး ရည်ရွယ်၍ တိုးချဲ့ဖောက် လုပ်ခဲ့ကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

တရားမဝင်ခိုးကူးခွေများဖြန့်ချိရောင်းချသူကိုဖမ်းဆီး

ရမည်းသင်း၊ ဇွန် ၂၉

ရမည်းသင်းမြို့၊ မြို့မရဲစခမန်းမှ ဒုရဲအုပ်အောင်စောဝင်းသည် ဝါတိုးအနောက်ရပ်ကွက်၊ ရမည်းသင်းမြို့ရှိ တည်းခိုခန်းတစ်ခုတွင် ဗွီဒီယိုဇာတ်ကား ခိုးကူးခွေ ဖြန့်ချိရောင်းချနေကြောင်း သတင်းအရ ရမည်းသင်းမြို့နယ် ဗွီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အဖွဲ့ဝင် ဦးမြငွေးတို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ယင်းသို့ သွားရောက်စစ်ဆေးရာ စည်သူမောင် ၂၁ နှစ်သည် ရွှေစည်းခုံရပ်ကွက်၊ ရမည်းသင်းမြို့နေသူထံမှ နေထက်လင်း (ဥပဒေဘက်တော်သား)အမည်ပါ (A+B)(2)ခွေ၊ ထူးခန့်ကျော်(ရင်ကွဲည)အမည်ပါ (A+B) ဇာတ်ကား(DVD)(2)ခွေ၊ မင်းအုပ်စိုး (လိုရင်ခေါ်လိုက်) အမည်ပါ (A+B) ဇာတ်ကား (DVD)(2)ခွေ၊ သူထူးစံ(မုန်တိုင်း) အမည်ပါ (A+B) ဇာတ်ကား (DVD)(3)ခွေနှင့် ငွေလက်ငင်းဖြတ်ပိုင်း (ဝယ်ယူသူ၊ မပပ၊ ဇာတ်ကား(၉)ခွေရေးသားထားသော ဖြတ်ပိုင်းတစ်ခုတို့ကို တွေ့ရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

တရားမဝင်ခိုးကူးခွေများ ဖြန့်ချိရောင်းချနေသူ စည်သူမောင် အားအရေးယူပေးပါရန် ဒုရဲအုပ်အောင်စောဝင်းက တရားလိုပြုလုပ်တိုင်တန်းရာ အမှုအား ရမည်းသင်းမြို့မရဲစခန်းက (ပ)၂၂၄/၁၄၊ ဗွီဒီယိုအက် ၃၂(ခ)ဖြင့် ရေးဖွင့်ကာ စည်သူမောင်အားဖမ်းဆီးပြီး ဒုရဲအုပ်သန်းနိုင်ဦးက စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

ဇော်ဝင်းအောင်(ရမည်းသင်း)

ကန်သင်းပတ်သီးနှံစိုက်ပျိုး၍အခွန်များပေးဆောင်

ရေစကြို၊ ဇွန် ၂၉

လျှပ်စစ်မြစ်ရေတင်ရေးနှင့် ဆည်ရေတို့ကို အသုံးပြုစိုက်ပျိုးသည့်အခါ လျှပ်စစ်မြစ်ရေတင်၍ နွေစပါးစိုက်ပျိုးရာတွင် ရေခွန်တစ်ဧက ၅၀၀၀ ကျပ်၊ မိုးစပါးစိုက်ပျိုးရာတွင် ရေခွန်တစ်ဧက ၆၀၀၀ ကျပ်ပေးဆောင်ကြရကြောင်းနှင့် အဆိုပါ ရေခွန်နှင့်ပတ်သက်၍ အချို့ရေတင်နှင့်ဆည်တို့တွင် တောင်သူတချို့က မပေးဆောင်သေး၍ ကြွေးကျန်များလည်းရှိနေကြပြီး ယခု ကန်သင်းမြေပေါ်တွင်သီးနှံပင်များစိုက်ပျိုးထားခြင်းကြောင့် ၎င်းအခွန်များ ပေးဆောင်ရန် အဆင်ပြေလာကြောင်း တောင်သူများက ပြောသည်။

"အချို့တောင်သူများက ရေခွန်အဖြစ် မြေခွန်ကိုပါ သတ်မှတ် ကာလအတွင်း အကြေပေးဆောင်ရန်အတွက် ကျွန်တော်က ကန်သင်းမြေကိုအအားမထားဘဲ ကန်သင်းပတ်သီးနှံ၊ ငှက်ပျောတို့စိုက်ထားပါတယ်။ အပင်လေးငါးဆယ်လောက်ရှိပါတယ်။ ငှက်ပျောက တစ်နှစ်ဆိုရင် သီးတယ်။ ရေလောင်းပြုစုစရာလည်း မလိုဘူး။ ငှက်ပျောတစ်ခိုင်မှာ သုံးဖီးလေးဖီးကနေ ခုနစ်ဖီး၊ ရှစ်ဖီးအထိသီးတယ်။ ငှက်ပျောတစ်ဖီးကို ၈၀၀၊ ၉၀၀၊ ၁၀၀၀ ကျပ်ဈေးရောင်းရတယ်။ ငှက်ပျောရောင်းရတဲ့ ငွေနဲ့ ရေခွန်အပြင် မြေခွန်ကိုပါပေးဆောင်နိုင်တဲ့အပြင် ဦးဦးဖျားဖျားလှူရတယ်။ မိသားစုလည်း ပင်မှည့်သီးစစ်စစ်စားရတယ်" ဟု မင်းရွာလျှပ်စစ်မြစ်ရေတင်မှ ဦးအောင်ဝင်းကပြောသည်။

အညာဒေသတွင် တောင်သူများအကျိုးများသည့်နွေစပါးနှင့်မိုးစပါးကို စိုက်ပျိုးကြရာတွင် ဆည်ရေ၊ လျှပ်စစ်မြစ်ရေတင်ရေနှင့် မြေအောက်ရေတို့ဖြင့် စိုက်ပျိုးကြရပြီး သဘာဝမိုးရေကို အားကိုးစိုက်ပျိုး၍မရသော ဒေသဖြစ်သည်။

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ၁၉၈၈ ခုနှစ် မတိုင်မီ ကာလက ဒေသဝမ်းစာဖူလုံမှုရာခိုင်နှုန်းမှာ ၁၀ ရာခိုင်နှုန်းသာသာသာရှိပြီး မိုးကောင်းပါက စပါးအနည်းကိုသာ စိုက်ပျိုးနိုင်ခဲ့ကြသည်။

တပ်မတော်အစိုးရလက်ထက်တွင် ဒေသဝမ်းစာဖူလုံမှုကို အထောက်အကူပြုစေရန် ဆည်တမံငါးခု၊ လျှပ်စစ်မြစ်ရေတင်ခုနစ်ခုကို တည်ဆောက်ပေးခဲ့သည့်အတွက် ယာမှ လယ်ပြောင်း၍ မိုးစပါးအပြင် နွေစပါးကိုပါ စိုက်ပျိုးနိုင်ပြီး ဆောင်းသီးနှံတစ်မျိုးဖြင့် သုံးသီးစိုက်ပျိုးဝင်ငွေတိုး အကျိုးများလျက်ရှိကြောင်း လေ့လာသိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

ဝက်များသေဆုံးမှုနှင့်ပတ်သက်ပြီး ဥက္ကံဒေသတွင် ဝက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေး

ရန်ကုန်၊ ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဇွန် ၂၅ ရက် နံနက် ၉ နာရီခွဲက ဥက္ကံမြို့၊ အနော်ရထာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ခရိုင်မှူး ဒေါက်တာကျော်သူ၊ တိုက်ကြီးမြို့နယ် မွေး/ကုဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဇော်ဇော်ထွန်းနှင့် ဒုဦးစီးမှူးများ၊ မြို့နယ်မွေးမြူရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်ပါဝင်သော အဖွဲ့သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပါတီအဖွဲ့အစည်းမှ ခေါင်းဆောင်များ၊ ဝက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ခရိုင်မှူး ဒေါက်တာကျော်သူက တိုက်ကြီးမြို့နယ်တွင် ဝက်များ ရောဂါဖြစ်ပွားခြင်းကြောင့် အချို့သေဆုံးခြင်းများကို မိမိဝက် ဆုံးရှုံးမှာဖြစ်ခြင်းကြောင့် ရောင်းချခြင်းများရှိခဲ့၍ မီဒီယာများ၏ဖော်ပြချက်ကြောင့် ဝက်နားရွက်ပြတ်ရောဂါဖြင့် သေဆုံးခြင်းဖြစ်သည်ဟု မှားယွင်းဖော်ပြခဲ့ကြောင်း သိရှိခဲ့ရသည်။

ထိုသို့ဖြစ်ခြင်းကြောင့် ဝက်မွေးမြူရေးသမားများအား ရှင်းလင်းရခြင်းဖြစ်ကြောင်း၊ ဝက်နားရွက်ပြတ်ရောဂါဟု ဆုံးဖြတ်ရာတွင် တတ်ကျွမ်းသောဆရာဝန်များကိုယ်တိုင်ပင် ရောဂါအမည် သတ်မှတ်နိုင်ခြင်းမရှိဘဲ ရောဂါရှာဖွေရေးဌာနခွဲမှ စစ်ဆေး၍ အဆင့်ဆင့်အတည်ပြုမှသာလျှင် ဖော်ပြရပါသည်။

သို့ဖြစ်၍ ဝက်မွေးမြူသူများအနေဖြင့် အထိတ်တလန့်မဖြစ်ကြရန်နှင့် ယခုဖြစ်ပွားသောရောဂါကို အဖြေမှန်သိရှိရန် အင်းစိန်မြို့ ရောဂါရှာဖွေရေးဌာနသို့ ယနေ့တွင် ပေးပို့စစ်ဆေးလျက်ရှိပြီး မကြာခင် အဖြေသိရှိရမှာဖြစ်ပါကြောင်း၊ နောင်တွင် ဝက်များ ကျန်းမာရေးမကောင်းလျှင် တိရစ္ဆာန်ဆေးကုဆရာဝန်ထံ အကူအညီတောင်းနိုင်ပါကြောင်း၊ ရောဂါဖြစ်၍ သေဆုံးသောဝက်များရှိခဲ့ပါကလည်း မြေမြှုပ်ပစ်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးမှူးများ၊ ပါတီခေါင်းဆောင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် အကူအညီပေးကြပါရန်နှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့သည်။

မြို့နယ်မွေးမြူရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလှိုင်က ဆွေးနွေးရာတွင် ယခုအချိန်မှာ ဥက္ကံမြို့၊ တိုက်ကြီးမြို့ပါ ဝက်များရောဂါဖြစ်ပွားလျက်ရှိကြောင်း၊ ထို့ကြောင့် စောလျင်စွာ အချိန်မီဆေးကုသလျှင် ပျောက်ကင်းသွားသောဝက်များလည်း ရှိပါကြောင်း၊ ဝက်မွေးသူများအနေဖြင့် ဝက်ဝမ်းကျရောဂါကာကွယ်ဆေးကို ကြိုတင်ထိုးနှံ့ရန် လိုအပ်ကြောင်း၊ မိမိဝက်ခြံများကိုလည်း ဇီဝလုံခြုံရေးကောင်းမွန်အောင် စီစဉ်ထားရှိရန်နှင့် အဖွဲ့ချုပ်အနေဖြင့် လိုအပ်လျှင် ဌာနနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဝက်မွေးမြူရေးလုပ်ငန်းရှင် ဦးမျိုးအောင်က တင်ပြရာတွင် ယခုအချိန် ဝက်များရောဂါဖြစ်၍ သေဆုံးသည်များလည်းရှိကြောင်း၊ ရောင်းချပစ်သူများလည်းရှိပါကြောင်း၊ မိမိတို့အနေဖြင့် အစွမ်းကုန်ဆေးကုသခဲ့ပါကြောင်း၊ နောင်တွင် ဌာနနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရောဂါထိန်းချုပ်သည့်အနေဖြင့် ဥက္ကံဒေသတွင် ဝက်တင်သောနေရာအား တာဝန်ရှိသူများနှင့် သတ်မှတ်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးသည်။ တစည‌ပါတီဥက္ကဋ္ဌ ဦးမြင့်သိန်းက ဆွေးနွေးရာတွင် ကျွန်တော်တို့အနေဖြင့် ပြည်သူလူထု နစ်နာမည့်ကိစ္စများကို ပါဝင်ဆောင်ရွက်ပြီးအကြံဉာဏ်ပေး၍ ကူညီသွားမည်ဖြစ်ကြောင်း ပြောသည်။ ဇွန် ၂၆ ရက်တွင် အင်းစိန်မြို့ ရောဂါရှာဖွေရေးဌာနခွဲမှ စစ်ဆေးချက်ကို တိုက်ကြီးမြို့နယ်တွင် ဖြစ်ပွားသောဝက်ရောဂါမှာ Porcine Circo virus Type(PEV-2) ပိုးကြောင့် ဝက်ရောဂါဖြစ်ရခြင်းနှင့် ၎င်းပိုးနှင့်ဆက်နွှယ်နေသော နာက်ဆက်တွဲရောဂါပိုးများ ကူးဆက်၍ သေဆုံးနိုင်ကြောင်းသိရသည်။

ထွန်းလှိုင်(မြိုင်)







စစ်မှုထမ်းဟောင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေး တွင် အဖွဲ့ဝင်များအား ထောက်ပံ့ငွေ ပေးအပ်

သပိတ်ကျင်း၊ ဇွန် ၂၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ မန္တလေးတိုင်းဒေသကြီး (စည်ပင်ပြင်ပ) သပိတ်ကျင်းမြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၄ ခုနှစ် မျက်နှာစုံညီအစည်းအဝေးနှင့် အဖွဲ့ဝင်များအား ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက သပိတ်ကျင်းမြို့စစ်မှုထမ်းဟောင်းအဖွဲ့ချုပ် ရုံးခန်းမတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

ထို့နောက် မြို့နယ်အတွင်းရှိ စည်းရုံးရေးနယ်မြေတာဝန်ခံအဖွဲ့ဝင်များမှအဖွဲ့၏ အဖွဲ့ဝင်အင်အားတိုးပွားရေး၊ မိသားစုဝင်များ၏ လူနေမှုဘဝမြှင့်တင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေး၊ သက်သာချောင်ချိရေး ကိစ္စရပ်များ တင်ပြဆွေးနွေးမှုအပေါ် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်စိုးမှ ပြန်လည်ညှိနှိုင်းဖြည့်ဆည်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၀၀ ဦးအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရန်ပုံငွေမှ အဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ် ၁၄၀၀၀ နှုန်းဖြင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

မူးယစ်ဆေးဝါးနှင့် ယာဉ်အန္တရာယ်ကင်းရှင်း ရေး အသိပညာပေး

တောင်သာ၊ ဇွန် ၂၉

မန္တလေးတိုင်း ဒေသကြီး၊ တောင်သာမြို့နယ် အခြေခံပညာအထက်တန်း ကျောင်းခန်းမတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးရေး၊ မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှေးဦးစွာ တောင်သာမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဌေးက အမှာစကားပြောကြားပြီး အဆိုပါ ဟောပြောပွဲသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌမှ သဝဏ်လွှာပေးပို့ခဲ့သည်။

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဦးထင်ကျော်က ကျန်းမာရေးဆိုင်ရာများကိုအသိပညာပေးဆွေးနွေးခဲ့ပြီး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်တင်တင်စန်းက ဥပဒေဆိုင်ရာအသိပညာအကြောင်းကိုလည်းကောင်း၊တောင်သာမြို့မစခန်းမှူး ဒုရဲမှူးကျော်လင်းထွန်းက မူယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောခြင်းကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်က မူခင်းဆိုင်ရာအသိပေးခြင်းများကိုလည်းကောင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူးဦးထိန်လင်းက စာပေဆိုင်ရာများကို ရှင်းလင်း ပြောကြားခဲ့ပြီး အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ၊ ဆရာမများ၊ကျောင်းသား/သူများ တက်ရောက်ခဲ့သည်။ **ကျော်မျိုးနိုင်(တောင်သာ)**

မူခင်းကျဆင်းရေး နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဟောပြော

မြင်းခြံ၊ ဇွန် ၂၉

မြင်းခြံမြို့၊ နည်းပညာတက္ကသိုလ်တွင် ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီက မူခင်းကျဆင်းရေး ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာများကို ကျောင်းသား၊ ကျောင်းသူများအား ဟောပြောခဲ့သည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်က မူခင်းကျဆင်းရေးအကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူးဦးလေးနိုင်က ဆိုင်ကယ်စီးသူများလိုက်နာရန်အချက်များ၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဒေါ်ခင်အုန်းမြင့်က မူခင်းဖြစ်ရပ်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်နိုင်က လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအိအိဝင်းက မူးယစ်ဆေးဝါးဆိုးကျိုးနှင့်ပတ်သက်၍ သိကောင်းစရာများ၊ ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့ဒုတိယရဲမှူး ခင်မောင်ချိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ဆိုင်ကယ်စီးသူများ လိုက်နာရမည့်အချက်များကို ရှင်းလင်းဟောပြောခဲ့သည်။

အခမ်းအနားကို ကျောင်းအုပ်ကြီး၊ ပါမောက္ခများ၊ ကထိကများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးက ဆိုင်ကယ်စီးဦးထုပ်များ ပေးအပ်ခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် တင်သား ကျေးရွာ၌ ဆေးကုသမှုများဆောင်ရွက်

ကလေး၊ ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်သန်းနှင့်အတူ အဖွဲ့ဝင် ၄၅ ဦးလိုက်ပါသည့် အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့သည် ဇွန် ၂၀ ရက်က ကလေးမြို့နယ် တင်သားကျေးရွာသို့ သွားရောက်၍ နိုင်ငံတော်မှ ထောက်ပံ့သည့် ဆေးဝါးများ အသုံးပြုလျက် ကျေးရွာနေပြည်သူ ၄၁၉ ဦးတို့အား ကွင်းဆင်းကုသ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကုသဆောင်ရွက်ပေးရာ၌ အထွေထွေရောဂါ အထူးကုသသူ ၁၂ ဦး၊ ခွဲစိတ်အထူးကုသသူ ခုနစ်ဦး၊ သားဖွားမီးယပ်အထူးကုသသူ ၁၃ ဦး၊ ကလေးသူငယ်အထူးကုသသူ ၆၄ ဦး၊ အရိုးအထူးကုသသူ ၆၄ ဦး၊ မျက်စိရောဂါအထူးကုသသူ ၇၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးပြုရောဂါသည် ၂၂ ဦး၊ သွားနှင့်ခံတွင်း အထူးကုသသူ ၄၃ ဦးနှင့် ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါသည် ၁၄ ဦးတို့အား ခွဲစိတ်ကုသဆောင်ရွက်ပေးကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

ကလေးမြို့ ဇီးချောင်းရေအားလျှပ်စစ်ကောင်းမွန်လာပြီ ဖြစ်၍ လျှပ်စစ်မီးပေးချိန်သုံးနာရီသို့ တိုးတက်ရရှိ

ကလေး၊ ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ယခင်က လျှပ်စစ်မီးပေးချိန် တစ်ရက်လျှင် တစ်နာရီသာရရှိခဲ့ရာမှ ရေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်သော ဇီးချောင်းရေအားလျှပ်စစ်မှ ရေများလာပြီဖြစ်၍ လျှပ်စစ်မီးပေးချိန် တိုးတက်လာကာ တစ်ရက်လျှင် သုံးနာရီခန့် လျှပ်စစ်မီးပေးနိုင်ပြီဖြစ်ကြောင်း လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်အင်ဂျင်နီယာက ပြောသည်။

"စက်တစ်လုံးကို ကီလိုဝပ် ၃၀၀ စီနဲ့ စက်နှစ်လုံး ပြိုင်တူမောင်းနေပါပြီ။ နောက်ပြီးတော့လည်း ဒီဇယ်နဲ့မောင်းတဲ့ဌာနပိုင် 500 KVA နဲ့မြို့မီးလင်းရေးပိုင် 300 KVA စက်တွေနဲ့ လျှပ်စစ်မီးပေးထားပါတယ်။ 300 KVA ကတော့ ကျီကုန်းတပ်နယ်ကို မီးပေးထားပြီး 500 KVA ကိုတော့ မြို့တွင်းကို လျှပ်စစ်မီး ပေးထားပါတယ်။ ဇီးချောင်းမှာထပ်ပြီး ရေများလာရင်တော့ အခု လျှပ်စစ်မီးပေးနေတဲ့ အုပ်စု ခြောက်အုပ်စုခွဲပြီး မီးပေးနေတာကနေ အုပ်စု သုံးအုပ်စုပြန်ဖွဲ့ပြီး တိုးပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးလျန်ခင်းခမ်က ပြောသည်။

ကလေးမြို့သည် လူဦးရေ သိန်းချီနေထိုင်သော မြို့ကြီးဖြစ်သော်လည်း လျှပ်စစ်မီးကို ၂၄ နာရီ မရရှိသောကြောင့် လူနေမှုစနစ် နိမ့်ကျနေသေးကြောင်းသိရသည်။

ကလေးမြို့တွင် ယခုလက်ရှိ အလိုအပ်ဆုံးအရာမှာ လျှပ်စစ်မီး ဖြစ်ပြီး လျှပ်စစ်မီးသာ ရရှိမည်ဆို ပါက ကလေးမြို့သည် နေ့ချင်း ညချင်း တိုးတက်လာနိုင်ကြောင်း ကလေးဒေသခံတစ်ဦးကပြောသည်။ **လင်းလက်ကြယ်စင်**





ထားဝယ်မြို့ဆန်းချီတွင် မူကြိုကလေးငယ်များအား အာဟာရဖြည့် နွားနို့တိုက်ကျွေး

ထားဝယ်၊ ဇွန် ၂၉

တနင်္သာရီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီမှ မူကြိုကလေးငယ်များ အာဟာရဖြည့် နွားနို့တိုက်ကျွေးခြင်းကို ဇွန် ၂၆ ရက်က တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆန်းချီရပ်၊ မူကြိုကျောင်းတွင် ပြုလုပ်ခဲ့ပြီး ၎င်းမူကြိုကလေး ၅၀ အား တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါ်သီသီစိုးနှင့် အဖွဲ့ဝင်များ၊ ထားဝယ်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များက အာဟာရဖြည့်နွားနို့ကို တိုက်ကျွေးပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ဗဟိုအဖွဲ့မှ ထောက်ပံ့ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်သီသီစိုးက မူကြိုကလေးငယ်များအား သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါ မဖြစ်စေရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

စိမ်းမိုမို့ဝင်း

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ကျင်းပ

မိုးနဲ၊ ဇွန် ၂၉

ဇွန် ၂၆ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ပြီးမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး ကိုကိုထံမှပေးပို့သည့် သဝဏ်လွှာအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က ဖတ်ကြားသည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဖိုးလှက မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး နှင့်ပတ်သက်၍လည်းကောင်း၊ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်အေးက မူးယစ်ဆေးဝါးအန္တရာယ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီးနောက် စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား/သူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

မိုးလွင်ဦး(လှိုင်လင်)

သာစည်မြို့နယ်တွင် နောက်ကျမိုးရွာသွန်းမှုကြောင့် မိုးဦးနှမ်းများ အောင်မြင်ဖြစ်ထွန်း

သာစည်၊ ဇွန် ၂၉

သာစည်မြို့နယ်တွင် နောက်ကျမိုးရွာသွန်းမှု စဉ်ဆက်မပြတ်ခဲ့သောကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးထားသော မိုးဦးနှမ်းများမှာ အောင်မြင်ဖြစ်ထွန်းကြပြီး အပင်အားကောင်းကာ နှမ်းပင်၏ မြင့်တက်မှုသည် သာမန်အမျိုးသားတစ်ဦး၏ ခါးလယ်အထိ မြင့်တက်ဖွံ့ထွားကြပြီး အပွင့်များဖြိုင်ဖြိုင်ဝေ၍ သီးကင်းများ လိုက်နေကြကြောင်း တွေ့ရသည်။

မိုးဦးနှမ်းကို သာစည်မြို့နယ်တွင် တန်ခူး ၊ကဆုန်လတို့၌ အပြီးကြဲပက်စိုက်ပျိုးကြသော်လည်း ယခုနှစ်၌ နွေအပူရှိန်ပြင်းပြမှုကြောင့် အပင်များ ပျောက်ကွယ်ခဲ့ကြသဖြင့် နှမ်းစိုက်တောင်သူများအနေဖြင့် သုံးကြိမ်မြောက်အထိ မျိုးနှမ်းများဝယ်ယူ၍ ကြဲပက်စိုက်ပျိုးခဲ့ကြရသည်ဟု သိရသည်။

မိုးဦးနှမ်းစိုက်ပျိုးမှုတွင် တောင်သူများအနေဖြင့် နှမ်းတစ်ပြည်ကို ငွေကျပ် ၃၅၀၀ ဈေးအထိပေးပြီး ဝယ်ယူကြရကြောင်း၊ တစ်ဧကကို နှမ်းလေးပြည်ကြဲပက် စိုက်ပျိုးရကြောင်း၊ နှမ်းစိုက်ရန်လယ်မြေပြုပြင်မှုအတွက် နွားသုံးရှဉ်းငှားရကြောင်း၊ နွားတစ်ရှဉ်းကို ငွေကျပ် ၄၀၀၀ အထိပေး၍ ငှားရကြောင်း၊ နှမ်းကြဲပက်ရန်အတွက် လုပ်သားနှစ်ဦး ငှားရကြောင်း၊ တစ်ဦးလျှင်နေ့တွက် မနက်တစ်ပိုင်းလုပ်အားခ ငွေကျပ် ၁၅၀၀ ပေးရကြောင်း၊ နှမ်းတစ်ဧကအတွက် စိုက်ပျိုးစရိတ်ကုန်ကျငွေမှာ ကျပ်ငွေ ၄၀၀၀၀ အထိ ကုန်ကျကြောင်းကို ဒေသတွင်းရှိ နှမ်းစိုက်တောင်သူများထံမှ သိရသည်။

တောင်သူများအနေဖြင့် ယခုနှစ်နှမ်းစိုက်ချိန်တွင် နှမ်းတစ်တင်းကို ငွေကျပ် ၄၅၀၀၀ အထိ ပေးဝယ်ယူကြရပြီး ယမန်နှစ် နှမ်းပေါ်ချိန်တွင် နှမ်းတစ်တင်းကို ငွေကျပ် ၁၂၀၀၀ ဖြင့်သာ ပွဲရုံများက ဝယ်ယူကြသဖြင့် တောင်သူတို့ အရှုံးပေါ်ခဲ့ကြကြောင်း သိရသည်။ “နှမ်းရိတ်သိမ်းချိန်နဲ့ နှမ်းခါချိန်မှာ မိုးရွာမှာကိုစိုးရိမ်နေရပါတယ်။ မိုးလေဝသရဲ့ ကြေညာချက်သတင်းတွေမှာလဲ နောက်ပိုင်းမိုးကောင်းမယ်လို့ ကြေညာထားတယ်လေ။နှမ်းထွက်ကောင်းမှ မိုးစပါးစိုက်ချိန်မှာ ရင်းနှီးငွေအနေနဲ့ ထည့်သုံးလို့ရမှာပါ။ အစိုးရကပေးတဲ့ စိုက်ပျိုးစရိတ်ချေးငွေဆိုတာကလည်း တောင်သူတွေအဖို့ စိုက်ပျိုးချိန်မှာမလုံလောက်ပါဘူး”ဟု နွားထိုးကျေးရွာမှ တောင်သူကြီး ဦးမြင့်သိန်းက ပြောပြသည်။

သာစည်မြို့နယ်တွင် တောင်သူများအနေဖြင့် ကန်ရှို၊ စိန်ခို၊ ရိုးစိမ်းနှမ်းများအနက် ရာသီဥတုဒဏ်ကို ခံနိုင်သည့် ရိုးစိမ်းနှမ်းကိုသာ အဓိကထား၍ စိုက်ပျိုးကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

(ကြေးမုံ)





ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ ဝါတွင်းလစဉ်(၇)ရက် တရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ရွှေကြက်ယက်ကျောင်းတိုက်ဝင်း၊ ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ၌ ဝါတွင်းလစဉ် (၇)ရက် တရားစခန်းကျင်းပမည်ဖြစ်ပါ၍ တရားအားထုတ်လိုသူများ ဖုန်း-၀၉-၅၀၀၅၀၅၉၊ ၀၉-၂၅၀၈၆၉၃၄၄သို့ စာရင်းပေးသွင်းနိုင်ပါသည်။

(စနေ၊ တနင်္ဂနွေ)အားလပ်သူများ ယင်းနေ့များတွင် ညအိပ်လာရောက်အားထုတ်နိုင်ပြီး၊ နေ့ယောဂီအဖြစ်လည်း အားထုတ်နိုင်ပါသည်။ ယောဂီ (၂၅)ယောက်သာ လက်ခံပါမည်။

ကျင်းပမည့်ရက်

၁-၈-၂၀၁၄ မှ ၇-၈-၂၀၁၄ထိ၊ ၁-၉-၂၀၁၄ မှ ၇-၉-၂၀၁၄ထိ၊ ၁-၁၀-၂၀၁၄ မှ ၇-၁၀-၂၀၁၄ထိ

[illegible] (Open Tender) [illegible]

[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible] Box Culvert [illegible]	[illegible]
၃	[illegible]	[illegible] Ground Tank, Pump House [illegible]	[illegible]
၄	[illegible]	[illegible] Span Slab [illegible] Ground Tank [illegible]	[illegible]
၅	[illegible]	[illegible] Span Slab [illegible]	[illegible]
၆	[illegible]	[illegible] Waiting Shed [illegible] Catch Railing [illegible] Span Slab [illegible]	[illegible]
၇	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible] Tie Wall [illegible]	[illegible]

[illegible]

Cambridge University [illegible] Native and Local Instructor [illegible] Cambridge University-၏ [illegible]

GETC

Opening in July

Communicative English · General English · IELTS · Foundation English Program · Business English

[illegible] 537891, 502775 [illegible] 549590 [illegible]

[illegible] PSA [illegible] Container-[illegible]

[illegible]

Phone : 377 343 - 377 344 - 38 57 68 - 38 88 77 - 39 22 33

ပျောက်ဆုံးကြောင်း

မြပန်းရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-၉၃၄/၁၉၉၉-၂၀၀၀(၇-၁၀-၁၉၉၉)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကဖုန်းအမှတ်-၀၉-၈၇၀၃၆၉၁သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

မြေကွက်များဝယ်လိုသည်

ဒဂုံတောင်-ဒဂုံဆိပ်ကမ်း

ဖုန်း-၇၃၀၈၉၇၃၇၊

၄၂၅၂၈၉၀၀၃၊

၄၉၃၃၉၃၅၄၊

၄၂၅၂၈၉၀၀၄

အိမ်၊ ဆိုင်၊ မြေ၊ ဂိုဒေါင်၊ စက်ရုံ၊ အဆောက်အအုံ ငှားရမ်းထားသူ ပိုင်ရှင်များအတွက် နှိုးဆော်ချက်

အိမ်၊ ဆိုင်၊ မြေ၊ ဂိုဒေါင်၊ စက်ရုံ၊ အဆောက်အအုံများ ငှားရမ်းခြင်းဖြင့် ရရှိသောဝင်ငွေများသည် တည်ဆဲအခွန်ဥပဒေအရ အခွန်စည်းကြပ်ရန်အတွက် ထည့်သွင်းစဉ်းစားသော ဝင်ငွေအမျိုးအစားတွင် ပါဝင်လျက်ရှိပါသဖြင့် အထက်ပါလုပ်ငန်းဖြင့် ဝင်ငွေရရှိသူများအနေဖြင့် အောက်ပါသတင်းအချက်အလက်များကို စာဖြင့်ဖော်ပြလျက် မိမိတို့နေထိုင်သောမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ မပျက်မကွက်ပေးပို့ကြပါရန် မေတ္တာရပ်ခံပါသည်-

ငှားရမ်းသည့် အဆောက်အအုံနှင့် မြေတည်ရှိရာလိပ်စာ၊ ပိုင်ရှင်အမည်၊ နေရပ်နှင့်တယ်လီဖုန်းအမှတ်၊ ငှားရမ်းယူသူအမည် ငှားရမ်းသည့်ကာလ၊ တစ်လငှားရမ်းခ။

ပြည်တွင်းအခွန်များဦးစီးဌာန

ကုမ္ပဏီများ၏ နှစ်ချုပ်အစီရင်ခံစာများအား မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ဆောင်ရွက်ပေးပါရန် အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်၍ လုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီများအနေဖြင့် သတ်မှတ်ချက်နှင့်အညီ နှစ်စဉ်မတ်လတွင် ကုန်ဆုံးသော ဝင်ငွေနှစ်အတွက် ဇွန်လနောက်ဆုံးထား၍ နှစ်စဉ်ဝင်ငွေ ကြေညာလွှာ တင်သွင်းရန်နှင့် ဆက်လက်၍ နှစ်ချုပ်စာရင်းများတင်ပြလျက် အခွန်စည်းကြပ်မှုခံယူရန် ဝင်ငွေခွန်ဥပဒေတွင် ပြဋ္ဌာန်းပါရှိပြီးဖြစ်ပါသည်။

၂။ ထိုသို့အခွန်စည်းကြပ်မှုခံယူရန် တင်ပြသော အရှုံးအမြတ်စာရင်း၊ လက်ကျန်ရှင်းတမ်းများပါဝင်သော နှစ်ချုပ်စာရင်းများသည် အောက်ပါတို့ဖြင့် ပြည့်စုံရန်ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများအပ်ဥပဒေပုဒ်မ-၁၃၃၊ ပုဒ်မခွဲ(၁)(၂)တို့နှင့်အညီ ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ (MD)နှင့် ဒါရိုက်တာတစ်ဦးတို့က တင်ပြသောစာရင်းများသည် မှန်ကန်ပြည့်စုံမှုရှိကြောင်း လက်မှတ်ရေးထိုးရပါမည်။

(ခ) မြန်နိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၄၅၊ ပုဒ်မခွဲ(၁)(၂)တို့အရ စာရင်းစစ်များကလည်း ကုမ္ပဏီထံမှ ၎င်းတို့ သိရှိလိုသည့် အချက်အလက်များ အကုန်အစင် ရ/မရကိုလည်းကောင်း၊ ဆိုင်ရာဥပဒေနှင့် ညီညွတ်အောင် ရေးသားထားခြင်း ဟုတ်/မဟုတ်ကိုလည်းကောင်း၊ စာရင်းစာအုပ်များကို ပုဒ်မ-၁၃၀တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကုမ္ပဏီမှထားရှိခြင်း ဟုတ်/မဟုတ်ကိုလည်းကောင်း ဖော်ပြ၍ လက်မှတ်ရေးထိုးပေးရန် လိုအပ်ပါသည်။

၃။ အထက်ဖော်ပြပါ အချက်အလက်များပါရှိမှသာ မှန်ကန်ပြည့်စုံသော စာရင်းအဖြစ် လက်ခံမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကုမ္ပဏီများဆိုင်ရာအခွန်ရုံး
ပြည်တွင်းအခွန်များဦးစီးဌာန

[illegible] (Open Tender) ခေါ်ယူခြင်း

[illegible] TDP ([illegible]) [illegible]

[illegible]	[illegible]
[illegible]/CE	[illegible] 150 ft Span Steel Box Girders (4-Nos) and 60 ft Span Steel Girders (3-Nos) near TDP ([illegible]), Yangon (Kyat) [illegible]

[illegible] (Technical Proposal) [illegible] (Financial Proposal) [illegible]

[illegible] 294152, 291984

[illegible] (Open Tender) ခေါ်ယူခြင်း

[illegible]	[illegible]	[illegible]
(က)	[illegible]/CRA	[illegible]
(ခ)	[illegible]/CE	[illegible]
(ဂ)	[illegible]/CE	[illegible] 60 ft Steel Girders (3-Nos) [illegible]

[illegible] 294152, 291984

[illegible]

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

စမ်းချောင်းမြို့နယ်၊ မိုးမခလမ်း၊ တိုက်သစ်၊ ၄-လွှာ၊ ပေ(၂၅×၅၀)၊ သံပန်း၊ ဆန်းရှိတ်၊ Hall သိန်း-၈၆၀၊ အကျိုးဆောင်/ပွဲစား(မလို)

ဖုန်း-၀၉-၄၂၀၀၀၁၀၅၁၊ ၀၉-၃၁၅၄၃၈၆၅

ဖခင်အမည်မှန်

ဇလွန်မြို့ အထကကျောင်းတွင် ပညာသင်ကြားနေသော သတ္တမတန်း(A)မှ မောင်စောဟိန်းဇင်ယော်၏ ဖခင်အမည်မှန်မှာ ဦးစောအောင်နိုင်မိုး[၁၄/ဇလန(နိုင်)၁၀၈၃၅၄] ဖြစ်ပါကြောင်း။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရုံနှင့်မော်တော်ယာဉ်ဌာန
ရေပုပ်စုပ်ယာဉ် ငှားရမ်းအသုံးပြုဝန်ဆောင်မှု လုပ်ငန်းအား ပုဂ္ဂလိကလုပ်ငန်းအဖြစ် လွှဲပြောင်းဆောင်ရွက်ရန်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်(၃၃) မြို့နယ်အတွင်း စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ ရန်ကုန်မြို့တော်နေပြည်သူများ ငှားရမ်းအသုံးပြုလျက်ရှိသော ဂါလန်(၁၂၀၀)ဆံ့ ရေပုပ်စုပ်ယာဉ်ကြီး(၁၀)စီး၊ ဂါလန်(၄၀၀)ဆံ့ ရေပုပ်စုပ်ယာဉ်ငယ်(၂၁)စီး စုစုပေါင်း (၃၁)စီးတို့အား အဆိုပါလုပ်ငန်းကို စိတ်ပါဝင်စားသူ ပုဂ္ဂလိက လုပ်ငန်းရှင်များကို တင်ဒါစနစ်ဖြင့် လွှဲပြောင်းရောင်းချ၍ ရေပုပ်စုပ်ယာဉ် ငှားရမ်းအသုံးပြုဝန်ဆောင်မှုလုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် လွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ အဆိုပါ ပုဂ္ဂလိကလုပ်ငန်းအဖြစ် လွှဲပြောင်းဆောင်ရွက်မည့် ရေပုပ်စုပ်ယာဉ် ငှားရမ်းအသုံးပြုဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသည့် ပြည်တွင်း (သို့မဟုတ်) ပြည်တွင်းနှင့် ပြည်ပပူးပေါင်းကုမ္ပဏီ လုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီ Letter Head တွင် ကုမ္ပဏီလိပ်စာပြည့်စုံစွာ ဖော်ပြ၍ ဤသတင်းစာပါကြော်ငြာပါသည့် ရက်မှစပြီး ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် နောက်ဆုံးထား၍ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အမှတ်(၇၅၆)၊ မောင်းမကန်လမ်းနှင့် ဧရာဝဏ်လမ်းထောင့်၊ (၆၈)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်သို့ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ တင်ဒါလုပ်ငန်းအတွက် အခြေခံအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပုဂ္ဂလိကလုပ်ငန်းအဖြစ် လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုမည့်ကာလမှာ **(၅)နှစ်** သက်တမ်း ဖြစ်ပါသည်။

(ခ) စည်ပင်သာယာနယ်နိမိတ်တစ်ခုလုံးအတွက် လုပ်ငန်းဆောင်ရွက်နိုင်ရမည်။

(ဂ) ကော်မတီပိုင် ရေဆိုးသန့်စင်စက်ရုံတွင် သွားရောက်စွန့်ပစ်ခြင်းအတွက် ကော်မတီမှ သတ်မှတ်ထားသော စွန့်ပစ်ခ(Tipping Fee)ပေးသွင်းရပါမည်။

(ဃ) နောက်ဆုံးတင်ဒါပိတ်သိမ်းသည့် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ(၁၅)ရက် ထက်ကျော်၍ တင်ပြခြင်းများ ကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

(င) ၎င်းရက်အတွင်း တင်ပြလာသည့် ကုမ္ပဏီများအားလုံးကို စက်ရုံနှင့် မော်တော်ယာဉ်ဌာနက ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ပထမပတ်အတွင်း ဖိတ်ခေါ်၍ အပြီးသတ်အဆိုပြုလွှာတင်ပြနိုင်ရေးအတွက် အသေးစိတ်အချက်အလက်များ ရှင်းလင်းပြောကြားခြင်းနှင့် လိုအပ်သည့်အချက်အလက်များပေးခြင်းကို ဆောင်ရွက်မည်ဖြစ်ပြီး တင်ဒါတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၂၀ရက်တွင် အပြီးသတ်အဆိုပြုလွှာ တင်သွင်းရမည်။

(စ) တင်ဒါမတင်သွင်းမီလေ့လာစဉ်းစားနိုင်ရန်အတွက် အသေးစိတ်အချက်အလက်များ၊ တင်ဒါအဆိုပြုပုံစံနှင့် တင်ဒါစည်းကမ်းများကို စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် တင်ဒါပိတ်ရက်မတိုင်မီကာလများအတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

(ဆ) ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ(၁၅)ရက်ထိ သတ်မှတ်ကာလအတွင်း တင်ဒါတင်သွင်းသည့် ကုမ္ပဏီများမှ အာမခံကြေး ကျပ်သိန်း(၅၀)ကို ရန်ကုန်မြို့တော်စည်ပင်ဘဏ်၌ ပေးသွင်းရမည်ဖြစ်ပြီး အပြီးသတ် အဆိုပြုလွှာ တင်ရမည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်တွင် အပြီးသတ် အဆိုပြုလွှာ တင်သွင်းခြင်းမပြု(မပြု)သည့် ကုမ္ပဏီများကို အာမခံကြေးငွေ ပြန်လည်ထုတ်ပေးမည် မဟုတ်ပါ။

(ဇ) အသေးစိတ်သိရှိလိုပါက တင်ဒါကုန်ဆုံးရက် ၂၀၁၄ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်မတိုင်မီအတွင်း စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(က)	ဌာနမှူး	ဖုန်း-၀၉-၇၃၀၂၄၇၇၄
(ခ)	ဒုဌာနမှူး	ဖုန်း-၀၉-၅၀၅၁၇၄၂
(ဂ)	လ/ထ ဌာနမှူး	ဖုန်း-၀၉-၄၉၃၄၂၆၅၀
(ဃ)	ဌာနခွဲမှူး	ဖုန်း-၀၉-၅၀၃၆၂၃၆

စက်ရုံနှင့် မော်တော်ယာဉ်ဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MARINE RELIANCEV.1 သင်္ဘောသည် ၂-၇-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

INVITATION FOR OPEN TENDER (MIXED LPG)

1. Open Tender is invited for the Myanma Petrochemical Enterprise, the Ministry of Energy for the supply of Mixed LPG(1,800 MT±5%).
2. Tender Closing Date : 3-7-2014 at (12:00)noon.
3. Tender Opening Date : 3-7-2014 at (13:00)hrs.
4. Delivery Time : Within July 2014
5. Tender Documents and details information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing 25-6-2014 on payment of the Myanmar Kyat One Hundred Thousand (Kyat 100,000) per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
(ရန်ကုန်စီးပွားရေးတက္ကသိုလ်)

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်စီးပွားရေးတက္ကသိုလ်)၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည် ဖြစ်ပါသည်။

	သင်တန်းအမျိုးအစား	သင်တန်းကာလ
(က)	Certificate in Advanced Business Studies(CABS)	(၃လသင်တန်း)
(ခ)	Certificate in Business Studies(CBS)	(၃လသင်တန်း)
(ဂ)	Certificate in Book-Keeping (CBK)	(၆လသင်တန်း)
(ဃ)	Certificate in Advanced Accounting (CAA)	(၆လသင်တန်း)
(င)	Diploma in Secretarial Management (DSM)	(၆လသင်တန်း)

၂။ (က) CABS သင်တန်းအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရသူ(သို့မဟုတ်) CBS သင်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။

(ခ) CBS,CBK,DSM သင်တန်းများအတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ဖြစ်ရမည်။

(ဂ) CAA သင်တန်းအတွက် CBK အောင်မြင်ပြီးသူ (သို့မဟုတ်) LCCI Level-II အောင်မြင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာစတင်လက်ခံမည့်နေ့ရက် - ၃၀-၆-၂၀၁၄ ရက် (တနင်္လာနေ့)

၄။ လျှောက်လွှာပိတ်မည့်ရက် - ၁၀-၇-၂၀၁၄ ရက် (ကြာသပတေးနေ့)

၅။ သင်တန်းစတင်မည့်ရက် - ၁၄-၇-၂၀၁၄ ရက် (တနင်္လာနေ့)

၆။ သင်တန်းချိန် - CBS, CABS (နံနက် ၇း၃၀မှ ၉း၀၀)နာရီအထိ (တနင်္လာနေ့မှ သောကြာနေ့အထိ)
- DSM(နံနက် ၇း၃၀ မှ ၉း၃၀)နာရီအထိ (တနင်္လာနေ့ မှ သောကြာနေ့အထိ)
- CBK, CAA (စနေနေ့၊ တနင်္ဂနွေနေ့)

၇။ ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်(သို့) အောင်လက်မှတ်မူရင်း/မိတ္တူနှင့်နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ယူဆောင်လာရမည်။

၈။ ဆက်သွယ်ရန်လိပ်စာ - လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်)

၉။ အသေးစိတ်သိရှိလိုပါက - ဖုန်း-၅၃၆၄၃၆၊ ၅၈၅၀၇၂၊ ၅၈၅၀၇၃တို့တွင် စုံစမ်းနိုင်ပါသည်။

၁၀။ သင်တန်းသားဦးရေ ကန့်သတ်ထားသည်။

အတွင်းရေးမှူး
သင်တန်းကြီးကြပ်ရေးကော်မတီ

အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V SPRING SKY V.37 သင်္ဘောသည် ၁-၇-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
ရန်ကုန်မြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး တစ်ရုံးအား ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	တင်ဒါပုံစံစတင်ရောင်းချမည့်နေရက်	-	၄-၇-၂၀၁၄
(ခ)	တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ရက်	-	၄-၈-၂၀၁၄
(ဂ)	တင်ဒါပုံစံတင်ရမည့်နေရာ	-	စီမံ/ထောက်ပံ့ဌာန၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
(ဃ)	တင်ဒါပိတ်မည့်နေ့ရက်	-	၇-၈-၂၀၁၄ရက်၊ မွန်းတည့် ၁၂း၀၀နာရီ
(င)	တင်ဒါဖွင့်မည့်နေ့ရက်	-	၇-၈-၂၀၁၄ရက်၊ မွန်းလွဲ ၂း၀၀နာရီ

၂။ တင်ဒါပုံစံနှင့်စည်းကမ်းများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ဖြင့် ၄-၇-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ စီမံ/ထောက်ပံ့ဌာနတွင် စတင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဒေါ်ခင်မေရီ၊ ဒုတိယညွှန်ကြားရေးမှူး၊ စီမံ/ထောက်ပံ့ဌာန၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၃၈၂၀၂၇သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရေးအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်	တင်ဒါပိတ်ရက်
(က)	မီးထိုးဆီ	(၄၁၄၀၀) ဂါလန်	၄-၇-၂၀၁၄
(ခ)	သာမိုပလတ်စတစ်ဆေး (အဖြူ)	(၂၅၀)တန်	၁၅-၇-၂၀၁၄
(ဂ)	သာမိုပလတ်စတစ်ဆေး(အဝါ)	(၁၀၀)တန်	၁၅-၇-၂၀၁၄
(ဃ)	Glass Bead	(၃၅)တန်	၁၅-၇-၂၀၁၄
(င)	ဆေးဖျော်စက် (၂ကန်တွဲ)	(၂)လုံး	၁၅-၇-၂၀၁၄
(စ)	ဆေးဆွဲစက်(၈လက်မ၊ ၄လက်မ)	(၃)လုံး	၁၅-၇-၂၀၁၄
(ဆ)	မျဉ်းကျားဆွဲစက် (၁ပေ ၆လက်မ)	(၃)လုံး	၁၅-၇-၂၀၁၄
(ဇ)	မှိတ်တုတ်မီးဝါမီးအိမ်	(၅၀)လုံး	၁၅-၇-၂၀၁၄

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ယှဉ်တွဲဖော်ပြပါနေ့ရက်များ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ) နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ပစ္စည်းဝယ်ယူရေးအဖွဲ့

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၈၊ မြေကွက်အမှတ်-၁၅၄၊ မြေကွက်တည်နေရာ အမှတ်-၁၅၄၊ ၁၃၈-ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် (ဦးမြင့်ရွှေ)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် (ဦးမြင့်ရွှေ)[၁၂/အစန(နိုင်)၀၇၇၁၃၉] မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အထူးဝမ်းနည်းကြေကွဲခြင်း

ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ) ဒုဥက္ကဋ္ဌ နော်စီဖိုးရာစိန်၏ဖခင်၊ ဗိုလ်ချုပ်ကြီး တာမလာဘော ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သင်းကိုကို၊ စန္ဒာကိုကို၊ ကဗျာဘွဲ့မှူး၊ မျိုးမြင့်အောင်၊ သီဟ၊ မောင်မောင်ဦး

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ဝင်း

အသက်(၆၁)နှစ်

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူး(၁) ဦးမင်းဦး-ဒေါ်မာမာဦးတို့၏ဖခင် ဦးတင်ဝင်း အသက်(၆၁)နှစ်သည် ၂၇-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း
မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း
မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းလှ

အသက်(၈၆)နှစ်

သဲအင်းယောဂီ(ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်-ဒေါ်ကြူကြူလှတို့၏မိခင်ကြီး ဒေါ်အုန်းလှသည် ၁၇-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၂-၇၇ ဥပဒေ ကျောင်းသား/ကျောင်းသူများ၏လူမှုရေးဖောင်ဒေးရှင်း

ဒေါ်ကြည်ကြည်

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်(အနောက်)ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ်(၂၄)နေ (ဦးတင်မောင်-ဒေါ်သန်းရင်)တို့၏သမီး၊ (ဦးဘလွင်-ဒေါ်အုံးမေ)တို့၏သမီးချွေးမ၊ ဦးခင်ရွှေ၏ဇနီး၊ Capt; ဦးကြည်ခင် (PIL Shipping Co., Ltd.)-ဒေါ်မေရီဂရေ့စ်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်ကြည်ကြည်သည် ၂၇-၆-၂၀၁၄(သောကြာနေ့) ည ၁၁နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ဝင်း

အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးမင်းဦး-ဒေါ်မာမာဦးတို့၏ဖခင် ဦးတင်ဝင်း အသက် (၆၁)နှစ်သည် ၂၇-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်း
ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း

ဝမ်းနည်းကြေကွဲခြင်း

အဘ ဦးချစ်သိန်း (၉၁)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ရုပ်ရှင်ကော်ပိုရေးရှင်း
မဟာဇိနဝစကြာစေတီတော်(လှည်းကူးမြို့)

ဦးကျော်သိန်း-ဒေါ်လှလှဆွေ၊ ဦးထွန်းသိန်း (CENTURY SHIPPING Co., Ltd.)-ဒေါ်မော်လီတို့၏ ဖခင် အဘ ဦးချစ်သိန်း အသက်(၉၁)နှစ်သည် ၂၆-၆-၂၀၁၄ ရက် ညနေ ၃း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါ သဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကိုကိုလွင်နှင့် ဇနီး ဒေါ်ညိုညိုအေး မိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးဝင်းမြင့်(ညောင်တုန်း)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် (၁၈)နေ (ဦးစိန်မောင်-ဒေါ်သိန်းကြည်) တို့၏သား၊ (ဦးရှယ်ထုံ-ဒေါ်ကြင်မြ)တို့၏ သားသမက်၊ (ဒေါ်ခင်ရွှေဝင်း)၏ခင်ပွန်း၊ ဦးတင့်ကျော်-ဒေါ်ထူးတင်ဇာကျော်၊ ဦးဝင်းမင်း-ဒေါ်မိုးသဇင်သန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်ခင်ရွှေသိန်း၏မောင်၊ (ဦးအေးဆွေ)၊ ဦးဝင်းနိုင်-ဒေါ်အမာစီ၊ ဦးဝင်းနိုင်-ဒေါ်အမာကြည်တို့၏အစ်ကိုကြီး၊ မောင်ဟန်နေစံ၊ မခန့်ကြည်ဖြူခင်၊ မမြဖူးအိမ်တို့၏အဘိုး၊ တူ/တူမ ၁၇ ယောက်တို့၏ဦးလေးသည် ၂၈-၆-၂၀၁၄(စနေနေ့) ညနေ ၄း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၄(တနင်္လာ နေ့) နံနက် ၁၀ နာရီတွင် ရေဝေး သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

အထက အင်ဂ်ပူမြို့ အာစရိယပူဇော်ပွဲကန်တော့ခံဆရာကြီး ဦးခင်မောင်ဦးသည် ၂၅-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထက အင်ဂ်ပူမြို့
အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းလှိုင်(ခ)လီကင်းဟုန်

အသက်(၆၃)နှစ်

(ဟသ်ာတ)

ဦးဇော်ဝင်းလှိုင် [ရွှေကိန္နရီ စက်သုံးဆီရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင် ရေး (B.B.F.G Golf member)]၏ ချစ်လှစွာသောဖခင် ဦးသိန်းလှိုင်(ခ)လီကင်းဟုန်သည် ၂၇-၆-၂၀၁၄ (သောကြာနေ့)ညနေ ၅း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

B.B.F.G Golf အသင်းသားများ

ကိုဇော်မြတ် အသက်(၄၀)

ကော့သောင်းမြို့နေ ဦးအဝှပ်-ဒေါ်ရှုကြည် တို့၏သား၊ ဦးဆွင်ဟို-ဒေါ်ဥမ္မာသူ၊ ဦးဟင်ဂွမ်-ဒေါ်အင်ယု၊ ဦးကျောက်စိမ်း-ဒေါ်အင်ပို၊ ဦးအဘိ-ဒေါ်ရွှေဝါ၊ ဦးကျော်ဟို-ဒေါ်သွယ်သွယ်မြင့်၊ ဦးကျော်စိုး၊ ဦးဆန်းလိုက်-ဒေါ်မုံး၊ ဦးသိန်းလွင်-ဒေါ်လဲ့လဲ့ဝါ၊ ဦးဟင်ဘီး-ဒေါ်ဖြူဖြူဝင်းဆွေတို့၏ညီ/မောင်၊ ကိုဟိုဘီး၊ ကိုတင်စိုး- မဥမ္မာစိုးတို့၏အစ်ကို၊ ဒေါ်နီနီခင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်လင်းမြတ်ဦး(G-1, ISM)၊ မောင်ဟိန်းမြတ်ဦးတို့၏ဖခင် ဦးဇော်မြတ်သည် ၂၇-၆-၂၀၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၄(ကြာသပတေးနေ့)တွင် သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်ဝင်း[၁၂/ဥကမ(နိုင်)၀၇၅၆၁၁]နှင့် အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၂)လမ်းမကြီး၊ အမှတ်(၂၄)တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်လွင်[၁၂/ဥကမ(နိုင်)၁၉၀၅၄၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းမ၊ အမှတ်(၁၀၂၂)ဟု ခေါ်တွင်သော ပျဉ်ထောင်၊ သွပ်မိုးနှစ်ထပ်အိမ်တွင် ဦးခင်မောင်ဝင်းတို့မိသားစု ယခုလက်ရှိနေထိုင်လျက်ရှိပါသည်။ အဆိုပါအိမ်သည် မိဘများကွယ်လွန်ပြီးနောက်ပိုင်းတွင် အမွေပုံပစ္စည်းအဖြစ် ကျန်ရှိခဲ့ပါသည်။ ၎င်းအိမ်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေသည် ဦးခင်မောင်ဝင်းနည်းတူ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူတစ်ဦး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အချင်းဖြစ်အိမ်ကို ကျွန်ုပ်မိတ်ဆွေ ဦးသက်လွင်၏ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် အသိပေးတားမြစ်ကန့်ကွက်အပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအောင်သောင်း၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃၁)
အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၈၂၇၁၆

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း မင်းသျှင်သီဟ၏ဖခင် **ဦးအောင်မင်းထွဋ်(ညီညီ) အသက် (၄၅)နှစ်**သည် ၂၃-၆-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

9-B မှ သူငယ်ချင်းများ -ပိုင်ဟိဏ်းကျော်၊ အိန္ဒြေမိုး၊
ထက်သီရိနိုင်၊အေးချမ်းမိုး၊ ယမုံမြတ်မွန်၊ ယဉ်ဝင်းမျိုး၊
မြတ်သိင်္ဂီဆု၊ စိမ်းလဲ့နဒီဟိန်း၊ စိုးမြတ်သွယ်၊ ခိုင်ဆုဇာသွင်၊
စုရတနာ၊ မြတ်သဥ္ဇာမောင်

ကိုဇော်မြတ် အသက်(၄၀)

ရန်ကုန်မြို့နေ ဦးကြူးခင်-ဒေါ်ငွေရွှေတို့၏သားသမက်၊ ဦးမောင်မောင်ခင်-ဒေါ်မြင့်မြင့်အေးတို့၏ညီ၊ ဦးအောင်အောင်ခင်-ဒေါ်ဝင်းနေဇာအေးတို့၏အစ်ကို၊ ဒေါ်နီနီခင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်လင်းမြတ်ဦး(G-1, ISM)၊ မောင်ဟိန်းမြတ်ဦးတို့၏ဖခင် ဦးဇော်မြတ်သည် ၂၇-၆-၂၀၁၄ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၄(ကြာသပတေးနေ့)တွင် သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

[illegible]

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးညီညီရှိန်

အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ အမှတ်(၅၈)နေ ဦးတင်ရှိန်(ခ)ဦးစိန်-ဒေါ်သန်းဦးတို့၏သားကြီး၊ (ဦးဝမ်ရှင်ဟိုင်း)-ဒေါ်ရှောင်ရွှင်ဂျစ်တို့၏သားသမက်၊ မူဆယ်မြို့၊ ကောင်းမှုတံရပ်ကွက်၊ အမှတ်(၁၁၃)နေ ဒေါ်ဝမ်ကျင် ဖိန်း၏ချစ်လှစွာသောခင်ပွန်း ဦးညီညီရှိန် အသက်(၃၉)နှစ်သည် ၁၇-၆-၂၀၁၄ (အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊
ကိုမောင်မောင်နှင့် ညီအစ်ကိုများ သားရေထုတ်လုပ်မှုကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း

မောင်ဖြိုးဉာဏ်သစ်(ခ)ဖိုးလပြည့်

အထက(၁) လမ်းမတော်

အသက်(၁၇)နှစ်

ဦးအေးထွန်းမော်(ခရိုင်အင်ဂျင်နီယာမှူး၊မော်လမြိုင်ခရိုင်၊ ပ. ဆ. ငှ)-ဒေါ်ကျင်တီတို့၏တစ်ဦးတည်းသောသား မောင်ဖိုးလပြည့် အသက် (၁၇)နှစ်သည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်လှလှဝင်း
ကျိုက်မရောမြို့နယ်အင်ဂျင်နီယာနှင့်ဝန်ထမ်းများ

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ကျေးဇူးဆပ်ပါမည်

တယ်ရီယာခွေးထီးလေးတစ်ကောင် ရန်ကင်းမြို့နယ်၊ ရန်အေးအိမ်ရာမှ ၂၆-၆-၂၀၁၄ရက် နေ့လယ်ပိုင်းတွင် ပျောက်ဆုံးသွားပါသည်။ အရောင်မှာ အဖြူနှင့်အညိုကွက်ဖြစ်ပြီး နှုတ်သီးအရောင်မှာ အညိုဖြစ်ပါသည်။ ထူးခြားချက်မှာ ထိုင်လျှင် ခြေထောက်ကို တန်းတန်းလေးထား၍ ထိုင်တတ်ပါသည်။ ထိန်းသိမ်းထားသည့်သူများရှိလျှင် အမြန်ဆုံးအကြောင်းကြားပေးကြပါ။ ကျေးဇူးတင်ပါသည်။

ဖုန်း-၀၁-၅၅၀၅၀၁၊ ၀၉-၇၃၂၀၇၂၂၃၊ ၀၉-၇၃၁၅၉၅၃၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ လူနေရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၂၄၃)၊ မြေအကျယ်ပေ(၄၀ × ၆၀)၊ မြေဧရိယာ(၀. ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ မင်းစုလမ်း၊ အမှတ်(၂၄၃)မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဗိုလ်မှူးကျော်တင့်[၁၂/ဒဂန(နိုင်)၀၀၃၇၄၂]အမည်ပေါက် ဖြစ်ပါသည်။ ယင်းမြေကွက်ကို ဝယ်ယူလက်ရှိပိုင်ဆိုင်သော ဒေါ်ခင်မြင့်ဇော်[၇/သဝတ(နိုင်)၀၀၈၆၅၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ဖြူသင်းကြိုင်(စဉ်-၃၁၇၈၆)
အထက်တန်းရှေ့နေ

ဦးထင်အောင်(စဉ်-၃၀၇၈)
ဒေါ်သန်းသန်းစိန်(စဉ်-၇၈၀၀)
ဒေါ်ထူးထူးရင်(စဉ်-၈၀၂၄)
တရားလွှတ်တော်ရှေ့နေများ

ရုံး - အမှတ်(၈၃)၊ အခန်း-၁၁(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၇၂၇၆၊ ၀၉-၅၄၀၆၄၀၆။

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးမောင်မောင်စိုး(ငြိမ်း)
ကြည်း-၁၃၀၄၉၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၆)
အသက်(၆၄)နှစ်

ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်နေ ဒေါ်ခင်သန်းဌေး၏ခင်ပွန်း ဗိုလ်မှူးမောင်မောင်စိုး(ငြိမ်း)သည် ၂၇-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်ချုပ်ကျော်ညွန့်-ဒေါ်သီတာစိန်
ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်မျိုး (၈၃)နှစ်
(မြို့နယ်လျှပ်စစ်မန်နေဂျာ-ငြိမ်း)

KBZ GROUP CO., LTD (ကမ္ဘောဇကုမ္ပဏီများအုပ်စု)၏ Managing Director ဦးမိုးဆန်းအောင်- ဒေါ်ခင်မျိုးဆွေတို့၏ဖခင် ဦးအောင်မျိုး(မုံရွာ) အသက် (၈၃)နှစ်သည် ၂၆-၆-၂၀၁၄(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

AIR KBZ
FLIGHT OPERATION DEPARTMENT

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်သိန်း
1986 B.E (Civil) D.P.H.E
ဌာနခွဲမှူး (အဆောက်အအုံဌာန၊ မြို့တော်စည်ပင်)
အသက်(၅၂)နှစ်

စိတ်ထားကောင်းပြီး ကူညီတတ်သော သူငယ်ချင်း ဦးအောင်သိန်း (၅၂)နှစ်သည် ၂၃-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာ ဘုံဘဝသို့ရောက်ပါစေ။

ဦးစိုးဝင်း 2/E နှင့်ဇနီး Dr. နီနီဇော်မိသားစု

ဦးအေးမော် (၅၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ အမှတ် (၁၇/ခ)၊ စပယ်လမ်းနေ (ဦးအောင်သန်း)-ဒေါ်မြသွင်တို့၏သားကြီး၊ (ဦးမြအောင်)-ဒေါ်တင်ရီတို့၏သားသမက်၊ ဒေါ်လှလှကြည်၏ ခင်ပွန်း၊ ဒေါ်ဖြူဖြူသန်း (အထက-၃၊ သဃ်န်းကျွန်း)၊ ဒေါ်စပယ် (လဝက၊ နေပြည်တော်)-ဦးဇော်မိုးလွင်၊ ဦးခင်မော်-ဒေါ်သူဇာ၊ ဦးစိုးမော် (နေပြည်တော်စည်ပင်)-ဒေါ်သန်းသန်းဝင်း၊ ဦးဝင်းမော်-ဒေါ်ဌေးဌေးမြင့်၊ ဦးဝင်းဇော် (တပ်မတော်-ရေ)-ဒေါ်နွဲ့ရည်ဝင်းတို့၏ မောင်/အစ်ကို၊ ဒေါ်မြင့်မြင့်သန်း-ဦးနိုင်ဝင်း၊ ဦးစီ-ဒေါ်တင်တင်ဦး၊ ဒေါ်တင်တင်စန်း၊ ဒေါ်မိုးမိုးတို့၏အစ်ကို၊ မောင်သော်ဇင်ထက်မော်၊ မောင်အာကာထက်မော်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၈-၆-၂၀၁၄(စနေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၄ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သဂ်ဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၄း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးမျိုးတင့် (၅၅)နှစ်
(ကျောင်းအုပ်ကြီး၊ အထက၊ ဘုရားပျို၊ ခရမ်းမြို့)

စစ်ကိုင်းတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ နှီးအေးကုန်းကျေးရွာနေ (ဦးဘရင်-ဒေါ်ဘီအေ)တို့၏ သား၊ ဦးမျိုးမြင့်၊ ဒေါ်နွဲ့ကြည်၊ ဒေါ်နွဲ့ရီတို့၏ ညီ/အစ်ကို ဦးမျိုးတင့်သည် ၂၈-၆-၂၀၁၄ (စနေနေ့) ည ၁၁း၄၀ နာရီတွင် ရန်ကုန်မြို့၊ (ခုတင်-၅၀၀) အသည်းရောဂါဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၄(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အထက(၃)၊ မြောက်ဥက္ကလာနှင့် အလက(၁) မြောက်ဥက္ကလာတို့မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၄ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ တောင်ဥက္ကလာပမြို့နယ်၊ (၅)ဝိုင်း၊ ရွှေထနောင်းကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးအောင်ကျော်ထွန်း(ခ)ညီညီ
အသက်(၅၁)နှစ်
2nd Mate F.G
(စစ်တွေ)

၂၈-၆-၂၀၁၄(စနေနေ့) ည ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၆-၂၀၁၄ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသဖြင့် A.S.S.A အသင်းဝင်များ လိုက်ပါပို့ဆောင်ပေးပါရန် နှိုးဆော်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၁၅ နာရီတွင် ထွက်ပါမည်။)

ရခိုင်သင်္ဘောသားများ
လူမှုရေးအသင်း

ဦးကျန်ချီးအောင်(ကျောက်ဖြူ)
အသက်(၅၅)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဦးဥတ္တမလမ်း၊ ဖြတ်လမ်း(၃)နေ ဦးလှဖြူအောင်-ဒေါ်ယိုင်သာမေတို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဦးဘိုးရွှေလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ အမှတ်(၂)နေ ဒေါ်ဝေယိုင်ဖြူ ဒေါ်ဖြူမချော၊ ဒေါ်ဖြူမခိုင်တို့၏မောင်၊ မဖြူယိုင်၊ မလှကြည်၊ မသန်းကြည်မတို့၏အစ်ကို၊ မောင်ဖုန်းကျော်၊ မရွှေမင်းကြည်၊ မဇာနည်ဝင်းရွှေ၊ မအေးချမ်းဝင်းရွှေတို့၏ဦးလေး၊ မမေသူထက်၏အဘိုး ဦးကျန်ချီးအောင်သည် ၂၈-၆-၂၀၁၄ (စနေနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဗဟန်းမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်မျိုးဇော်(ခ)ကိုဖုန်းမြင့်
အသက်(၅၀)

ရန်ကုန်မြို့၊ အမှတ်(၃၈၇/၃၈၉)၊ (2A)၊ ဗိုလ်အောင်ကျော်(အထက်)လမ်း၊ City Shine Tower နေ [ဦးတင်အေး(ခ) ဒါရိုက်တာ မြတ်တင်အေး (ယခင် မြန်မာလွတ်လပ်ရေးရုပ်ရှင်)]-ဒေါ်မြင့်မြင့်သန်း(ခ) Dora Khin တို့၏သားကြီး၊ ဦးစိန်လှိုင်- ဒေါ်ခင်စောလှိုင်တို့၏သားသမက်၊ ဒေါ်လှိုင်လှိုင်မျိုးနွယ်ထွန်း၏ခင်ပွန်း၊ သက်ထက်ဇော်(ခ) Steven Zaw (အရှေ့ပိုင်းတက္ကသိုလ် Eng မေဂျာ၊ ပထမနှစ်)၊ ခင်မဒီဇော်(ခ) Vicky (G-10၊ အထက-၄၊ ဗိုလ်တထောင်)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ [ဦးတင်ထွန်းဇော်(ခ)ကိုညီညီ]-ဒေါ်အေးအေးခိုင်၊ ဦးမျိုးမြင့်အောင်-ဒေါ်အေးမြတ်စန္ဒီတို့၏ အစ်ကိုကြီး၊ တူ/တူမသုံးယောက်တို့၏ဘကြီးသည် ၂၈-၆-၂၀၁၄ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးဇော်ဝင်းထွန်း(ခ)ကိုမိုး
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၃၃/၁)၊ ရေစင်လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်နေ [ဦးဗမိုး(ခ)ဦးထွန်းမင်း-ဒေါ်ရှုလွမ်]တို့၏သား၊ ဦးစိုး-ဒေါ်ခင်စီ၊ ဒေါက်တာဌေးအောင်ဝင်း-ဒေါ်မေရီချို တို့၏မောင်၊ ဦးကျော်တေဇ-ဒေါ်ရတနာ တို့၏အစ်ကို၊ ဒေါ်သီတာထွေး၏ခင်ပွန်း၊ မဒါလီဆုပြည့်၊ မောင်စစ်ပိုင်တို့၏ဖခင်၊ တူ/တူမခြောက်ယောက်တို့၏ ဦးလေးသည် ၂၈-၆-၂၀၁၄ (စနေနေ့) ည ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

နာရေး

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်လှခိုင်(ဗဟန်း) (၉၈)နှစ်

ရွှေပြည်သာမြို့၊ ဓမ္မသုခပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော် ဦးတေဇိန္ဒ၏ ရဟန်းမယ်တော်၊ (ဦးထွန်းခင်)၏ဇနီး၊ ရွှေပြည်သာမြို့နယ်၊ (၇) ရပ်ကွက်၊ ရောမြိုင်(၁)လမ်းနေ (ဦးဘုန်းမြင့်-ဒေါ်ဘေဘီ)၊ (ဦးဘုန်းတင်-ဒေါ်ထွေးမွန်)၊ (ဦးတင်အေး)-ဒေါ်ခင်လေးတင့်၊ ဦးအေးသင်း-ဒေါ်ခင်လေးသွဲ့၊ ဦးကျော်စိန်-ဒေါ်ခင်လေးနွဲ့၊ (ဦးထွန်းအောင်)-ဒေါ်ခင်အေးချိုတို့၏ မွေးသမိခင်၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်လှခိုင်သည် ၂၉-၆-၂၀၁၄ရက် နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၄ ရက် နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မယ်ကျင် အသက်(၉၀)
(ညောင်တုန်း)

ညောင်တုန်းမြို့နေ (ဦးချစ်ဦး-ဒေါ်ငွေသင်)တို့၏သမီး၊ အမှတ်(၃၁၆)၊ စက္ကဝတ်(၁)လမ်း၊ ၈/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးဘသွင်)၏ဇနီး၊ ဦးမြသန်း(တိုင်းဒေသကြီးဥပဒေအရာရှိ-ငြိမ်း)-ဒေါ်စိန်စိန် (အမက-၁၄၊ ငြိမ်း) တို့၏မိခင်၊ ဦးရဲနိုင် (ကြာအင်းဆိပ်ကြီးမြို့နယ်ဥပဒေအရာရှိ)-ဒေါ်သီသီအောင် (လမ်းမတော်မြို့နယ်၊ ဥပဒေရုံး)၊ ဗိုလ်မှူးရဲအောင် (တပ်မ-၄၄)-ဒေါ်စောယုဝေ (ဦးစီးအရာရှိ ပဲခူးတိုင်းဒေသကြီးဥပဒေရုံး)တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၆-၂၀၁၄ရက် ညနေ ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၄(တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သဂ်ဟများအား အသိပေးအကြောင်းကြားပါသည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဟင်္သာတအသင်း
ဦးသိန်းလှိုင် (၆၃)နှစ်

ဟင်္သာတမြို့၊ ဥယျာဉ်တောင်ရပ်၊ မနော်ဟရီလမ်း၊ အမှတ်(၁၀၆)နေ (ဦးဘန်အန်း-ဒေါ်ကျင်တီ)တို့၏သား၊ ဒေါက်တာခင်မျိုးထွေး(ကလေးအထူးကုဆရာဝန်)၏အစ်ကို၊ ဒေါက်တာခင်သန်းဝင်း (ကျောက်ကပ်သွေးသန့်စင်ဌာန၊ အာရှတော်ဝင်ဆေးရုံ)၏ချစ်လှစွာသော ခင်ပွန်း ဦးသိန်းလှိုင်သည် ၂၇-၆-၂၀၁၄ ရက် ညနေ ၅း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ဟင်္သာတမြို့ ကြက်သွန်ဖိုသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း အသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့ဟင်္သာတအသင်း

ဒေါ်နန်းမြဦး(ကျေးသီး)
အသက်(၅၅)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နေ (ဦးဆန်အွတ်)-ဒေါ်နန်းခမ်းအိမ်တို့၏သမီးကြီး၊ စမ်းချောင်းမြို့နယ်နေ (ဦးခင်မောင်-ဒေါ်ခင်စိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၆၉)၊ သုံးလွှာ(ခ)နေ ဒုတိယဗိုလ်မှူးကြီးဝင်းအောင်(ငြိမ်း)၏ဇနီး၊ ဗိုလ်ကြီးနေမျိုးအောင်-ဒေါ်ကေသွယ်ဝင်းမြင့်၊ မလဲ့ဝါအောင်၊ မောင်ဟိန်းဇင်အောင်တို့၏မွေးသမိခင်၊ မောင်နေသွေးအောင်၏အဘွား၊ ဦးစိုင်းတင်အောင်-ဒေါ်နန်းစံဖောင်း၊ ဦးစိုင်းဆိုင်မိန်း-ဒေါ်နန်းစိန်၊ ဒေါ်နန်းမြအေးတို့၏ အစ်မသည် ၂၇-၆-၂၀၁၄ (သောကြာနေ့) ညနေ ၅း၁၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၆၉)၊ သုံးလွှာ(ခ)၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဗိုလ်မှူးကြီးသန်းဌေး(လေ-ငြိမ်း) (၉၁)နှစ်
(မြိတ်)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ တိုက်(၁၄)၊ အခန်း(၁၈)နေ (ဦးဘဒွေး-ဒေါ်မြဆင်)တို့၏သား၊ (ဦးကြီးရွှေ-ဒေါ်ငွေမြိုင်)တို့၏ သားသမက်၊ (ဒေါ်အေးရှင်)၏ ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးဝင်းဌေး(ငြိမ်း)-ဒေါ်စိုးစိုးသန်း၊ ဦးရဲရန်အောင်-ဒေါ်သီသီဌေး၊ ကပ္ပတိန်ကျော်စိုး (Norstar Ship Management, Singapore)-ဒေါ်နှင်းပွင့်၊ ဦးသိန်းလှိုင်-ဒေါ်မာလာဌေးတို့၏ကျေးဇူးရှင်ဖခင်၊ မပွင့်စုံဌေး၊ မောင်အေးချမ်းဌေး၊ မယဉ်မေဌေး၊ မောင်မင်းသန့်ကျော်စိုးတို့၏အဘိုးသည် ၂၉-၆-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်နှင့် မြိတ်အသင်းမှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးသိန်းဆွေ အသက်(၉၀)
B.A (YGN), B.A (Califonia)
လက်ထောက်အမှုဆောင်ဒါရိုက်တာ၊ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်

ရန်ကုန်မြို့၊ ဗိုလ်ချုပ်လမ်းနေ တရားသူကြီး(ဦးဘထူး-ဒေါ်ခင်မြင့်)တို့၏ သားကြီး၊ အမှတ်(၂၄)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း၊ စမ်းချောင်းနေ [ဒေါ်ခင်ခင်အေး (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)]၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ဆွေအေး (ဗဟိုဘဏ်)၏ ကျေးဇူးရှင်မွေးသဖခင်သည် ၂၈-၆-၂၀၁၄(စနေနေ့) ညနေ ၅း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၉-၆-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သဂ်ဟများအားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုဒ်ဦး ဒါယကာကြီး
ဦးမောင်မြင့်
အသက် (၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ပံကျေးရွာနေ (ဦးဘိုးအောင်-ဒေါ်စိန်)တို့၏သား၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်နေ ဒေါ်စိန်နက်၏ခင်ပွန်း၊ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်စိန်၊ ဦးစိန်မြင့်၊ (မောင်မြင့်ဇော်)-မဇင်မာဌေးတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၉-၆-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၇း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးတာဖံ (၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်ငြိမ်း-ဒေါ်သိန်း)တို့၏သား၊ ဦးသန်းဝင်း(အား/ကာ၊ ငြိမ်း)-ဒေါ်ခင်အေးမူ၊ ဦးဆန်နီ (ဗိုလ်ချုပ်ဈေး)၊ ဦးပက်ထရစ်၊ (ဦးသန်းဌေး)-ဒေါ်သင်းမာလာ၊ ဦးမိုးကျော်(ခေတ္တ-USA)-နော်သွဲ့ထူး၊ ဦးစိုးတင့်(မြို့တော်စည်ပင်၊ လမ်းတံတား)-ဒေါ်ဝင်းမာလာ၊ ဦးအောင်မိုး၊ (မသီရိမာလာ)၊ ဦးမြင့်ကြိုင်-ဒေါ်လှယမင်းထွေးတို့၏ဖခင်၊ မြေး ၂၄ယောက်၊ မြစ်ကိုးယောက်တို့၏ ဘိုးဘိုးကြီး၊ (ဒေါ်နှင်းရီ)၏ခင်ပွန်းသည် ၂၈-၆-၂၀၁၄ (စနေနေ့) ည ၁၀း၀၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၆-၂၀၁၄(တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ [အမှတ်(၂၁၆)၊ အောင်သုခလမ်း၊ သင်္ဘောကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ် နေအိမ်မှကားများ ညနေ ၃း၁၅ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဦးလှထွန်း အသက်(၇၀)

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ရန်ကင်းဝံကျေးရွာနေ ဦးဘအုန်း-ဒေါ်ရှမ်းတို့၏သား၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄) ရပ်ကွက်၊ နဝရတ်(၃)လမ်း၊ အမှတ် (၁၁၃၆)နေ ဒေါ်ကျင်လှ၏ ခင်ပွန်း၊ (ဦးကြီးရွှေ-ဒေါ်သန်း)၊ (ဦးထွန်းဆိုင်-ဒေါ်ညွန့်)၊ (ဦးစိုးမောင်)၊ (ဦးစံသိန်း)-ဒေါ်မြစိန်၊ ဦးအောင်ကျော်-ဒေါ်ညွန့်၊ ဦးသန်းအောင်-ဒေါ်အုံးဌေးတို့၏ အစ်ကိုကြီးသည် ၂၉-၆-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၄(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မောင်ဖြိုးညဏ်သစ်(ခ)
ဖိုးလပြည့်
အသက်(၁၇)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)၊ အမှတ်(၂၈၃)၊ ငါးလွှာနေ ဦးအေးထွန်းမော်(ခရိုင်အင်ဂျင်နီယာမှူး၊ မော်လမြိုင်)-ဒေါ်ကျင်တီတို့၏ချစ်လှစွာသော တစ်ဦးတည်းသောသား၊ မချမ်းထွန်းထွန်းစံ၏ ချစ်လှစွာသော မောင်လေး ဖြိုးညဏ်သစ်(ခ)ဖိုးလပြည့်သည် ၂၅-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူ သားလေးအားရည်စူး၍ ၁-၇-၂၀၁၄(အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သဂ်ဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးစံသိန်း (၆၈)နှစ်
(ညွှန်ကြားရေးမှူး-ငြိမ်း၊ ကကငွေ)
ကဗျာဆရာနီအောင်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် (၁၁၆၈)၊ ပထမထပ်နေ (ဦးကျော်ဟိန်း-ဒေါ်ထွေး)တို့၏သား၊ (ဦးစန်းမောင်)-ဒေါ်မြသီတို့၏ညီ၊ (ဦးအေး-ဒေါ်အေးကျင်)၊ ဦးထွန်းမြင့်-ဒေါ်လှသွယ်တို့၏ မောင်၊ ဒေါ်စန်းစန်းမြင့်(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ကကငွေ)၏ ခင်ပွန်း၊ ကိုနိုင်ဝင်း(လ/ထ အထွေထွေမန်နေဂျာ)-မမဥ္ဇူစံ (မန်နေဂျာ၊ စက်မှုဝန်ကြီးဌာန၊ ကစစ-၂၅၊ မြိုင်)၊ ကိုမျိုးနောင် (MTM Shipping)-မအင်ကြင်းစံ (Sedona Hotel HR. Department)တို့၏ဖခင်၊ မောင်ဇာနည်အောင်၊ မောင်ထက်ဝေယံအောင်၊ မအိမြတ်ရွှေစင်တို့၏အဘိုးသည် ၂၈-၆-၂၀၁၄(စနေနေ့) ည ၁၁း၀၇ နာရီတွင် အမှတ်(၁၁၆၈)၊ ပထမထပ်၊ သမာဓိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၄ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သိန်းသိန်းဝင်း (၆၂)နှစ်

မြစ်သားမြို့နယ်၊ ကူမဲမြို့နေ (ဦးမှတ်သာ-ဒေါ်မြရင်)တို့၏သမီး၊ (ဦးဘသိန်း-ဒေါ်စောယုံ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ အမှတ်(၅၈၁)နေ ဦးကြည်ဝင်း (ဦးစီးအရာရှိ-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)၏ ဇနီး၊ အေးမြကြည်ဝင်း(Executive accountant Right Engineering Co., Ltd)၊ ဒေါက်တာစန္ဒီကြည်ဝင်း (YSA Travels & Trous) အောင်ကိုကိုဝင်း (ဒါရိုက်တာ Htoo Myat Gone Construction Co., Ltd.)၊ (ထွန်းကိုကိုဝင်း)တို့၏မိခင်၊ မဆုအိမ်ထက်(Grade-4၊ အထက-၂၊ ဗိုလ်တထောင်)၊ မမေသဲကို (Grade-I၊ အထက-၂၊ ဗိုလ်တထောင်)တို့၏အဘွားသည် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၂း၅၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကျင်ရီ(ခနောင်ရှမ်းကွင်း)
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၂၉၃)နေ (ဦးသူတော်)၏ဇနီး၊ဒေါ်ခင်မြင့်၊ဦးညွန့်ရွှေ၊ဒေါ်စန်းမြင့်၊ ဦးလှဝင်း၊ ဦးမောင်ချို (ညွှန်ကြားရေးမှူး၊ အင်/ယာ၊ နေပြည်တော်စည်ပင်)တို့၏မိခင်ကြီး၊ မြေး ၁၉ယောက်၊ မြစ် ၁၄ယောက်၊ တီတစ်ယောက်တို့၏အဘွားသည် ၂၈-၆-၂၀၁၄ (စနေနေ့) ည ၈း၁၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကျင်ရီ(ခနောင်ရှမ်းကွင်း)
အသက်(၉၆)နှစ်

သူငယ်ချင်း ဦးမောင်ချို (ညွှန်ကြားရေးမှူး၊ အင်/ယာ၊ နေပြည်တော်စည်ပင်)၏မိခင်ကြီးသည် ၂၈-၆-၂၀၁၄ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၅)မှ
သူငယ်ချင်းများ

ရဟန်၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ညိုလှ(ကြည့်မြင်တိုင်) (၈၆)နှစ်
အထက(၅)ကြည့်မြင်တိုင်(ကမ္ဘာအေးစွန်းလွန်းဂူယောဂီ)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၆၃)၊ ကွမ်းရွဲတန်းနေ (ဦးငြိမ်း-ဒေါ်စိုးမယ်)တို့၏ သမီးငယ်၊ ဒေါ်စိန်စိန်၊ (ဦးစိန်လှိုင်-ဒေါ်အမာ)တို့၏ ညီမ၊ ဦးမြင့်ဆွေ (ဦးစီးအရာရှိ စာရင်းစစ်ချုပ်ရုံး-ငြိမ်း)၏ဇနီး၊ (ဦးသန်းအေး)၊ ဒေါ်ရင်မော်၊ ဒေါက်တာယဉ်မင်း(ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်)၊ (ဗိုလ်မှူးကြည်ခင်-ငြိမ်း)၊ ဒေါ်ဥမ္မာကံမြင့် (Myanmar Nobel Collage)တို့၏ မိခင်ကြီး၊ ဦးဝင်းသိန်း (ဦးစီးအရာရှိ ပြည်တွင်းအခွန်)၊ ဒေါ်ခိုင်မာလှိုင်၊ ဒေါက်တာဝင်းမာလှိုင်(ပါမောက္ခ၊ ဌာနမှူး၊ IR ဌာန၊ YUFL)တို့၏အဒေါ်၊ ဥက္ကာမင်း (ဒုတိယနှစ်၊ ဂျာမန် YUFL)၊ မမေသူဟိန်း၊ မကြည်စင်စု (Grade-IX-F, TTC)တို့၏ ချစ်လှစွာသောအဘွားသည် ၂၈-၆-၂၀၁၄(စနေနေ့) နံနက် ၈နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၄ရက် နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမိုဟာမက်အီဗရာဟင်(ခ)ဦးသန်းအောင် (၈၁)နှစ်
(မြောင်းမြ/ပုသိမ်)

ပုသိမ်/မြောင်းမြနေ သစ်ကုန်သည်ကြီး ဟာဂျီဦးနိုင်နာမာမက်-ဒေါ်မယ်ရယမ်တို့၏သား၊ ကျုံမငေးမြို့နေ ကန်ထရိုက်တာဦးလုံးတင်-ဒေါ်ခင်ညွန့်တို့၏ သားသမက်၊ မြောင်းမြမြို့၊ ယခင်သရဖီသစ်ခွဲစက်နှင့် လျှာထိုးစက်ပိုင်ရှင် [ဟာဂျီမဒေါ်ခင်တီ(ခ)ရှုဖိယာဘီ]၏ခင်ပွန်း၊ ဒေါ်ခင်သန်းဌေး (တွဲဖက်ပါမောက္ခ၊ အင်္ဂလိပ်စာဌာန YUFL)၊ ဦးဌေးအောင်(လ/ထ သုတေသနအရာရှိ အဏုမြူစွမ်းအင်ဦးစီးဌာန)-ဒေါ်သန်းသန်းအေး (အလက-၂၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်ခင်သန်းအေး (တရားလွှတ်တော်ရှေ့နေ)၊ ဦးရန်နိုင်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ဝေဝေသိန်း၊ ဒေါက်တာခင်သန်းဝင်း (တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဟာဂျီဦးမျိုးတင့်သန်း-ဟာဂျီမဒေါ်စန္ဒာမြင့်(ခေတ္တ-ဂျာမနီ)၊ ဟာဂျီမဒေါက်တာအေးသီတာသန်း(ကလေးအထူးကုဆရာဝန်ကြီး)-ဟာဂျီဦးစိုးမင်းသန်း(Chief Engineer/Myanmar Aurora)၊ ဒေါ်မာလာသန်း (တရားလွှတ်တော်ရှေ့နေ)-ဒေါက်တာခင်မောင်ကြည် (Student Health Clinie, University Malaya) တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊ အဆောက်အအုံကန်ထရိုက်တာဟောင်း၊ သရဖီသစ်ခွဲစက်နှင့် လျှာထိုးစက်(မြောင်းမြ)ပိုင်ရှင်သည် ၂၇-၆-၂၀၁၄ရက် ညနေ ၄း၁၀နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၁၀၀)၊ ငါးလွှာ၊ ရွှေဖြူကွန်ဒိုနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ရက် နံနက် ၁၀ နာရီတွင် (၁၃၃)လမ်းထိပ်၊ မအူကုန်းလမ်းကျယ်ဗလီ၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးကဘာရ်စတန်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သဂ်ဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ခင်လှနွယ် (၆၉)နှစ်
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အမက(၁၂)၊ တ/ဥ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၂၀၃)နေ (ဗိုလ်ကြီးမောင်တင်)-ဒေါ်အင်ကြည်တို့၏သမီး၊ ဦးတင်စိန်(တရားလွှတ်တော်ရှေ့နေ) ဘဏ်ရှေ့နေ (အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်)၏ဇနီး၊ ဦးအောင်ကျော်စိုး(ဒုတိယရေကြောင်းအင်ဂျင်နီယာ- Dynasty Marine)-ဒေါ်ထိုက်ထိုက်ခင်၊ ဗိုလ်ကြီးကျော်သူစိုး(ငြိမ်း) [First Officer (Air Bagan)]-ဒေါ်သီတာမျိုး၊ ဒေါ်ယဉ်ယဉ်နွယ်စိုး (Myanmar Treasure Resorts)တို့၏ ကျေးဇူးရှင်မိခင်၊ မဆုနှင်းထက်၊ မစိုးရတနာထက်၊ မစိုးရတနာအောင်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်လှနွယ်သည် ၂၈-၆-၂၀၁၄(စနေနေ့) နံနက် ၈း၂၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၄(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သဂ်ဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်ကျော်ထွန်း(ခ)ညီညီ(စစ်တွေ)
အသက် (၅၁)နှစ်
2nd MATE (F.G) (CDC-29127)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၁၂၉)၊ လေးလွှာနေ (ဦးကျော်ကြီး-လဝကမှူး)-ဒေါ်သာနုဖြူတို့၏ သားလတ်၊ ဦးအောင်ကျော်မြ (ဒုညွှန်ချုပ်-ငြိမ်း၊ ဘဝရ)-(ဒေါ်အုန်းမြင့်)တို့၏ သားသမက်၊ ဦးရွှေထွန်း(ဒုအကောက်ခွန်မှူး-ငြိမ်း)-ဒေါ်ညိုညိုတို့၏ညီ၊ ဦးထွန်းဝင်း-ဒေါ်ခင်သီတာလှိုင်(မူပြ၊ မူလွန်-၁၊ ဒဂုံဆိပ်ကမ်း)၊ ဦးထွန်းကျော်-ဒေါ်ခင်မိုးလှိုင်၊ ဒေါ်ခင်ခင်ဝင်း(မြို့နယ်၊ အင်ယာ-ပုဇွန်တောင်)-ဦးမိုးညီထွဋ်(မြို့နယ်ဥပဒေအရာရှိ ဒဂုံတောင်)တို့၏အစ်ကို၊ ဒေါ်မြတ်စန္ဒာ(လ/ထမန်နေဂျာ၊ အာရှရန်ကုန်ဘဏ်)၏ ချစ်လှစွာသောခင်ပွန်း၊ မအေးသန္တာကျော်(Grade-4-A၊ ရန်ကင်း၊ TTC)၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး ဦးအောင်ကျော်ထွန်း(ခ)ညီညီသည် ၂၈-၆-၂၀၁၄(စနေနေ့) ည ၁၀း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၄(တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ယနေ့ **မာတိကာ**

ဆီရီယာလွန်တွင် အီဗိုလာလူနာကို ပုန်းခိုခွင့်ပြုလျှင် ရာဇဝတ်မှုကျူးလွန်ခြင်းဟုဆို
စာမျက်နှာ - ၄

တောင်ကိုရီးယားနိုင်ငံမှ ဒေသန္တရရွေးကောက်ပွဲများ အကြောင်း တစေ့တစောင်း
စာမျက်နှာ - ၆

တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်များ ထုတ်ယူနိုင်
စာမျက်နှာ - ၈

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကျရှုံးခဲ့ရခြင်းအား မိမိအပေါ်တွင်သာ အပြစ်တင်ရန် ဟောင်မြန်ဘိုပြောကြား
စာမျက်နှာ - ၁၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယနိုင်ငံ ဒုတိယသမ္မတတို့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆွေးနွေး

ပေကျင်း ဇွန် ၂၉

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ မိုဟာမက် ဟာမစ်အန်ဆာရီတို့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ပေကျင်းမြို့ရှိ ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ကောင်းမွန်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ ပိုမိုတင်ပို့နိုင်မည့် အလားအလာများ၊ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး စီမံကိန်းအကောင်အထည်ဖော်ဆောင်မှု အခြေအနေနှင့် နယ်စပ်ဒေသ တည်ငြိမ်ရေးနှင့်လုံခြုံရေးဆိုင်ရာတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ၁၉၄၈ ခုနှစ်တွင် သံတမန်ဆက်ဆံမှု စတင်ခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှုအနေဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယနိုင်ငံသို့ ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐

မြစ်ကြီးနားလမ်းပိုင်းရှိ ဒေါ့ဖုန်းယန်တွင် ခရီးသည်တင်ကားများ ခေတ္တနားနေသည်ကို တွေ့ရစဉ်။

ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးနေ

ယနေ့ခေတ်ကာလသည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပြီး မော်တော်ယာဉ်အသင်းများ ပိုမိုများပြားလာပါက ခရီးသည်များကို ဝန်ဆောင်မှုအပြိုင်အဆိုင်ပေးခြင်းဖြင့် ယာဉ်စီးခနှုန်းထားများ လျော့ကျလာမည်ဖြစ်သည်။

ယခုအခါ ခရီးသည်များ သက်သာချောင်ချိရေးကို ရှေးရှု၍ မော်တော်ယာဉ်လိုင်းများ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေကို ကချင်ပြည်နယ်အစိုးရအဖွဲ့က ပြဋ္ဌာန်းပြီးဖြစ်ကြောင်း ဗန်းမော်-မြစ်ကြီးနား ယာဉ်စီးခကြီးမြင့်မှုနှင့် ပတ်သက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားထားသည်။

ထို့ပြင် ဗန်းမော်မြို့သို့ မီးရထားလမ်းရောက်ရှိမှုနှင့် ပတ်သက်၍ ကသာ-မိုးတားကြီးအပိုင်း ၁၆ ဒသမ ၆၈ မိုင်ကို ၂၀-၂-၂၀၁၀ ရက်တွင်လည်းကောင်း၊ မိုးတားကြီး-ကျောက်ကြီးအပိုင်း ၂၀ ဒသမ ၃၈ မိုင်ကို ၇-၂-၂၀၁၄ ရက်တွင်လည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီး RBE ရထားဖြင့် နေ့စဉ်ပြေးဆွဲလျက်ရှိသည်။ ကျန်ရှိသော ကျောက်ကြီး-စင်းခန်းအပိုင်း ၃၀ ဒသမ ၅၄ မိုင်နှင့် စင်းခန်း-ဗန်းမော်အပိုင်း ၂၇ ဒသမ ၂၇ မိုင်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်ဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ဗန်းမော်ဘူတာကိုလည်း

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❍



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ
ကြေးမုံ အထူးထုတ် ၂၀၁၄ ခုနှစ် ဇွန် ၃၀ ရက် တနင်္လာနေ့
FIFA WORLD CUP Brasil

ဒက်စ်ချမ့်စ်၏ ပြင်သစ်အသင်း ဘာလဲ . . . ဘယ်လဲ



၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ လက်ရှိအချိန်တွင် ကျင်းပပြီးစီးခဲ့သည့် နောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲ လေးကြိမ်မှာ ချန်ပီယံဖြစ်ခဲ့ကြသော အသင်းလေးသင်းအနက် ဘရာဇီး(၂၀၀၂ ချန်ပီယံ)နှင့် ပြင်သစ် (၁၉၉၈ ချန်ပီယံ)တို့ နှစ်သင်းသာ ကျန်ရှိတော့သည်။ စပိန် (၂၀၁၀ ချန်ပီယံ-လက်ရှိချန်ပီယံ)နှင့် အီတလီ(၂၀၀၆ ချန်ပီယံ)အသင်းတို့မှာ အုပ်စုအဆင့်ကိုပင် မကျော်ဖြတ်နိုင်ဘဲ ပြိုင်ပွဲကို လက်ပြနှုတ်ဆက်သွားခဲ့ပြီဖြစ်သည်။ ၂၀၀၂ ချန်ပီယံဘရာဇီးမှာ ယခုနှစ်ပြိုင်ပွဲ၏ အိမ်ရှင်ဖြစ်သလို ကစားသမားစုဖွဲ့မှု၊ ပြင်ဆင်မှုအားကောင်းခဲ့၍ ပြိုင်ပွဲမတိုင်မီကပင် ဗိုလ်စွဲနိုင်မည့်အသင်းအဖြစ် ထိပ်ဆုံးမှရေပန်းစားခဲ့သည်။ ပြင်သစ် (၁၉၉၈ ချန်ပီယံ)သည် ၂၀၁၄ ခြေစစ်ပွဲ၌ တိုက်ရိုက်ခြေစစ်ပွဲ မအောင်ခဲ့ဘဲ Play off ရှုံးထွက်အဆင့်မှာ ယူကရိန်းကို ခက်ခက်ခဲခဲကစားခဲ့ပြီးမှ ပြိုင်ပွဲဝင်ခွင့်ရခဲ့ခြင်း၊ ၂၀၁၀ ပြိုင်ပွဲတွင် အုပ်စုအဆင့် သုံးပွဲစလုံး ရှုံးပွဲဆက်ပြီးပြိုင်ပွဲမှ ထွက်ခဲ့ခြင်း၊ ပြိုင်ပွဲမတိုင်မီ အခါက ကစားသမားရီဘာရီ ဒဏ်ရာရကာ ပြိုင်ပွဲနှင့်လွဲချော်ခဲ့ခြင်း၊ နာဆရီလို ခြေစွမ်းပြကစားသမားမျိုး အပြီးသတ်လူစာရင်းတွင် မပါဝင်ခဲ့ခြင်း စသည့် အားနည်းချက်တို့ကြောင့် ပြိုင်ပွဲမှာ ရေပန်းစားသည့် ထိပ်ဆုံးငါးသင်းစာရင်းမှာပင် ပါဝင်ခဲ့ခြင်းမရှိခဲ့။ ပရိသတ်အများစု၏ အထင်ကြီးလေးစားမှု၊ စိတ်ဝင်စားမှုမရှိသလောက်ဖြစ်ခဲ့သည့် အနေအထားဟုဆိုနိုင်သည်။

အုပ်စုအဖွင့်ပွဲစဉ်တွင် ဟွန်ဒူးရပ်စ်ကို သုံးဂိုးပြတ်အနိုင်ရခဲ့ပြီး အုပ်စုဒုတိယပွဲစဉ်တွင်လည်း ဒေသတွင်းပြိုင်ဘက် ဆွစ်ဇာလန်ကို ငါးဂိုး-နှစ်ဂိုးနှင့် ဂိုးပြတ်ပင် အနိုင်ရခဲ့သည်။ အုပ်စုပွဲ သုံးပွဲကစားအပြီး ရှုံးပွဲမရှိ၊ နှစ်ပွဲနိုင် တစ်ပွဲသရေ သွင်းဂိုး ရှစ်ဂိုး၊ ပေးဂိုးနှစ်ဂိုး ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စုပထမနေရာကနေ ရှုံးထွက်အဆင့်ပွဲစဉ်ကို တက်ရောက်နိုင်ခဲ့ချိန်မှာတော့ ပြင်သစ်အသင်းကို ပရိသတ်အများစု ပြန်လည်စိတ်ဝင်စားလာခဲ့ကြသည်ကို တွေ့ရသည်။ အဖွင့်ပွဲစဉ်မှာ ဟွန်ဒူးရပ်စ်ကို ကစားသမားတစ်ဦးအသာ၊ ပင်နယ်တီဂိုးတစ်ဂိုးနှင့် ဂိုးပြတ်အနိုင်ရခဲ့သည့် ခြေစွမ်းကို သိပ်အသိအမှတ်မပြု၊ သတိမမူခဲ့ကြသော်လည်း ဂျာမန်နည်းပြ ဟစ်ဖဲလ်၏ ဆွစ်ဇာလန်အသင်းကို ထပ်မံဂိုးပြတ်နိုင်ပွဲ ရယူပြခဲ့သည့် နည်းပြ ဒက်စ်ချမ့်စ်၏

စာမျက်နှာ ၂ သို့ » »

ကွာတားရောက်ဖို့သေချာနေတဲ့ ပြင်သစ်

နေ့ရက်	-	၃၀-၆-၂၀၁၄
အချိန်	-	ည ၁၀း၃၀
ကစားမည့်ကွင်း	-	Naclonalde Brasilia

ဒီနှစ်ကမ္ဘာ့ဖလားမှာ ပြင်သစ်ရဲ့စွမ်းဆောင်နိုင်ရည်က အံ့အားသင့်စရာတော့ ကောင်းတယ်။ သူတို့ဟာ အုပ်စုတွင်း သုံးပွဲမှာ နှစ်ပွဲနိုင် တစ်ပွဲသရေ၊ ပွဲတိုင်းမနိုင်လို့ သူတို့ရဲ့ခြေစွမ်းအပေါ် နည်းနည်းသံသယရှိစရာဖြစ်ပေမယ့် သူတို့ သရေကျခဲ့တဲ့ အီကွေဒေါနဲ့ပွဲက အရေးမပါတဲ့ပွဲ။ အဲဒီပွဲရှုံးရင်တောင် အုပ်စုတွင်းမှာ အုပ်စုပထမဖြစ်နိုင်လောက်တဲ့ အခြေအနေ။ ဒီတော့ အဲဒီပွဲမှာ အီကွေဒေါကိုတောင် မနိုင်ဘူးဆိုပြီး သူတို့ရဲ့ခြေစွမ်းအပေါ် သံသယရှိလို့ မဖြစ်ဘူး။ အခါကက ရှေ့နှစ်ပွဲမှာ သူတို့ကစားသွားတဲ့ခြေရည်ခြေသွေး။ အဲဒီ နှစ်ပွဲမှာ သူတို့ရဲ့စွမ်းဆောင်မှုက နိုင်သင့်နိုင်ထိုက်တဲ့အသင်းတွေကို နိုင်တယ်ဆိုတာထက် ပိုကိုပိုတယ်။ ဟွန်ဒူးရပ်စ်ကို ၃-၀။ ပြီးတော့ ဆွစ်ဇာလန်ကို ၅-၂ တို့နဲ့နိုင်တယ်။ အရှင်းဆုံးပြောရရင် သူတို့ဟာ သူတို့အဆင့်နဲ့လိုက်ဖက်တဲ့ခြေစွမ်းကို ထုတ်ပြနိုင်တယ်။ အခါကကတော့ သူတို့ရဲ့ကွင်းလယ်စုဖွဲ့မှုနဲ့ တိုက်စစ်အား။ ဒီပြိုင်ပွဲမှာ ဘင်ဇီမာရဲ့ ခြေစွမ်းအကောင်းဆုံးဖြစ်နေတာကလည်း သူတို့တိုက်စစ်ကို အဆုံးသတ်ပိုင်းအားကောင်းစေတယ်။ ပေါ့ဂ်ဘာလို လူငယ်ကစားသမားလေး ကွင်းလယ်မှာ ခြေစွမ်းပြနိုင်ခြင်းကလည်း ပြင်သစ်ရဲ့တိုက်စစ်ဇုန်ကို ပံ့ပိုးမှုနဲ့ ပြိုင်ဘက်ကွင်းလယ်ကို စိုးမိုးနိုင်မှုတွေမှာ အားကောင်းစေတယ်။

တကယ်တော့ ဒီတစ်ကြိမ် ကမ္ဘာ့ဖလားမှာပြင်သစ်ကို ဒီလိုခြေစွမ်းပြနိုင်မယ်လို့ ဘယ်သူမှမထင်မှတ်ကြဘူး။ အထူးသဖြင့် သူတို့ဟာ ခြေစစ်ပွဲအဆင့်မှာ ရုန်းကန်ခဲ့ကြရတယ်။ အုပ်စုပထမနဲ့တောင် ခြေစစ်ပွဲမအောင်ခဲ့လို့ အဆုံးအဖြတ် ခြေစစ်ပွဲကစားရတယ်။ အဲဒီမှာလည်း ပထမအကျော့ပွဲအတွင်း သူတို့ဟာ ယူကရိန်းကို နှစ်ဂိုးပြတ်ရှုံးပြီးမှ ဒုတိယအကျော့မှာ သုံးဂိုးပြတ်နိုင်တယ်။ ဒီတော့ အဲဒါကိုအခြေခံပြီး အားလုံးက သူတို့အပေါ် သံသယရှိကြတယ်။ အထူးသဖြင့် အဲဒီခြေစစ်ပွဲမှာ အသင်းကို အကောင်းဆုံးခြေစွမ်းနဲ့ ကယ်တင်နိုင်ခဲ့တဲ့ ရီဘာရီက ဒဏ်ရာကြောင့်ပါမလာဘူး။ ဒါ့အပြင် သူတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၀ မှာ အုပ်စုအဆင့်က ထွက်ရတယ်။ ဒီတော့ ဒီတစ် ကြိမ်မှာလည်း အားလုံးက သူတို့ကို ပေါ့ပေါ့တန်တန်သဘောထားတယ်။ ဗိုလ်စွဲနိုင်တယ်ဆိုတဲ့စာရင်းထဲတောင် သိပ်မထည့်ချင်ကြဘူး။ ဒါပေမယ့် အဲဒီမှာ သူတို့နဲ့ ပတ်သက်ပြီး

စာမျက်နှာ ၃ သို့ » »

မူလာကို မယုံကြည်နိုင်လောက်အောင် ပုံစံကောင်းပြသနေတဲ့ ကစားသမားဟုဆိုသူ ဂျိုအားချင်လို

တိုက်စစ်မှူး သောမတ်မူလာ၏ ဂိုးသွင်းအားကို အားရကျေနပ်ပြီး အယ်လ်ဂျီးရီးယားအသင်းနှင့် ကစားမည့် ရှုံးထွက်ပွဲစဉ်တွင်လည်း အဆိုပါ ကစားသမားဂိုးဆက်လက်သွင်းယူရန် မျှော်လင့်ကြောင်း ဂျာမနီနည်းပြ ဂျိုအားချင်လိုက ပြောကြားသည်။ အဆိုပါ အသက် ၂၄ နှစ်ရှိ ရှေ့တန်းကစားသမားသည် ဘရာဇီးတိုက်စစ်မှူး နေမာ၊ အာဂျင်တီးနားဂိုးသွင်းစက် လီယွန်နယ်မက်ဆီတို့နှင့်အတူ လေးဂိုးသွင်းယူထားပြီး ရွှေဖိနပ်ဆုအတွက် အပြိုင် ဖြစ်နေသည်။

၂၀၁၀ ခုနှစ်က တောင်အာဖရိကနိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ထိပ်တန်းဂိုးသွင်းသူဆု ရရှိခဲ့သည့် မူလာအား ဂျာမနီအသင်းနှင့် ကစားမည့် ရှုံးထွက်ပွဲစဉ်တွင် အယ်လ်ဂျီးရီးယားနောက်တန်း ထိန်းချုပ်ရန် ရုန်းကန်ရလိမ့်မည်ဟု ယုံကြည်ကြောင်း အသက် ၅၄ နှစ်ရှိ ဂျာမန်နည်းပြက ဆိုသည်။

"ပြိုင်ပွဲမတိုင်မီက တိုးတက်မှုအခြေအနေကိုကြည့်ရင် သူဟာရုပ်ပိုင်းဆိုင်ရာရော စိတ်ဓာတ်ပိုင်းဆိုင်ရာပါ မယုံကြည်နိုင်လောက်အောင် ပုံစံကောင်းပြသနေသူပါ။ ပြိုင်ဘက်ကစားသမားတွေက သူ့ကို ထိန်းချုပ်ဖို့ ခက်ခဲပါတယ်။ အခုသူ့ရဲ့အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်" ဟု ဆက်လက်ပြောကြားသွားသည်။ ဂျာမနီနှင့် အယ်လ်ဂျီးရီးယားအသင်းတို့၏ ရှုံးထွက် ပွဲစဉ်ကို တနင်္လာနေ့တွင် ပေါ်တိုအလီဂရီမြို့၌ ကစားမည်ဖြစ်သည်။ [သုတ]

ကမ္ဘာ့ဖလားကို ပြင်သစ်အသင်း ရယူမည်ဟု ဆက်ဂညာ ပြောကြား

ပြင်သစ်အသင်းသားများ စိတ်ထဲတွင် ရည်ရွယ်ချက် တစ်ခုသာရှိပြီး ဖြစ်နိုင်သမျှ ကမ္ဘာ့ဖလားဆွတ်ခူးရန် ဆန္ဒပြင်းပြနေကြောင်း ပြင်သစ်ညာနောက်ခံလူ ဘာကာရီဆက်ဂညာက ပြောကြားသည်။ "ဖလားမရရင် ကျရှုံးမှုပဲဖြစ်မှာပါ။ အစက အုပ်စုအဆင့်က တက်ချင်ပါတယ်။ အခုတော့ တစ်ဆင့်ချင်းသွားနေပါတယ်။ ပွဲထွက်ကစားရမယ့် ကစားသမားက ၁၁ ယောက်ထဲပေမဲ့ ကစားသမား ၂၃ ယောက်စလုံး အရေးပါပါတယ်။ စိတ်ဓာတ်လှုံ့ဆော်ပေးနိုင်မှုကအရေးကြီးပါတယ်။ ဒီပြောင်းလဲစေနိုင်တဲ့စိတ်ဓာတ်အင်အားကို ဆက်လက်ထိန်းနိုင်ဖို့ ကြိုးစားရမှာပါ"ဟု ဆက်ဂညာကဆိုသည်။

ပြင်သစ်အသင်းနှင့် ရှုံးထွက်အဆင့်တွင် ဆုံတွေ့မည့် နိုင်ဂျီးရီးယားအသင်းနှင့် ပတ်သက်၍ မန်စီးတီးနောက်ခံလူက "နိုင်ဂျီးရီးယားအသင်းဟာ ဒီအချိန်မှာ အာဖရိကရဲ့ အကောင်းဆုံးအသင်းပါ။ အသင်းမှာ အလွန်ကောင်းတဲ့ ကစားသမားတွေရှိပါတယ်။ ကစားသမားအချို့က ဥရောပရဲ့ အထူးသဖြင့် အင်္ဂလန်မှာရှိတဲ့ ထိပ်တန်းအသင်းတွေမှာ ကစားနေကြတာပါ။ ဒါပေမဲ့ ကိုယ့်အသင်းပေါ်မှာပဲ အာရုံစုစည်းထားပါတယ်"ဟု ဆက်လက် ပြောကြားသွားသည်။

နိုင်ဂျီးရီးယားအသင်းသည် ၁၆ နှစ်ကြာပြီးနောက် ရှုံးထွက်အဆင့်သို့ ပထမဆုံးအကြိမ် ပြန်လည်တက်ရောက်နိုင်ခြင်းဖြစ်ကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်နိုင်သည့် စတုတ္ထမြောက် အာဖရိကအသင်းအဖြစ် မျှော်လင့်ထားကြသည်။ ပြင်သစ်နှင့် နိုင်ဂျီးရီးယားအသင်းတို့၏ရှုံးထွက်ပွဲစဉ်ကို ဇွန် ၃၀ ရက်နေ့တွင် ကစားမည်ဖြစ်သည်။ [သုတ]

ဘယ်လ်ဂျီယံအသင်း၏ လက်ကျန်ပွဲများ လွဲချော်တော့မည့် ဗန်ဒန်ဘော်ရီ

ဘယ်လ်ဂျီယံအသင်း ညာနောက်ခံလူ အန်ထော်နီဗန်ဒန်ဘော်ရီသည် ဒဏ်ရာကြောင့် အသင်း၏ကျန်ရှိသည့် ကမ္ဘာ့ဖလားပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း ဘယ်လ်ဂျီယံနည်းပြ မတ်ခ်ဝီမော့စ်ကတွစ်တာမှ တစ်ဆင့် ဝန်ခံပြောကြားလိုက်သည်။ တောင်ကိုရီးယားအသင်းအား တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရသည့်ပွဲတွင် ဗန်ဒန်ဘော်ရီအား ထမ်းစင်ဖြင့် ကွင်းပြင်သယ်သွားပြီး ယင်းဒဏ်ရာကြောင့် မည်သည့်အချိန်မှ ကစားနိုင်မည် မသိသေးကြောင်း ဝီမော့စ်က ပြောကြားသည်။ "ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အန်ထော်နီ ဆက်ကစားနိုင်စွမ်း မရှိတော့ပါဘူး။ ဒါပေမဲ့ အသင်းနဲ့အတူ ရှိနေမှာပါ" ဟု ဝီမော့စ်က ဆိုသည်။

၂၀၀၄ ခုနှစ် မှစတင်ကာ နိုင်ငံတကာပွဲ စတင်ကစားလာသူ အသက် ၂၆ နှစ်ရှိ ဗန်ဒန်ဘော်ရီသည် လက်ရွေးစင်အသင်းအတွက် ပွဲပေါင်း ၂၆ ပွဲ ကစားပေးခဲ့ပြီးဖြစ်သည်။ ဘယ်လ်ဂျီယံအသင်းမှာ အာဂျင်တီးနား၊ ကိုလံဘီယာ၊ နယ်သာလန်အသင်းတို့နှင့်အတူ အုပ်စုတွင်းပွဲစဉ်များတွင် ရာနှုန်းပြည့်နိုင်ပွဲရရှိခဲ့သည့် အသင်းဖြစ်ပြီး ဇူလိုင်လ ၁ ရက်နေ့တွင် ဆယ်လ်ဗာဒိုး၌ အမေရိကန်အသင်းနှင့် ရှုံးထွက်ပွဲ ကစားမည်ဖြစ်သည်။ [သုတ]

ဒက်စ်ချမ့်စ်၏ ပြင်သစ်အသင်း ဘာလဲ---ဘယ်လဲ

» » ရှေ့ဖုံးမှ

နည်းဗျူဟာ၊ လူထုတ်ပုံ၊ အခင်းအကျင်းနှင့် ပွဲထွက်ကစားသမားများ၏ အကောင်းဆုံးခြေစွမ်း (စွမ်းဆောင်ရည်)ကိုတော့ သတိပြုကာ စိတ်ဝင်စားလာခဲ့ကြသည်။ အုပ်စုဗိုလ်နေရာမှ ရှုံးထွက်အဆင့်တက် ရောက်နိုင်ခဲ့သည့်အချိန်မှာ ဒက်စ်ချမ့်စ်၏ အသင်းအပေါ် ဂရုပြုသတိထားစောင့်ကြည့်လာကြပြီဟု ပြောနိုင်သည်။ ၁၉၉၈ ကမ္ဘာ့ဖလားချန်ပီယံဆုရ အသင်းဝင်ကစားသမားဖြစ်ခဲ့သည့် ဒက်စ်ချမ့်စ်၏ နည်းစနစ်ပိုင်းကို လိုရစ်(ဂိုး)၊ ဆာခိုပ၊ ဗာရာနီ၊ မက်တူဒီ၊ ဘင်ဇီမာတို့ ဦးဆောင်သည့်ပွဲထွက်ကစားသမားအားလုံးနီးနီးက အံဝင်ခွင်ကျ အကောင်းဆုံးပုံစံရအောင် ခြေစွမ်းပြကစားနိုင်ခဲ့ကြသဖြင့် ဘောလုံးအသိုင်းအဝိုင်းမှာ ဒက်စ်ချမ့်စ်၏ ပြင်သစ်အသင်း ဘာလဲ. . ဘယ်လဲ ဆိုသည့် မေးခွန်းများပင်ပေါ်ထွက်လာသည်ကို ကြားသိနေရသည်။

၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်မှာ ပြင်သစ်သည် အာဖရိကကိုယ်စားပြု နိုင်ဂျီးရီးယားအသင်းနှင့် ရင်ဆိုင်ကစား ရမည်ဖြစ်သဖြင့် ကွာတားဖိုင်နယ်ပွဲစဉ်ကို တက်ရောက်သွားနိုင်ရန် ရာနှုန်းများသည်ဟု ခန့်မှန်းသုံးသပ်နေကြသည်။ ဒက်စ်ချမ့်စ်၏ ပြင်သစ်အသင်း ဘာလဲ. . ဘယ်လဲ ဆိုသည့်မေးခွန်းကို နိုင်ဂျီးရီးယားနှင့်ပွဲက ပထမဆုံးအဖြေတစ်ခု ထုတ်ပေးတော့မည်ဖြစ်သည်။ ပြင်သစ်အသင်းအမြင့်ဆုံး ဘယ်အဆင့်အထိရောက်ရှိနိုင်မှာလဲ--- ၁၆ သင်းရှုံးထွက်အဆင့်လား ---- ၁၆ သင်းရှုံးထွက်အဆင့်ထက် ကျော်လွန်သည့်ပွဲစဉ်များအထိဖြစ်မလား ဆိုသည်ကို စိတ်ဝင်တစား စောင့်ကြည့်ရမည်သာ ဖြစ်ပါသည်။ [ဝင်းထွန်းဦး]

ဘော့စနီးယားနည်းပြ ရာထူးမှ နုတ်ထွက်မည်ဟု ဆူဆစ် ကြေညာ



ဘော့စနီးယားအသင်းနည်းပြ ဆူဆစ်သည် အသင်းနည်းပြအဖြစ်မှ နုတ်ထွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ဘော့စနီးယားအသင်းသည် ကမ္ဘာ့ ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ် ပါဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သော်လည်း အုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။

ဘော့စနီးယားအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်တွင် အီရန်အသင်း ကို ၃-၁ ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲပြီးနောက် ဘော့စနီးယားနည်းပြဆူဆစ်က "ဒီပွဲက ဘော့စနီးယားနည်းပြအဖြစ်နဲ့ ကမ္ဘာ့ဖလားနောက်ဆုံးပွဲပါ။ ကျွန်တော်အသင်းမှာ ဆက်လက်မရှိတော့ပါဘူး။ တစ်ခါတစ်ရံမှာ တာဝန်တွေ၊ ဖိအားတွေမရှိတာက ကောင်းမွန်တဲ့ခံစားမှုတစ်ခုပါ။ ကျွန်တော်ရဲ့ကံတရားကိုကျွန်တော်ကိုယ်တိုင် ဆုံးဖြတ်နိုင်ပါတယ်။ ဒါကကျွန် တော့်ရဲ့အဖြေပါ"ဟု ပြောသွားသည်။

ဘော့စနီးယားအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် ၂၀၁၆ ခုနှစ် ယူရိုပြိုင်ပွဲခြေစစ်ပွဲအဖြစ် လာမည့် စက်တင်ဘာလ ၉ ရက်တွင် ဆိုက်ပရက်စ်အသင်းနှင့် ကစားသွားရ မည်ဖြစ်သည်။ [သစ်လွင်]

ဂျာမနီကိုယှဉ်နိုင်တဲ့အား အယ်လ်ဂျီးရီးယားမှာမရှိ

» » ကျောဖုံးမှ

တောင့်တင်းမှုကြောင့်လို့ ပြောကြတဲ့အပေါ် စောဒကမတက်လိုဘူး။ တခြားမကြည့်နဲ့ သူတို့ရဲ့လက်ဆင့်ကမ်းလာနိုင်မှုကို ကြည့်၊ ဘားလက်တို့ခေတ်ကို စတိုင်ဂါ၊ လမ်းတို့က ဆက်ခံခဲ့တယ်။ စတိုင်ဂါ၊ လမ်းတို့မအိုသေး၊ မကျသေးတဲ့ အချိန်မှာတင် အိုဇေးလ်၊ ခီဒီယာ၊ ဘိုတန်တို့က လက်ရွေးစင်အသင်းထဲသို့ ဝင်လာနိုင်တယ်။ အခု အဲဒီကစား သမားတွေတောင် (၂၈) နှစ်မပြည့်သေးဘူး။ ဂေါ့တ်ဇီ၊ ဒရက်စ်လာတို့က လက်ရွေးစင်အသင်းထဲရောက်လာတယ်ဆိုတော့ သေချာတယ် သူတို့ရဲ့ ကစားသမားဘဝဖွံ့ဖြိုးမှုအားက သိပ်ကောင်းတယ်။

အထူးသဖြင့် ဂျာမနီရဲ့ ၂၃ ဦးစာရင်းမှာ ပါခွင့်ရတဲ့သူတွေကို ကြည့်ရင် အများစုက ပြိုင်ပွဲကြီးနှစ်ရပ်လောက် အတွေ့အကြုံရှိသူတွေဖြစ်တယ်။ အိုဇေးလ်၊ မူလာ၊ ဘိုတန်၊ နူအာ၊ ခီဒီယာတို့ဆိုရင် ၂၀၁၀ ကတည်းက ဂျာမနီအတွက် အရွေးခံခဲ့ရတာ။ ပြီးတော့ အဲဒီကတည်းက သူတို့ဟာ အရန်အင်အားစုမဟုတ်ဘူး။ တတိယလုပွဲအပါအဝင် အဲဒီပြိုင်ပွဲ မှာ ဂျာမနီက ခုနစ်ပွဲကစားရတော့ အိုဇေးလ်၊ ခီဒီယာ၊ နူအာတို့က ပွဲတိုင်း ပွဲထွက်ကစားခွင့်ရတယ်။ မူလာဆိုရင် ဆီမီးတစ်ပွဲသာလွဲပြီး ခြောက်ပွဲကစားရတယ်။ ဘိုတန်ဆိုရင်လည်း ငါးပွဲအထိ ကစားရတယ်ဆိုတော့ သူတို့ရဲ့ အတွေ့အကြုံကအစ ဘောင်ဝင်တယ်ဆိုတာထက် တောင်ပိုသေးတယ်။ ပြီးတော့ ဒီကစားသမားတွေဟာ ယူရို ၂၀၁၂ တုန်းကလည်း အဓိကကစားသမားတွေအဖြစ် ကစားခွင့်ရပြီးသားသူတွေ။ ဒါကိုမှ ကမ္ဘာ့ဖလားသုံးကြိမ်ကစားခဲ့ဖူးတဲ့ ကလိုဆေး၊ ကမ္ဘာ့ဖလားနှစ်ကြိမ်ကစားခဲ့ဖူးတဲ့ စတိုင်ဂါ၊ လမ်း၊ ပိုဒေါ်စကီး၊ မာတီဆက်ကာတို့နဲ့ရန်ခဲ့တာ။ အရှင်းဆုံးပြောရရင် ဂျာမနီရဲ့ ၂၃ ဦးစာရင်းမှာ နိုင်ငံတကာပြိုင်ပွဲကြီး အတွေ့အကြုံ လုံးဝမရှိတဲ့သူဆိုလို့ အရန်ဂိုးသမားနှစ်ဦးအပါအဝင် ခြောက်ဦးပဲရှိတယ်။ ဟိုဝီဒက်စ်၊ ဟန်မဲလ်၊ ရှာလီ၊ ဂေါ့တ်ဇီတို့က ယူရို ၂၀၁၂ မှာ ဂျာမနီအတွက် ပွဲထွက်ပြီးသားသူတွေ။

ဒီတော့ အရှင်းဆုံးပြောရရင် ဂျာမနီဟာ ကစားသမားဖွံ့ဖြိုးမှု အားကောင်းလွန်းတယ်။ အသင်းစုဖွဲ့မှုပျက်သွားလောက်တဲ့အထိ မျိုးဆက်ပြတ်မှုမရှိဘူး။ ဘားလက် တို့ခေတ်ကနေ အခုဂေါ့တ်ဇီတို့အထိ အတွေ့အကြုံကိုပါ လက်ဆင့်ကမ်းနိုင်တယ်။ ထပ်ပြောရရင် ၂၀၁၀ တုန်းက အသက် ၂၀ စွန်းစွန်းသာရှိသေးတဲ့ အိုဇေးလ်၊ ဘိုတန်၊ မူလာတို့ဟာ အင်္ဂလန်၊ အာဂျင်တီးနားတို့ကိုတောင် ဂိုးပြတ်နိုင်တဲ့အထိ ခြေကောင်းခဲ့တဲ့ အပြင် အခု အတွေ့အကြုံကလည်း ပြိုင်ပွဲကြီးနှစ်ရပ်ကို ဖြတ်သန်းပြီးသား။ အတွေ့အကြုံ ခြေစွမ်းကလည်း အတက်ဘက်ရောက်လာတဲ့အပြင် သူတို့ကို ဝန်းရံထားတဲ့ ကလိုဆေး၊ လမ်း၊ စတိုင်ဂါ၊ ပိုဒေါစကီးတို့ကလည်းရှိနေတဲ့အခါ သူတို့ကို အားလုံးက အမြင့်ဆုံးမျှော်လင့်ကြတယ်။ ချန်ပီယံဖြစ်သင့်ပြီလို့ ဆိုတယ်။

အထူးသဖြင့် သူတို့ဟာ အုပ်စုတွင်းပွဲတွေမှာလည်း လုံးဝခြေမချော်ဘူး။ ပေါ်တူဂီကို ဂိုးပြတ်နိုင်တယ်၊ အမေရိကန်ကို အေးအေးဆေးဆေးအနိုင်ယူတယ်။ မထင်မှတ်ဘဲ ခက်ခဲခဲ့တဲ့ ဂါနာနဲ့ပွဲမှာတောင်သူတို့ဟာ တည်တည်ငြိမ်ငြိမ်နဲ့ သရေကစားနိုင်တယ်။ အဲဒီအတွက် သူတို့ဟာ အုပ်စုပထမရပြီး ရှုံး/ထွက်အဆင့်မှာတွေ့ရမယ့်အသင်းက အယ်လ်ဂျီးရီးယားဖြစ်လာတဲ့အခါ သူတို့အပေါ် မျှော်လင့်စိတ်ပိုပြင်းထန်ကုန်တယ်။ အရှင်းဆုံးပြောရရင် အယ်လ်ဂျီးရီးယားဟာ ဒီ ၂၀၁၄ မှာ မထင်မှတ်တာတွေ လုပ်ပြနိုင်ခဲ့တာမှန်တယ်။ တောင်ကိုရီးယား၊ ရုရှား၊ ဘယ်လ်ဂျီယံတို့နဲ့အတူ ကစားခဲ့ရပေမယ့် သူတို့ဟာ ရှုံး/ထွက်အဆင့်ကို မရောက်ရောက်အောင်လှမ်းလာနိုင်တယ်။ အထူးသဖြင့် သူတို့ဟာ အသင်းလိုက်ကစားပုံသိပ်ကောင်းတယ်။ စိတ်ဓာတ်ပိုင်းလည်း ဖိအားမရှိဘူး။ ဒါပေမယ့် သူတို့မှာ အတွေ့အကြုံနုတယ်။ သူတို့ကစားသမားတွေမှာ တစ်ဦးချင်းစွမ်းရည်ပိုင်းအားနည်းတယ်။ ဒါဟာ ပွဲကြီးပွဲကျပ်တွေ၊ အဆုံးအဖြတ်ပွဲမျိုးတွေမှာ သိပ်စကားပြောတယ်။ အရှင်းဆုံးပြောရရင် ၁၆ သင်းအဆင့်ဆိုတာ ရှုံး/ထွက်။ ရှုံး/ထွက်ဆိုတာ တစ်ချက်အမှားမခံဘူး။ အဲဒီလိုပွဲမျိုးတွေမှာ ပွဲကို အဆုံးအဖြတ် ပေးနိုင်တဲ့ကစားသမားပါဝင်မှု၊ ကစားသမားတွေရဲ့ရင့်ကျက်မှုနဲ့ ပွဲကိုထိန်းကျောင်း နိုင်မှုတွေက သိပ်ပြီးအရေးပါတယ်။ အယ်လ်ဂျီးရီးယားဟာ ဂျာမနီထက် အစစအရာရာအားနည်းတယ်။ တစ်ဦးချင်း ခြေစွမ်း၊ အတွေ့အကြုံအစုအဖွဲ့ အားလုံးမှာ ဂျာမနီကိုမီတဲ့ နေရာမရှိဘူး။ မတွေ့ဘူး။

ဒီတော့ ဂျာမနီ ဒီပြိုင်ပွဲမှာ ဗိုလ်စွဲ၊ မစွဲကို အသာထားသူတို့ရဲ့အစုအဖွဲ့၊ သူတို့ရဲ့ အတွေ့အကြုံတွေအရ ရှုံး/ထွက်မှာ အယ်လ်ဂျီးရီးယားနဲ့သာ ဆုံရမှုက သူတို့ကို ကွာတားအထိ လမ်းဖွင့်ပေးလိုက်တာနဲ့တူတယ်။ သေချာတယ်။ ဒီပွဲမှာ ဂျာမနီ နှစ်ဂိုးအသာလောက်နဲ့နိုင်မယ်။ [ရှိုင်းမင်းမင်း]

ဘယ်လ်ဂျီယံနှင့် အမေရိကန်ဘောလုံးပွဲတွင် ဘီယာကြေးလောင်းရန် ဘယ်လ်ဂျီယံဝန်ကြီးချုပ်က အိုဘားမားကို စိန်ခေါ်

ဘယ်လ်ဂျီယံဝန်ကြီးချုပ် အီလီယိုဒီရူပိုက ဘယ်လ်ဂျီယံအသင်းနှင့် အမေရိကန်အသင်းတို့ ကမ္ဘာ့ဖလား ၁၆သင်း ရှုံးထွက်အဆင့်တွင် ထိပ်တိုက်တွေ့ဆုံနေမှုနှင့် ပတ်သက်၍ ဘယ်လ်ဂျီယံ၏ အကောင်းစားဘီယာများဖြင့် လောင်းကြေးထပ်ကာ အမေရိကန် သမ္မတဘာရက်အိုဘားမားကို စိန်ခေါ်ခဲ့သည်။ ဘယ်လ်ဂျီယံအသင်းသည် ဇွန် ၂၆ က အုပ်စု(H)၏ အုပ်စုတွင်း နောက်ဆုံးပွဲစဉ်တွင် တောင်ကိုရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အုပ်စုပထမဖြင့်နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သလို နည်းပြကလင်းစမန်း၏ အမေရိကန်အသင်းသည် ဂျာမနီအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း ပေါ်တူဂီအသင်းနှင့် အမှတ်တူ ဂိုးကွာခြားချက်ကြောင့် အုပ်စု (G)တွင် ဒုတိယနေရာမှ ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အိုဘားမားအနေဖြင့် ၎င်း၏ ထိပ်တန်းအကြံပေးများကြောင့် အဆိုပါ အလောင်းအစားကို လက်ရှောင်သွားဖွယ်ရှိကြောင်း အဘယ်ကြောင့်ဆိုသော် လက်ရှိအနေအထားတွင် လောင်းကစားဒိုင်များက ဘယ်လ်ဂျီယံအသင်းကို ပိုမိုအကြိုက်တွေ့နေသောကြောင့်ဖြစ်ကြောင်းသတင်းတွင် ဖော်ပြထားသည်။ ဘယ်လ်ဂျီယံဘီယာအတော်များများသည် အယ်လ်ကိုဟောပါဝင်မှု အလွန်မြင့်မားခြင်းနှင့်ပတ်သက်၍လည်း အိုဘားမားအနေဖြင့် သတိပေးခံရနိုင်ကြောင်း ဖော်ပြထားသကဲ့သို့ ဘယ်လ်ဂျီယံဝန်ကြီးချုပ် အီလီယိုဒီရူပို၏ လောင်းကြေးတွင်လည်း မည်သည့်ဘီယာအမျိုးအစားဟု တိတိကျကျဖော်ပြထားခြင်း မရှိပေ။ [မောင်သာယာ]

မက်ဆီအား အံ့ဩဖွယ်ထူးခြားတဲ့ ကစားသမားဟု ဂိုးသမားရိုမီယို ညွှန်းဆို

အသင်းခေါင်းဆောင် လီယွန်နယ်မက်ဆီ မည်မျှ ထူးချွန်ကြောင်း ပြောပြရန် စကားလုံးရှာမရကြောင်း အာဂျင်တီးနားဂိုးသမား ရိုမီယိုက ပြောကြားလိုက်သည်။ ဘာစီလိုနာကြယ်ပွင့်သည် ရှုံးထွက်ပွဲစဉ် ဆွစ်ဇာလန်အသင်းနှင့် မကစားရသေးချိန်ထိ လေးဂိုးသွင်းယူထားပြီး ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မာရာဒိုနာ သွင်းယူထားသည့် ဂိုးထက်တစ်ဂိုးသာနည်းပြီး အာဂျင်တီးနားသင်းအတွက် ၅၆ ဂိုးသွင်းယူကာ ဂိုးအများဆုံးသွင်းသူအဖြစ် စံချိန်တင်ထားသည့် တိုက်စစ်မှူး ဘာတစ္စတူတာ၏ ၅၆ ဂိုးကိုမှီရန် ၁၄ ဂိုးသာ လိုတော့သည်။

အုပ်စုတွင်းပွဲစဉ်များတွင် ဘော့စနီးယားနှင့် အီရန်အသင်းတို့ဘက်သို့ အာဂျင်တီးနားအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သလို ရှုံးထွက်ပွဲတွင်လည်း ဂိုးသွင်းယူရန် မျှော်လင့်ကြောင်း ရိုမီယိုက ဆိုသည်။ "သူဟာမတူညီမှုတွေ အမြဲပြုလုပ်ပြသူပါ။ သူလိုကစားသမား ကျွန်တော်တို့ပိုင်ဆိုင်တာ ကံကောင်းပါတယ်။ သူဟာ အားလုံးကို ပျော်ရွှင်စေတဲ့သူဖြစ်ပြီး အသင်းကိုလည်း ဒီနည်းနဲ့ ကူညီလေ့ရှိသူပါ" ဟု ဆက်လက်ပြောကြားသည်။

မက်ဆီသည် အာဂျင်တီးနားအသင်း ရရှိခဲ့သည့် ခြောက်ဂိုးတွင် လေးဂိုး သွင်းယူခဲ့ပြီး ရိုမီယို၏စကားကို နောက်ခံလူ ဖာနန်ဒက်ဇ်ကလည်း ထောက်ခံခဲ့သည်။ မက်ဆီသည် ထူးခြားသည့် ကြယ်ပွင့်ကစားသမား တစ်ယောက် ဖြစ်ကြောင်း အဆိုပါ နာပိုလီဗဟို နောက်ခံလူက ဆိုသည်။ [သုတ]

ဘင်ဇီမာ၏ စွမ်းရည်မှာ ပြင်သစ်အသင်းအတွက် အရေးပါ

ပြင်သစ်အသင်းနည်းပြ ဒမ့်စ်ချမ့်က ကမ္ဘာ့ဖလားတွင် တိုက်စစ်မှူး ဘင်ဇီမာ၏ စွမ်းဆောင်ထားမှုများအပေါ် ချီးကျူးစကားဆိုလိုက်သည်။

ဘင်ဇီမာသည် အုပ်စုပွဲများပြီးဆုံးချိန်တွင် အသင်းအတွက် သုံးဂိုးအထိ သွင်းယူပေးထားနိုင်သည်။ ထို့အပြင် နည်းပြဒမ်းစ်ချမ့်ကလည်း နိုင်ဂျီးရီးယားနှင့် ကစားရမည့် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင်လည်း ဘင်ဇီမာ၏ စွမ်းဆောင်ရည်များမှာ အသင်းအတွက် အဓိကအရေးပါသည့် အနေအထားတွင် ရှိနေကြောင်း ပြောသွားသည်။

ဒမ့်စ်ချမ့်က "ဘင်ဇီမာရဲ့ လှုပ်ရှားမှုတွေဟာ ပြိုင်ဘက်နောက်တန်းတွေကို အခက်တွေ့စေပါတယ်။ သူ့ရဲ့ အံ့မခန်းစွမ်းဆောင်ရည်တွေဟာ အသင်းကို နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ နည်းလမ်းတစ်ခုပါ။ ကျွန်တော်တို့ဟာ သူ့ရဲ့ ဒီလိုစွမ်းဆောင်ရည်တွေကို အမြဲ တမ်းမြင်တွေ့နေရပါတယ်"ဟု ပြော သွားသည်။

ပြင်သစ်အသင်းသည် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် နိုင်ဂျီးရီးယားအသင်းနှင့် ဇွန်လ ၃၀ ရက်တွင် ကစားသွားမည်ဖြစ်သည်။ [သစ်လွင်]

ကွာတားရောက်ဖို့သေချာနေတဲ့ ပြင်သစ်

» » ရှေ့ဖုံးမှ

အစဉ်အလာတစ်ခုကို အားလုံးကမေ့ထားကြတယ်။

အဲဒါက ပြောရရင် သူတို့ရဲ့မခံချင်စိတ်ပဲ။ အဓိကကတော့ သူတို့ဟာ တစ်ကြိမ်မှာ အုပ်စုအဆင့်ကနေထွက်ရပြီ ဆိုရင် နောက်တစ်ကြိမ်မှာမထင်မှတ်တဲ့ကြားကနေ မထင်မှတ်တဲ့ အောင်မြင်မှုကိုရယူတတ်မှုပဲ။ ပြောရရင် ဒါက အကြိမ်တိုင်းမှာဖြစ်ခဲ့တာမဟုတ်ပေမယ့် အကြိမ်အများစုဖြစ်ခဲ့ဖူးတယ်။ အထူးသဖြင့် ၂၀၀၂ မှာ သူတို့ဟာ အုပ်စုအဆင့် ကနေထွက်ရတယ်။ ဒါပေမယ့် ၂၀၀၆ မှာတော့ ဗိုလ်လုပွဲအထိရောက်လာပြီး ဒုတိယရတယ်။ ၁၉၉၄ မှာ ခြေစစ်ပွဲ မအောင်ပေမယ့် ၁၉၉၈ မှာ ချန်ပီယံဖြစ်တယ်။ ၁၉၇၈ မှာ အုပ်စုအဆင့်ကထွက်ရပေမယ့် ၁၉၈၂ မှာ စတုတ္ထရတယ်။ ၁၉၅၄ မှာ အုပ်စုအဆင့်ကထွက်ရပေမယ့် ၁၉၅၈ မှာ တတိယရတယ်ဆိုတော့ သေချာတယ်။ ပြင်သစ်မှာ သိက္ခာဆယ်လိုစိတ်ဟာ အရင်ကတည်းက ခပ်ပြင်းပြင်းရှိခဲ့တာလို့ ဆိုနိုင်တယ်။ အထူးသဖြင့် ပေါ့ဂ်ဘာ၊ ဗာရာနီတို့လို အတွေ့အကြုံနုနယ်သူတွေတောင် ပြိုင်ပွဲကိုမရှိန်ဘဲအကောင်းဆုံးခြေစွမ်းကိုထုတ်ပြနေတဲ့အခါ ပြင်သစ်ရဲ့ ကစားအားဟာ အကောင်းဆုံးဖြစ်လာရတယ်။

အထူးသဖြင့် ပြင်သစ်ဟာ ဒီပြိုင်ပွဲမှာ ရှေ့၊လယ်၊နောက်အကောင်းဆုံးအခြေအနေမှာရှိတယ်။ ဗာရာနီ၊ ဆာခိုတို့ ရဲ့ ခံစစ်က ဆွစ်ဇာလန်နဲ့တစ်ပွဲတည်းသာ ဂိုးပေးခဲ့ရပြီး ကျန်နှစ်ပွဲစလုံး ဂိုးမပေးရဘူး။ ကာဘာရီ၊ ဆစ်ဆိုကို၊ ပေါ့ဂ်ဘာ၊ မတ်တူဒီ၊ ဗယ်ဘူနာတို့ရဲ့ ကွင်းလယ်ကလည်း ထိုးစစ်ကိုရော ခံစစ်ကိုပါ အကောင်းဆုံးကူညီနိုင်တယ်။ ဘင်ဇီ မာ၊ ဂီရောက်ဒ်တို့လို တိုက်စစ်မှူးတွေကလည်း ဂိုးသွင်းခြေတွေရနေကြတယ်။ ပြီးတော့ အသင်းလိုက်ကစားအားက လည်းကောင်းတယ်။ ဒီတော့ ဒါကို နိုင်ဂျီးရီးယားယှဉ်နိုင်ပါ့မလား။ အရှင်းဆုံးပြောရရင် နိုင်ဂျီးရီးယားဟာ အရင်လို မတောင့်တင်းဘူး။ ထပ်ပြောရရင် သူတို့ဟာ အီရန်ကိုတောင်မနိုင်ဘူး။ ဘော့စနီးယားကို နိုင်လို့သာ ဒီအဆင့်ကိုရောက် လာတာ။ အဲဒီပွဲကလည်း ဇက်ကိုသွင်းတဲ့ဂိုးကို ဂိုးပါလျက် ဒိုင်ကဂိုးမပေးလို့သာ နိုင်ဂျီးရီးယားနိုင်ခဲ့တာ။

အရှင်းဆုံးပြောရရင် သူတို့ကိုယှဉ်နိုင်တဲ့အား နိုင်ဂျီးရီးယားမှာမရှိဘူး။ တစ်ဦးချင်းပဲဖြစ်ဖြစ်၊ အသင်းလိုက်အားပဲ ဖြစ်ဖြစ်၊ အတွေ့အကြုံပဲဖြစ်ဖြစ် အစစအရာရာမှာ နိုင်ဂျီးရီးယားက နိမ့်နေတဲ့အခါ သေချာတယ်။ ဒီတစ်ကြိမ်မှာလည်း ပြီးခဲ့တဲ့အကြိမ်တုန်းက အုပ်စုကထွက်ရတဲ့ သူတို့ဟာ အနိမ့်ဆုံးကွာတားလောက်တော့ ပြန်တက်ပြလိမ့်မယ်။ [မင်းမင်း]

ဂျာမနီကိုယှဉ်နိုင်တဲ့အား အယ်လ်ဂျီးရီးယားမှာမရှိ

ဂျာမနီ။ တစ်နည်းပြောရရင် ကမ္ဘာ့ချန်ပီယံဖြစ်သင့်ဖြစ်ထိုက်တဲ့အချိန်ကို ရောက်ပြီလို့ တွက်ဆခံရတဲ့အသင်း။ အထူးသဖြင့် သူတို့ဟာ ၂၀၀၂ ကစလို့ အစဉ်အဆက် ထိပ်ဆုံးလေးသင်း စာရင်းဝင်တယ်။ ၂၀၀၂ မှာ ဒုတိယ၊ ၂၀၀၆ နဲ့ ၂၀၁၀ မှာ တတိယ။ ဒီကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ နောက်ဆုံးသုံးကြိမ်ဆက် အနိမ့်ဆုံး ဆီမီးအဆင့်အထိ ရောက်ခဲ့တဲ့သဘော။ ဒီတော့ သူတို့ရဲ့ ဒီတစ်ကြိမ်လားရာကို အားလုံးက စိတ်ဝင်စားကြတယ်။ သူတို့ရဲ့ ဒီတစ်ကြိမ်မှာ ရောက်ရှိနိုင်တဲ့အဆင့်ကို ကြိုတွေးကြိုတွက်ရင်းရင်ခုန်ကြတယ်။

အထူးသဖြင့် ကမ္ဘာ့ဖလားလိုပြိုင်ပွဲမျိုးမှာ ဒီလိုတည်ငြိမ်တဲ့ ရပ်တည်မှုမျိုးရဖို့ဆိုတာ မလွယ်ဘူး။ ကမ္ဘာ့ဖလားဆိုတာ တစ်နှစ်မှာ တစ်ကြိမ် ကျင်းပတဲ့ပြိုင်ပွဲမျိုး မဟုတ်ဘူး။ လေးနှစ်တစ်ကြိမ်ကျင်းပတဲ့ပြိုင်ပွဲ။ လေးနှစ်ဆိုတဲ့ အတိုင်းအတာဟာ ဘောလုံးသမားတစ်ယောက်ရဲ့ အသက်အရွယ်၊ ခြေရည်ခြေသွေးတွေကို တည်တည်ငြိမ်ငြိမ် ထိန်းထားနိုင်ဖို့ မလွယ်တဲ့ကာလ။ ဒီတစ်ကြိမ်မှာ ဒီအစုအဖွဲ့နဲ့ အောင်မြင်ပေမယ့် နောက်တစ်ကြိမ်မှာ ဒီအစုအဖွဲ့ အောင်မြင်မယ်လို့ ဘယ်လိုမှ မပြောနိုင်တဲ့ကာလ။ အသက်ကြောင့် သုံးမရတော့မှုတွေရှိမယ်။ ခြေစွမ်း အနိမ့်အမြင့် အတက်အကျတွေရှိနိုင်တယ်။ ဒဏ်ရာ၊ ကြံ့ခိုင်မှုတွေရဲ့ ထိုးနှက်မှုတွေရှိမယ်ဆိုတော့ အဲဒီလိုကြားကမှ ၁၂ နှစ်တာကာလအတွင်း အသင်းရပ်တည်မှု ပြောင်းမသွားအောင် စွမ်းရည်ပြည့်ဝခဲ့တဲ့ ဂျာမနီကို ဘယ်လိုမြင်မလဲ။ ဘယ်လိုတွက်မလဲ။

အဓိကအားဖြင့် အများစုကတော့ သူတို့ရဲ့ ကစားသမားအရင်းအမြစ် ဖွံ့ဖြိုးမှုအားကို လက်ညှိုးထိုးကြတယ်။ အထူးသဖြင့် လက်ရွေးစင်အသင်းတစ်သင်းဟာ ကလပ်အသင်းတစ်သင်းနဲ့ မတူဘူး။ လိုအပ်တာကို ငွေရှိရင် ဝယ်ဖြည့်နိုင်ပါတယ်ဆိုတဲ့ ကလပ်အသင်းတစ်သင်းတောင် ဒေသတစ်ခုမှာ ၁၀ စုနှစ်တစ်ခုကျော် တည်ငြိမ်မှုရဖို့မလွယ်တဲ့အခါ လိုအပ်မှုကို ငွေနဲ့ဝယ်လို့မရတဲ့ လက်ရွေးစင်အသင်းတစ်သင်းအနေနဲ့ ၁၀ စုနှစ်တစ်ခုကြာ ထိပ်ဆုံးလေးသင်း စာရင်းဝင်နေမှုဟာ သူတို့ရဲ့ ကစားသမားအရင်းအမြစ် ဖွံ့ဖြိုးမှုအပိုင်းရဲ့

စာမျက်နှာ ၂သို့ » »

ရွှေဖိနပ်ဆုထက် ကမ္ဘာ့ဖလားရရေးက အရေးပါသည်ဟု မူလာဖွင့်ဟ

ဂျာမနီအသင်း တိုက်စစ်ကစားသမား သောမတ်မူလာက ဂိုးသွင်းအများဆုံး ကစားသမားဖြစ်ရေးထက် ကမ္ဘာ့ဖလားရရှိရေးကိုသာ ဦးစားပေးကြိုးစားသွားမည်ဖြစ်ကြောင်း ပြောဆိုသွားသည်။

ဂျာမနီအသင်းသည် ၁၆ သင်းအဆင့်တွင် အာဖရိကတိုက် ကိုယ်စားပြုပါဝင်လာသည့် အယ်လ်ဂျီးရီးယားအသင်းနှင့် ကစားရမည်ဖြစ်ပြီး အဆိုပါပွဲကို အနိုင်ရရှိခဲ့သည့်အသင်းမှာ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ် သို့မဟုတ် နိုင်ဂျီးရီးယားအသင်းနှင့် ကစားသွားရမည်ဖြစ်သည်။

မူလာက "ကျွန်တော်တို့မှာ အစီအစဉ်ကောင်းတွေ ရှိနေပါတယ်။ အသင်းရဲ့ စုစည်းမှု၊ ကံကောင်းမှုတွေနဲ့အတူ အခုထက် ပိုမိုမြင့်မားတဲ့အဆင့်တွေကို တက်ရောက်နိုင်မှာပါ"ဟု ပြောသွားသည်။

တောင်အာဖရိကနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလားတွင် ဂိုးသွင်းအများဆုံး ကစားသမားဆု ရရှိခဲ့သည့် သောမတ်မူလာသည် လက်ရှိအချိန်တွင် ဂျာမနီအသင်းနှင့်အတူ ကမ္ဘာ့ဖလားပွဲ ကိုးပွဲကစားပြီးချိန်တွင် ကိုးဂိုးအထိ သွင်းယူပေးထားသူဖြစ်သည်။

[သစ်လွင်]

AYA Bank
Your Trusted Partner

(၃၃) ခုဘဏ်မြောက်ဖြစ်သော
သံတွဲဘဏ်ခွဲ

(၃၀ . ၆ . ၂၀၁၄)ရက်နေ့တွင်
အောင်မြင်စွာဖွင့်လှစ်ပြီးဖြစ်ကြောင်း...

သံတွဲဘဏ်ခွဲ

Marketing
F/M (10) posts
လစာ (တစ်သိန်း) နှင့်အထက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၁၄၃၄၄~၉

ဝန်ထမ်းအလိုရှိသည်

In house HR ဌာန

၁။ Executive Officer (or) Deputy Executive Officer — M/F ၁ဦး
- တက္ကသိုလ်မှ ဘွဲ့တစ်ခုအပြင် Diploma in HR ရရှိရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၃ နှစ် /၅ နှစ်ရှိရမည်။
- လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာနှင့် ဝန်ထမ်းရေးရာ စည်းမျဉ်း စည်းကမ်းများ၊ မူဝါဒများ ကျွမ်းကျင်စွာ ရေးဆွဲအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရမည်။

